www.burmeseclassic.com

# လေယာဉ်ပြန်လေးနှင့် အစ္စရေးဓားစာခံ



မောင်မောင်ညွန့်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ထုတ်ဝေသည့်လ | ၁၉၇၇ခုနှစ်ဇန်နဝါရီလ |
| အကြိမ် | ပထမနှိပ်ခြင်း |
| အုပ်ရေ | ၂၀၀၀ |
| ပန်းချီ | ပန်းချီညွှန့်ဝေ |
| အဖုံးရိုက် ( အော့ဖ်ဆက် ) | အောင်သင်းပုံနှိပ်တိုက် |
| အတွင်းဘလောက်များ | ဇမ္ဗူအေးဘလောက်တိုက် |
| | ၁၉လမ်း၊ရန်ကုန်မြို့ |
| တန်ဘိုး | တစ်ဆယ့်နှစ်ကျပ် |


ထုတ်ဝေသူ

မိုးကေခိုင် [ ၀၁၆၉၂မြ]

ချိုတေးသံစာပေတိုက်၊၁၀၆၊ကန္နားလမ်း၊

ကြည့်မြင်တိုင်၊ရန်ကုန်မြို့

ပုံနှိပ်သူ

ဒေါ်မြဘီ ( ၀၁၆၉၁မြ ) မိုးပုံနှိပ်တိုက်၊

အမှတ်၁၈၀၊၁၉လမ်း၊ရန်ကုန်မြို့။




www.burmeseclassic.com

www.burmeseclassic.com


ကိုးကားသောစာအုပ်များ

၁။သတင်းစဉ် ( ပြည်ပ ) စာစောင်များ

၂။တိုင်းမ်စ်မဂ္ဂဇင်းများ

၃။နယူးစ်ဝခ်မဂ္ဂဇင်းများ

၄။လန်ဒန်တိုင်းမ်းစ်သတင်းစာများ

၅။ ဂျေရုဆလင်ပို့စ်သတင်းစာများ

## စာရေးသူ၏အမှာစာ

မြန်မာ့အလင်း သတင်းစာ၏ စာအုပ်သစ်နှင့် အမြင်အခန်းတွင်း ကျွန်တော့်စာပေ နောင်တော် "ဟာရိတ" က ကရုဏာဒေါသဖြင့် "ကလောင်စာ စာကလေးဟု ခေါ်ဆိုနေကြသော မောင်မောင်ညွန့်မှာ တလျားဖြင့်ခွာလိပ် ပြတ်ကျန်နေရစ်ခဲ့သည်" ဟု ဆိုလေတော့မှ ဤအမှာစာရေးသားခြင်းဖြင့် စာချစ်သူတို့အား ပန်ကြားနှုတ်ဆက်လိုက်ရပါသည်။ မှန်ပါသည်။ မြင်းကောင်းဆိုသည်မှာ ခွာလိပ်တတ်စမြဲပေမို့ စာချစ်သူတို့ ခွင့်လွှတ်လိမ့်မည်ဟု မျှော်လင့် အားထားမိပါသည်။ အင်တီဘီ လေဆိပ်မှ အစွရေးဓါးစာခံများအား လျှပ်တပြက် ကယ်တင်ခဲ့သည့် အကြောင်းကို မှတည်၍ နိုင်ငံရေး ဘက်စုံဒေါင့်စုံ စာအုပ်တစ်အုပ် အဖြစ်တင်ပြရန် ၁၉၆၇ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာမှာ ကြေငြာခဲ့ပြီးနောက် စာမူအဖြစ်


www.burmeseclassic.com

www.burmeseclassic.com

၁၉၆၇ခု၊ ဇူလိုင် ၂၇ ရက်နေ့တွင် ရေးသားပြီးစီးကာ၊ စာမူကို သက်ဆိုင်ရာသို့ တင်ပြနိုင်ခဲ့ပါသည်။

အင်တက်ဘီ လျှပ်တပြက်တိုက်ပွဲ စာမူကို တင်ပြခဲ့ကြသူများအနက် ကျွန်တော်၏ စာမူမှာ နိုင်ငံရေးခွင့်ပြုချက်အမှတ် (၀၈၇၀) ဖြင့်၊ ပထမဦးဆုံး ခွင့်ပြုချက်ရရှိခဲ့ခြင်းဖြစ်ပါသည်။ ဒါဖြင့်ဘာကြောင့် နောက်ကျခဲ့သလဲ။ အမှန်မှာ ကျွန်တော်က ပုံနှိပ်စက္ကူရရှိရေး အတွက် ကုန်သွယ်ရေးတွင် ရိုးရိုးသားသား တန်းစီလိုက်ခြင်း ကြောင့်ပင် ဖြစ်ပါသည်။

ယခုထွက်လာပါပြီ။

ကုန်သွယ်ရေးမှ တရားဝင်စက္ကူ ထုတ်ပေးလျှင် ပေးခြင်း စာချစ်သူတို့လက် အရောက် ထုတ်ဝေဖြန့်ချီခဲ့ပါပြီ။ ဖြစ်ရပ်တစ်ခုကို ဖေါ်ပြရာ၌ရိုးရိုး သတင်းလေး တစ်ခုပင်လျှင် ကွဲလွဲချက် အမျိုးမျိုးရှိနိုင်ခြင်းကြောင့် ဖြစ်ရပ် တစ်ခုလုံးမှာလည်း တင်ပြပုံခြင်း တူညီနိုင်မည် မဟုတ်သည်ကို စာချစ်သူတို့ သိပြီးဖြစ်ပါသည်။

ဥပမာ ပြရမည်ဆိုပါလျှင် မီးလောင်သည်ကို မြင်ရလျှက်နှင့် မည်သူ့အိမ်က စလောင်သည်ကို မပြောနိုင်သော ဖြစ်ရပ်များ၊ မီးစတင်လောင်သည့် အချိန်ကို ခန့်မှန်းရာ၌ မတူညီခြင်းနှင့် မီးလောင်ခံရသည့် အိမ်စာရင်း၊ အိမ်ထောင်စု ဦးရေ စာရင်းမှစ၍ ကွဲလွဲရသော သာဓကများစွာ ရှိပါသည်။

ထို့အပြင် မီးလောင်မြေ မျက်မြင်ပုဂ္ဂိုလ်များ၏ သရုပ်ဖော် ပြောကြားချက် များသည်လည်း အပြောကောင်းလျှင် ကောင်းသလို လွမ်းစရာ ဆွေးစရာ၊ ထိတ်လန့် ခြောက်ခြားစရာ၊ သနားစရာ စုံစုံလင်လင် ပါဝင်လာတတ်ပါသည်။ တချိန်တည်း ဖြစ်သော်လည်း ပြောပြသည့် ဖြစ်ရပ်များ၏ မတူညီမှုများကို တွေ့ရကြားရမည် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤလို သတင်းအသေးအဖွဲလေး တစ်ခုပင်လျှင် စုံစုံစေ့စေ့ ဘက်စုံ ဒေါင့်စုံ တူညီသော အချက်အလက်များ မရနိုင်လျှင် ယခုကဲ့သို့ အလွန့် အလွန်သိမ်မွေ့ ခက်ခဲသော အစွရေး ခါးစာခံများအား လျှက်တပြက် စစ်ဆင်ရေးဖြင့် ကယ်တင်ခဲ့သည့် ဇာတ်လမ်း တင်ပြချက်သည်လည်း တူညီမှု ရှိလာနိုင်မည် မဟုတ်သည့်အပြင် ဆန္ဒစွဲလေးများလည်း ပါဝင်လာကြမည်မှာ အမှန်ပင်ဖြစ်ပါသည်။ အင်တက်ဘီ လေဆိပ် လျှက်တပြက် တိုက်ပွဲမှာ ၅၃ မိနစ်သာ ကြာလိုက်သည် ဆိုသော်လည်း တကယ့် အဆုံးအဖြတ်ကို ပေးလိုက်သည့် အချိန်ကလေးမှာ ၂ မိနစ်သာ ဖြစ်ပါသည်။

အင်တက်ဘီ လေဆိပ်သို့ အစွရေး ကွန်မန်ဒိုများ စီးနင်းလိုက်ပါလာသည့် လေယာဉ်ပျံများ သက်ဆင်းပြီးနောက် မာစီဒီး ကားအနက်ကြီးကို လေယာဉ်အတွင်းမှ ကွင်းထဲသို့ မောင်းချလိုက်သော ထို ၂ မိနစ်မှာ အလွန် အဖိုးတန်လှပါပေသည်။ ခါးစာခံများရှိရာသို့ အစွရေး ကွန်မန်ဒိုများ အပြေးအလွှား လာနေကြသည်။

ထိုအချိန်ကလေး၌ပင် လေဆိပ်ခမ်းမဆောင်ထဲ၌ရှိနေသော လေယာဉ်အပိုင်စီး အကြမ်းဖက်ခေါင်းဆောင် ဂျာမန်အမျိုးသား ဝီလ်ဖရက်ဒ် ဘိုစီက "ယူဂန်ဒါ စစ်သားတွေတော့ သမ္မတကြီး အမင်ဆီက အာဏာသိမ်းဖို့ ကြိုးပမ်းနေပြီ" ဟုပင် အစွရေး ခါးစာခံများအား ပြောလိုက်ပေသည်။ အာဏာသိမ်း ယူဂန်ဒါ စစ်သားတွေ လေယာဉ်ကွင်းထဲသို့ ဝင်လာသည်ဟု အကယ်ပင် ထင်မှတ်လိုက်လေသည်။

တချိန်တည်းမှာပင် ယူဂန်ဒါ သမ္မတကြီးအမင် စီးနေကျ မာစီဒီးကားကြီးကို တွေ့လိုက်ပြန်တော့လည်း သမ္မတကြီးအမင် ကိုယ်တိုင် အင်တက်ဘီ လေဆိပ်ထဲ ရောက်နေပြီလားဟု တွေဝေသွားပြန်သည်။

ထိုသို့ တွေဝေနေလိုက်သော ၂ မိနစ် အချိန်ကလေးသည် အင်တက်ဘီ လေဆိပ်မှ အစွရေး ခါးစာခံများအား လျှပ်တပြက် ကယ်တင်နိုင်မှု အောင်မြင်ရေး အတွက် အဆုံးအဖြတ် ပေးလိုက်သော ၂ မိနစ်သာလျှင် ဖြစ်ပေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

အမှန်မှာတော့ အစ္စရေးတို့သည် သမ္မတ အမင်ပုံတူ ကိုယ်စားသုံး၍ မလှည့်စားခဲ့ကြပါပေ။ အခြေအနေ ရှုတ်ထွေးရုံလောက် ကလေးသာ သမ္မတကြီးအမင် စီးနေကျ မာစီဒီး ကားကြီးမျိုးကို ယူလာပြီး ဟန်ပြအသုံးပြုခဲ့ခြင်း ဖြစ်လေသည်။ ဒါတင်ပဲလား။ မဟုတ်သေးပါ။ အင်တက်ဘီ လေဆိပ် လျှက်တပြက် ကယ်တင်မှုကြီး ဖြစ်ပေါ်လာစေသည့် မြှုတ်ကွက်တစ်ကွက်လည်း ရှိပါသေးသည်။

လေယာဉ်အပိုင်စီးသူတို့ ဖမ်းဆီးထားသော အစ္စရေး ဓါးစာခံများအနက် အစ္စရေး စစ်ဖက်ဆိုင်ရာ ထိပ်တန်းအရာရှိ တစ်ဦး၏ သမီးငယ်လေးတစ်ဦး ပါဝင်ခဲ့လေသည်။ ထိုဖြစ်ရပ်ကို လေယာဉ် အပိုင်စီးသူတို့ လုံးဝမသိခဲ့ပါပေ။ ထိုကလေးမ ကလေးမှာ အမည်ရင်းမသုံးပဲ လျှို့ဝှက် နာမည်ပြောင်းဖြင့် ခရီးသွားခဲ့ခြင်းကြောင့် လေယာဉ် အပိုင်စီးသူတို့က မျက်စေ့လျှမ်းသွားခြင်း ဖြစ်လေသည်။

ထိုသို့ မသိလိုက်ခြင်းကပင်လျှင် အစ္စရေးတို့အတွက် ကံကောင်းသွားသည်။ အဖမ်းခံနေရသော ကလေးမ၏ ဖခင်ကလည်း လေယာဉ် အပိုင်စီးသူတို့နှင့် အမြန်ဆုံး ဆွေးနွေး စေ့စပ်လိုက်လျှောရန် အစ္စရေးဝန်ကြီးချုပ်အား ချဉ်းကပ်ခဲ့ပြန်ရာ အခြေအနေက လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများ၏ တောင်းဆိုချက်ကို လိုက်လျှောရတော့မလိုလို ဖြစ်ခဲ့ရပေသည်။ အကြမ်းဖက်သမားတွေကို အစ္စရေးအစိုးရက အညံ့ခံရတော့မည်။ အခြေအနေမှာ တဲတဲကလေး ဖြစ်နေပေပြီ။ ဤအတောအတွင်း လေယာဉ် အပိုင်စီးသူတွေက ဓါးစာခံများကို ပြန်လွှတ်ရေးအတွက် ပြန်ပေးငွေ ပိုမို တောင်းခံလိမ့်မည်။ မိန်းမနှင့် ကလေးများကို လွှတ်ရန် ရည်ရွယ်ချက် ရှိသည်ဟု ပြင်သစ် အာဏာပိုင်များထံမှ အစ္စရေးအစိုးရက သတင်းရရှိခဲ့ပြန်သဖြင့် ၅၃ မိနစ်ကြာ တိုက်ပွဲဖြစ်လာစေရေးကို ဦးတည်လိုက်ရသည်မှာ ရုပ်ရှင်ကားကောင်း



www.burmeseclassic.com

www.burmeseclassic.com
တစ်ခု၏ အမြင့်မားဆုံးသော ခံစားမှုအမိုင်းတွင် စိမ့်ဝင် မြောပါနေရသည့် သဖွယ် ခံစားမိခဲ့ပါသည်။

ဤသို့ဖြင့် ကျွန်တော့်စာမူတွင် နိုင်ငံရေး၊ လူမှုရေး၊ မုန်တိုင်း ပြင်းထန် ပုတ်ခတ် ခံရပုံကို ဘက်စုံဒေါင့်စုံ ဖော်ပြ ရေးသားပြီး ဖြစ်ပါသော်လည်း စာအုပ်အဖြစ် ရောက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို အချိန်ကာလ ရှည်လျားစွာ ကျော်လွှား ဖြတ်သန်းရပြန်သဖြင့် ရည်မှန်းထားသလို စာချစ်သူတို့၏ လက်သို့ စောစော ရောက်ရှိစေရန် အခြားသူများနှင့် အတူတူယှဉ်ပြိုင်၍ မထွက်နိုင်ခဲ့ရခြင်းဖြစ်ပါသည်။

သို့စဉ်လည်း စာချစ်သူတို့၏ အကဲဖြတ်မှုကို ခံနိုင်ပါရန် အခြေအနေဆိုးကိုပင် ရင်ဆိုင်၍ ယခု ရိုက်နှိပ် ထုတ်ဝေခဲ့ပါပြီ။ ထိုသို့ နောက်ကျ ထုတ်ဝေရခြင်းအတွက်လည်း စာချစ်သူတို့အား ဤအမှာစာ ရေးသား၍ အနူးအညွတ် တောင်းပန်လိုက်ရပါသည်။

ရွှင်လန်းချမ်းမြေ့ကြပါစေ။

မောင်မောင်ညွှန့်

www.burmeseclassic.com

www.burmeseclassic.com


## ၅၃ - မိနစ်သာကြာလိုက်သည့်တိုက်ပွဲ

ကမ္ဘာက မျက်လုံးပြူးသွားသည်။ အချိန်က၁၉၇၆ခု၊ဇူလိုင်လ ( ၃ ) ရက်နေ့ သန်းခေါင်ယံ။ ယူဂန်ဒါ နိုင်ငံ၏ ကင်ပါလာမြို့တော်ရှိ အင်တက်ဘီ လေဆိပ်သို့ ဟာကြူလီ စီ ၁၃၀ အမျိုးအစား လေယာဉ်ကြီးနှစ်စင်းက ဝဲပျံဆင်းသက်လိုက်သည်။ လေယာဉ်တွင်းမှ ခုန်ချလိုက်သူတွေကတော့ အစ္စရေး ကွန်မန်ဒို တပ်သားများ။ ၁၀ စက္ကန့်ပင် မကြာလိုက်။ ရည်ရွယ်ထားသော ပစ်မှတ်ရှိရာသို့ ပြေးတက်နေကြလေပြီ။

ဦးတည်ချက်က အင်တက်ဘီ လေဆိပ်၏ ခန်းမဆောင် အဟောင်း မှောင်လိုက်တာကလည်းအလွန် လေဆိပ်ခန်းမဆောင် အဟောင်းတွင် စောင့်ကြပ်နေသူကတော့ ယူဂန်ဒါ စစ်သားနှစ်ဦး။ အစ္စရေး ကွန်မန်ဒိုများ၏ လက်ချက်ဖြင့် အစောင့် ယူဂန်ဒါ တပ်သားနှစ်ဦး ထိမှန်ပြီးသည်နှင့် တပြိုင်တည်း အစ္စရေး ကွန်မန်ဒိုများသည် လေဆိပ် အဆောက်အဦးအတွင်းသို့ ဝင်နိုင်ရန် ချက်ချင်း တပ်ဖြန့်လိုက်သည်။

အစ္စရေး ကွန်မန်ဒိုတပ်သားများ လေယာဉ်ဆီမှ ခုန်ဆင်းလာသည်ကို တွေ့လိုက်သည်နှင့် တပြိုင်နက် အကြမ်းဖက်သမားတစ်ဦးက ရိုင်ဖယ်ကို ကိုင်လိုက်သည်။ လေယာဉ်ခရီးသည် အုပ်စုထဲသို့ လက်ပစ်ဗုံး ပစ်သွင်းရန် ကြံရွယ်လိုက်သည်။ လေယာဉ်ခန်းမဆောင် အတွင်းမှ လေယာဉ်အပိုင်စီး အကြမ်းဖက်သမား တစ်ဦး ထွက်လာလျှင်လာခြင်း အစ္စရေး ကွန်မန်ဒို ဒုခေါင်းဆောင်က ပစ်ချလိုက်သည်။ အဖက်ဖက်မှဝင်ကြသည်။ ရေချိုးခန်း၊ အိမ်သာ ပြူတင်းပေါက်မှ


www.burmeseclassic.com

www.burmeseclassic.com

ကပင်ဝင်ကြသည်။ လေယာဉ်အပိုင်စီး အကြမ်းဖက်သမား ကျာမန်နှစ်ဦးမှာ တံခါးပေါက်ဝနား၌ပင် သေဆုံးခဲ့ရလေသည်။

တတိယ အကြမ်းဖက်သမား တစ်ဦးမှာ ယင်းတို့နှင့် ၁၀ မီတာအကွာတွင် သေနတ်ထိမှန် သေဆုံးခဲ့ပြန်သည်။ စတုတ္ထမြောက် အကြမ်းဖက်သမားကတော့ ဒဏ်ရာရပြီး လဲကျနေသည့် တိုင်အောင် ပြန်လည် ပစ်ခတ်ရန် ကြိုးစားခဲ့သည်တွင် အစ္စရေး ကွန်မန်ဒိုလက်ချက်ဖြင့် သေဆုံးခဲ့ရပြန်လေသည်။

"ငြိမ်ငြိမ်နေ… ငြိမ်ငြိမ်နေ… မကြောက်ကြနဲ့"

အစ္စရေး ကွန်မန်ဒိုများက အသင့်ယူလာသော အသံချဲ့စက်များဖြင့် လေယာဉ် အပိုင်စီးရာတွင် ပါသွားသော ခရီးသည်များအား ခေါင်းငုံ့ထားရန် ကြမ်းပြင်၌ ဝမ်းလျားမှောက်ထားရန် အော်ရင်း သတိပေးရင်း တစ်ဖက်က တိုက်ပွဲဝင်လျက်ရှိသည်။

သို့သော် လေယာဉ်ခရီးသည် အချို့မှာကံမကောင်းလှ - လေဆိပ်ခန်းမဆောင် ပထမထပ်ကို စီးမိသည်နှင့် တပြိုင်တည်း နားနေခန်းတွင်း၌ ပုန်းနေသော အကြမ်းဖက်သမား နှစ်ဦးကို သုတ်သင်လိုက်နိုင်ပြန်သည်။ သတ္တမမြောက် ဖြစ်သော အကြမ်းဖက်သမားကိုတော့ ကျောဖက် ခမ်းမဆောင်၌ သုတ်သင်ခဲ့လေသည်။ အကြမ်းဖက်သမား တစ်စုက လေယာဉ် ခရီးသည်များ လှောင်ထားသော လေဆိပ်ခမ်းမဆောင်အပေါင်းကို စောင့်ကြပ်ပြီး ထိုမှခုခံနေသည်။ ယူဂန်ဒါ စစ်သားအချို့က မနီးမဝေးတွင် ရပ်ထားသော အမ်အိုင်ဂျီ တိုက်လေယာဉ်ပျံများ ရှိရာသို့ ပြေးသွားကြပြန်သည်။ အစ္စရေး ကွန်မန်ဒို တပ်ဖွဲ့ဝင်များက ၎င်းတို့အား ဆိုဗီယက်လုပ် ဂျက်လေယာဉ်များရှိရာ မရောက်အောင် ပစ်ခတ် တားမြစ်လိုက်လေတော့သည်။ ဂျက်လေယာဉ်ကြီးများ တဝုံးဝုံးဖြင့် ပေါက်ကွဲပါလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ဒါတွင်လား မကသေးပါ။ ယူဂန်ဒါ လေယာဉ်ကွင်းတွင် အမ်အိုင်ဂျီ လေယာဉ်ဆယ့်တစ်စီးကို ဖေါက်ခွဲ ဖျက်ဆီးနိုင်သည်သာမက အကြမ်းဖက်သမား လေယာဉ်အပိုင်စီးသူ အားလုံးကိုလည်း သုတ်သင်ပစ်ခဲ့ကြလေသည်။ ဒါပေမဲ့ အမြတ်အစွန်းရှိသလို အရှုံးလည်း ရှိခဲ့ပေသေးသည်။ လေယာဉ် မျှော်စင်ပေါ်မှ ယူဂန်ဒါ စစ်သားများက လေဆိပ် ခမ်းမဆောင်ကို ပစ်မှတ်ထားကာ တိုက်ပွဲဝင်နေသော အစ္စရေး ကွန်မန်ဒိုများ၏ ခေါင်းဆောင် ဆဂန်အာလပ်ဖ်ရွန် နာတန်နေတန်ရာဟူကို ဦးတည် ပစ်ခတ်ကြလေသည်။

ဗိုလ်ကြီး နေတန်ရာဟူမှာ ပထမဆုံး တိုက်ပွဲဝင်သူဖြစ်ပြီး ပထမဆုံး ကျရှုံးခဲ့ရသူလည်းဖြစ်ပေသည်။ အစ္စရေး ကွန်မန်ဒိုများက လေယာဉ် မျှော်စင်ပေါ်ရှိ စစ်သားများ၏ ပစ်အားကို ထိန်းချုပ်ဟန့်တားကာ သေနတ်သံကို ငြိမ်သက်စေလိုက်တော့သည် လေယာဉ်ကွင်း တစ်ခုလုံး ငြိမ်သက်သွားပြီးတဲ့နောက်တော့ အစ္စရေး ကွန်မန်ဒိုများသည် လေယာဉ်ပျံတွင် အသင့်သယ်ယူလာသော ထရပ်ကားများ ထုတ်ယူကာ လေယာဉ် ခမ်းမဆောင် အတွင်းမှ ဓါးစာခံများ လူအများကို အစ္စရေး လေယာဉ်ကြီးများဆီသို့ သယ်ယူကာ အင်တက်ဘီလေဆိပ်မှ ပြန်လည် ထွက်ခွာလာတော့သည်။

အစ္စရေး စစ်ဦးစီးချုပ် ဒုဗိုလ်ချုပ်ကြီး ရပ်ဗ်အာလပ်ဖ်မိုဒီချိုင်းဂူးရ်က လေယာဉ် ခရီးသည်များ ကယ်တင်ရေးအတွက် ကွန်မန်ဒိုတိုက်ခိုက်မှုကို အစ္စရေး ကာကွယ်ရေး ရံပုံငွေအဖွဲ့ခေါင်းဆောင် အာလပ်ဖ်ဖီဘူတီလအာဒမ်နှင့် လေတပ်ဗိုလ်ချုပ် အင်ယာမင်ပီလက်ဒ်တို့က အနီးကပ်ဆုံး နေရာမှ ဦးစီးညွှန်ကြားပြီး လက်တွေ့တိုက်ပွဲကို ကျဆုံးခဲ့သော ကာနယ်နေတန်ရာဟာက ခေါင်းဆောင်ခဲ့သည်ဟု ဆိုသည်။ ၅၃ မိနစ်သာ ကြာလိုက်သည့်တိုက်ပွဲကို ကမ္ဘာအနှံ့ တအံ့တသြ ဖြစ်ခဲ့ကြလေပြီ။ ကျေနပ်ချီးကျူး ဂုဏ်ယူမှုများ ရှိသလို မကျေမနပ် ဆူပွက်အုံကြွ ရှုံ့ချသူများလည်း ထွက်ပေါ်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com


## ရင်တသိမ့်သိမ့်

"မယုံကြည်နိုင်လောက်စရာပဲ"

ဒီစကားစုကတော့ အစ္စရေး ဦးစီးချုပ် လက်ဖတင်နင် ဂျင်နရယ်မိုဒီချိုင်းဂူးရ်က ပြောကြားလိုက်ခြင်းပင် ဖြစ်ပေသည်။ မှန်လည်း မှန်ပေသည်။ အစ္စရေး ကွန်မန်ဒိုများသည် အစ္စရေးနိုင်ငံမှ ယူဂန်ဒါနိုင်ငံ လေဆိပ်အရောက် မိုင်၂၀၀၀ ကျော် ကော်လွှား ဖြတ်သန်းပြီးနောက် အကြမ်းဖက်သမားများ အားလုံးကို သုတ်သင်ကာ ဓါးစာခံ (၁၀၅) ဦးကို အောင်မြင်စွာ ကယ်တင်နိုင်ခဲ့သောကြောင့်ပင် ဖြစ်လေသည်။ အစ္စရေးတို့သည် မဖြစ်နိုင်သည်ကို ဖြစ်အောင် လုပ်ခဲ့ပြီးနောက် ယင်းသတင်းကို ကျယ်ကျယ်ပြန့်ပြန့် မထုတ်ပြန်ပဲ အမျိုးသား လုံခြုံမှုဆိုင်ရာ ကိစ္စတစ်ရပ်ကဲ့သို့ ပထမရက်ပိုင်းအတွင်းက လျို့ဝှက်ထားခဲ့ကြလေသည်။

သို့သော် ဇူလိုင်လ အလယ်ပိုင်းလောက်တွင် အမေရိကန်နိုင်ငံမှ နယူးစ်ဝစ်မဂ္ဂဇင်းမှ သတင်းထောက်များ ဖြစ်ကြသော မိလန်ဂျေဘူဘစ်နှင့် မိုက်ကယ်အယ်လ်ကင် တို့က ဂျေရုဆလင်တွင်၄င်း၊ သတင်းထောက် ဂျိမ်းသရင်းဂါတ်က နိုင်ရိုဘီတွင်၄င်း၊ သတင်းထောက် စကော့ဆာလီဗန်က ဝါရှင်တန်တွင်၄င်း၊ သတင်းများကို တပိုင်းစီ တစ်စစီ စုဆောင်းဆက်စပ်ကာ အစ္စရေးတို့သည် ဓါးစာခံများ ကယ်ဆယ်ရေးကို မည်ကဲ့သို့ အောင်အောင်မြင်မြင် ဆောင်ရွက်ခဲ့သနည်း ဟူသော ဖြစ်ရပ် အပြည့်အစုံကို နယူးဝစ်မဂ္ဂဇင်းတွင် ရေးသား ဖေါ်ပြလိုက်ကြပေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ပင်ပန်း နွမ်းနယ်မှုက အားလုံး၏ မျက်နှာပေါ်တွင် ယှက်သန်းနေသည်။ အစ္စရေးနိုင်ငံ ခေါင်းဆောင်ကြီးများမှာ ကက်ဘီနက် ခမ်းမဆောင်၌ စုဝေးနေကြသည်။ အချိန်က ညနေ ၅ နာရီခွဲ။ နေ့ရက်က ဖွန်လ ၂၈ ရက်။ အစ္စရေး အမျိုးသားများကို ပြန်ပေးဆွဲ ခံခဲ့ရသည်မှာ နာရီ ၃၀ ခန့် ကြာမြင့်သွားပြီ ဖြစ်လေသည်။ သယ်ယူပို့ဆောင်ရေးဝန်ကြီး ဂဒ်ါရာကိုဘီက စကားစလိုက်သည်။

"လေယာဉ်ပျံ အပိုင်စီးသမားတွေရဲ့ တောင်းဆိုချက်တွေကို လိုက်လျော လိုက်ရင် ပါလက်စတိုင်း လူမျိုးတွေဟာ သူတို့ရဲ့ အကြမ်းဖက် လုပ်ငန်းတွေ ပိုလုပ်လာကြလိမ့်မယ်၊ အဲသလို ဖြစ်လာရင် အစ္စရေး အမျိုးသားတွေ ပြည်ပ သွားရတာ လုံခြုံမှုရှိမှာ မဟုတ်တော့ဘူး"

ဝန်ကြီးချုပ် ရီဇတ်ရာဘင်က စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂူးရ်ဖက်သို့ လှည့်၍ ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့အဖို့ စစ်ရေးအမြင်များရနိုင်မလား"

ဗိုလ်ချုပ်ကြီး ဂူးရ်က အင်တက်ဘီလေဆိပ် တည်ရှိနေပုံနှင့် ပတ်သက်သော အချက်အလက်များကို ထောက်လှမ်းရေးဖက်မှ ပြည့်ပြည့်စုံစုံ မရနိုင်သည်ကို စတင် ရှင်းပြလေသည်။ ယင်းအပြင် ဓါးစာခံဦးရေ ဘယ်လောက် ရှိနေသည်။ လေဆိပ်တွင် စစ်တပ်အင်အား မည်မျှရှိနေသည် ဆိုသော အချက်များအပြင် လူများ၏ ထိခိုက်မှု အန္တရာယ် မည်မျှ ဖြစ်လာစေမည် ဟူသော အချက်များကလည်း မရေမရာ ဖြစ်နေသည်ဟု ရှင်းပြသည်။

"လောလောဆယ်မှာတော့ကျွန်တော်တို့ဖက်ကစစ်ရေးအမြင်ကိုမပြောနိုင်သေးပါ"



www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီးချုပ် ရာဘင်သည် သယ်ယူ ပို့ဆောင်ရေးဝန်ကြီး ရာကိုဘီဘက်သို့ လှည့်လိုက်ပြန်သည်။ "ကဲ... လက်တွေ့သမားတွေဆီက အဖြေတော့ရပြီ။ သူတို့ရဲ့ အကြံပေးချက်ကို ခင်ဗျားအနေနဲ့ လျစ်လျူရှုချင်သေးလား"

ဘယ်သူမှစကားမစကြ။

ကာကွယ်ရေးဝန်ကြီး ရှီမွန်ပဲရစ်ကမူ အရာရာကို ဆုံးဖြတ်ရန် တွန့်ဆုတ်နေပြီး ပျော့ညံ့သည့် အသွင်သဏ္ဌာန် ဆောင်နေတဲ့ အစိုးရအဖြစ်မှ တန်ပြန်လှုပ်ရှားရန် လိုပြီဟု ဆိုလိုက်သည်။ ကာကွယ်ရေးဝန်ကြီး ရှီမွန်ပဲရစ်မှာ နိုင်ငံရေးအားဖြင့် ဝန်ကြီးချုပ်ရာဘင်နှင့် ဆန့်ကျင်ဖက် ဖြစ်သည်။ အစ္စရေး ဓါးစာခံများ ကိစ္စကို စစ်ရေးအရ လှုပ်ရှားမှု တစ်ခုခု လုပ်သင့်သည်ဟု တိုက်တွန်းနေသူလည်း ဖြစ်သည်။ ဝန်ကြီးချုပ်ရာဘင်သည် မျက်နှာနီမြန်းသွားသည်။

"အခုကိစ္စက နိုင်ငံရေးအကြောင်း မဟုတ်ဘူး၊ ကျုပ်တို့ ဆွေးနွေးနေတာဟာ စစ်ရေး အလားအလာကိုသာ ဖြစ်တယ်။"

မိနစ်ပိုင်းအတွင်း၌ ဝန်ကြီးချုပ်ရာဘင်က ဆန္ဒမဲယူရာ အားလုံးကပင် စေ့စပ်ဆွေးနွေးရေးနည်းလမ်းဖြင့် ဓါးစာခံတို့ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ရှာကြံရန် ဆန္ဒမဲ ပေးကြလေသည်။ သို့စဉ်လည်း အစ္စရေး နိုင်ငံရေးသမားများသည် စစ်တပ်နှင့် နိုင်ငံတော် ထောက်လှမ်းရေးအဖွဲ့ ခေါင်းဆောင်များ၏ စစ်ရေးအမြင်ကို တောင်းခံရန် အကြံပေးကြလေသည်။

## ပြင်ဆင်မှုများ

အစ္စရေး တပ်မတော်သည် လုပ်ငန်းခွင် ချက်ချင်းဝင်သည်။ ဗိုလ်ချုပ်ကြီးများ၊ ထောက်လှမ်းရေးမှူးများက အင်တက်ဘီလေဆိပ်ကို ဝင်ရောက် စီးနင်း

www.burmeseclassic.com

www.burmeseclassic.com
တိုက်ခိုက်ရေးနှင့် ပတ်သက်၍ ရသမျှ အချက်များ စုဆောင်းနေချိန်တွင် အစ္စရေးနိုင်ငံ သဲကန္တာရ စစ်စခန်းတနေရာ၌ တိုက်ခိုက်ရေး အဖွဲ့ငယ်တစ်ခု အသင့် စုရုံးနေပေသည်။ ထိုတိုက်ခိုက်ရေး တပ်စုသည် တိုက်ပွဲဝင်ရမည်၊ မဝင်ရမည်ကိုပင် မသိပေ။

ဓါးစာခံများ အဖမ်းခံရသည်မှာ လေးရက်မြောက်နေ့ ဖြစ်နေလေပြီ။ ဂျေရုဆလင်ပို့စ် သတင်းစာတွင် ဖေါ်ပြထားသည့် အတိုင်း အစ္စရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဂူးရ်၏ ပြောစကားအရဆိုလျှင် ပြင်သစ်လေယာဉ် အပိုင်စီးခံရသည့် အချိန်မှ စ၍ မိမိနှင့် ကာကွယ်ရေးဝန်ကြီး ရှီမွန်ပဲရစ်တို့သည် နေ့မအိပ် ညမအိပ် လေယာဉ်လမ်းကြောင်းကို စနည်းနာခဲ့ကြသည်။ သို့သော် ပြင်းပြင်းထန်ထန် လှုပ်ရှားမှုမှာ ကြာသာပတေးနေ့ (၂၉.၆.၇၆) တွင်မှသာ စတင်ခဲ့သည်။ ထိုနေ့တွင် ကဲဘိနက်က မိမိအား စစ်ဦးစီးချုပ်အနေဖြင့် ခေါ်ယူ၍ စစ်ရေးအမြင်ကို မေးမြန်းသည်။ အထူး တိုက်ခိုက်ရေး တပ်စုများကို ထိုနေ့ ညနေတွင်မှ ပြင်ဆင်ဖွဲ့စည်းခဲ့လေသည်။

ဗုဒ္ဓဟူးနေ့ (၃၀.၆.၇၆) ရက်နေ့တွင် တိုက်ခိုက်ရေး တပ်စုများက လှုပ်ရှား နိုင်သော စီမံချက်များကို မိမိအား တင်ပြကြသည်။ တင်ပြသော စီမံချက်များမှာ ဓါးစာခံများအတွက် အန္တာရာယ် ကြီးမားလွန်းလှသဖြင့် စစ်ဦးစီးချုပ် တစ်ဦးအနေဖြင့် ကျေနပ်မှုမရနိုင်ပဲ ဖြစ်ခဲ့ရလေသည်။ ထောက်လှမ်းရေး သတင်းအရဆိုလျှင် အင်တက်ဘီလေဆိပ်၌ ဓါးစာခံများအား ယူဂန်ဒါစစ်သား ၁၀၀၀ ခန့်က စောင့်ကြပ် နေသည်ဟု ဆိုသည်။

မိမိအနေဖြင့် သူတို့က ဘယ်နေရာမှာ တပ်စွဲထားသလဲ၊ ဘာလက်နက်တွေ စွဲကိုင်ထားသလဲ၊ ဒိပြင် စစ်လက်နက် အထောက်အကူပစ္စည်း ဘာတွေရှိသေးသလဲ သိချင်နေသည်။ ထောက်လှမ်းရေးအဖွဲ့မှလည်း သတင်းအချက်အလက်များ အဆက်မပြတ် ဝင်လာသည်။ ကြာသာပတေးနေ့ (၁.၇.၇၆) ရက်နေ့တွင် အခြေအနေ အရပ်ရပ်ပေါ်၌ပိုမို ကြည်လင်လာတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ကြာသာပတေးနေ့ မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဝန်ကြီး ရုံးခန်း၌ တိုက်ခိုက်ရေး စီမံချက်များကို အပြန်ပြန်အလှန်လှန် အကဲဖြတ်ခြင်း လုပ်ငန်းကို ဆောင်ရွက်ခဲ့ကြပေသည်။ လုပ်ကိုင်နိုင်စွမ်းရှိမည့် စီမံချက်ဖြစ်သည်ဟု မိမိအနေဖြင့် မပြောနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် စွန့်စွန့်စားစား ဇရမ်းဇတာ လုပ်ရမည့် အနေအထား အချို့ကို တွေ့နေရခြင်းကြောင့်ပင် ဖြစ်သည်ဟု ဗိုလ်ချုပ်ကြီး ဂူးရိက ထုတ်ဖော် ပြောကြားလေသည်။

လေထီးတပ်နှင့် ကြည်းတပ်အကြီးအကဲ အာလပ်ဖ်ရွှန်ရွှန်က နောက်ထပ် ဖြည့်စွက်၍ တကယ်လက်တွေ့ တိုက်ပွဲဝင်နိုင်မည့် စီမံချက်တစ်ခုကို နောက်ဆုံး စီမံချက်အဖြစ် တင်ပြခဲ့လေသည်။ လေတပ်အကြီးအကဲသည် ၎င်းတပ်ဖွဲ့ဝင်များ အနေဖြင့် အင်တက်ဘီတွင် တိုက်ခိုက်နိုင်စွမ်းရှိကြောင်း မူလကပင် တင်ပြခဲ့ပြီး ဖြစ်ကြောင်းဖြင့် စစ်ဦးစီးချုပ်ဂူးရိက ပြောကြားခဲ့ပေသည်။

အဓိက ပြဿနာမှာ အင်တက်ဘီ လေယာဉ်ကွင်း အနေအထားကို ဘယ်လို ထိန်းချုပ်နိုင်မလဲ၊ ဓါးစာခံများကို အကြမ်းဖက်သမားများက မပစ်ခတ်ခင် ၎င်းတို့ ထားရှိရာ လေဆိပ် ခမ်းမဆောင်အဟောင်းကို ဘယ်ပုံဘယ်နည်းဖြင့် မြန်မြန် သွားရောက်နိုင်မလဲ ဟူသည်တို့ပင် ဖြစ်လေသည်။

(၁၉၇၄) ခုနှစ်တုန်းက ပါလက်စတိုင်း ပြောက်ကျားများသည် မာလော့မြို့၌ ဓါးစားခံများကို တစ်မိနစ်အတွင်း ပစ်သတ်ခဲ့ဘူးလေပြီ။ ယင်းစီမံချက်တွင် အပြစ်အနာအဆာကလေးများ ရှိနေစေကာမူ လုပ်၍ကိုင်၍တော့ ရလောက်ပြီ ဖြစ်သဖြင့် တိုက်ပွဲဝင်မည့် တပ်စုများ ပြင်ဆင်ရန် ညွှန်ကြားလိုက်လေ တော့သည်။ ပြင်ဆင်မှုတွေ အများကြီး လုပ်ရဦးမည် မဟုတ်ပါလား။

## အကြပ်အတည်း



www.burmeseclassic.com

www.burmeseclassic.com

နယူးစ်ဝခ် မဂ္ဂဇင်း၏ ရေးသားချက် အရဆိုလျှင် အစ္စရေးတို့အတွက် အင်တက်ဘီမှ ဓါးစာခံများ ကယ်ဆယ်ရေး လုပ်ငန်း၌ စိတ်မကြည်စရာ လုပ်ငန်း နှစ်ပိုင်း ဖြစ်နေသည်ဟုဆိုသည်။ တစ်ပိုင်းက ဝေးကွာလွန်းသော၊ ရန်လိုသောတိုင်းပြည်မှ ထောက်လှမ်းရေးဆိုင်ရာ အချက်အလက် အတော်များများကို ရက်ပိုင်းအတွင်း၊ နာရီပိုင်းအတွင်း ထောက်လှမ်းစုဆောင်းရမည့် တာဝန်ပင် ဖြစ်သည်။

နောက်တစ်ပိုင်းက အစ္စရေးနိုင်ငံ အနေဖြင့် အကြမ်းဖက်သမားများ၏ တောင်းဆိုချက်ကို အကယ်ပင် စိတ်ပါဝင်စားစွာ ဆွေးနွေး အဖြေရှာနေသည် ဟူသော သဘောထားနှင့် သွင်ပြင် ဟန်ပန်လက္ခဏာ အထူး ပေါ်လွင်နေစေရေးပင် ဖြစ်လေသည်။ အကြမ်းဖက်သမားများဖက်က ယုံကြည်နေဖို့ အရေးကြီးသည်။

ယင်းသို့ အစ္စရေး အစိုးရ၏ နှစ်ဖက်သွား ပေါ်လစီကို အတိမ်းအစောင်း မရှိရအောင် ချိန်ကိုက် ပူးပေါင်းညှိနှိုင်းရမည့် "အကြပ်အတည်း ကြီးကြပ်ကွပ်ကဲမှုအဖွဲ့" ကို ဖွဲ့စည်းလိုက်လေသည်။

ယင်းအဖွဲ့တွင် ဝန်ကြီးချုပ်ရာဘင်၊ ကာကွယ်ရေးဝန်ကြီး ပဲရစ်၊ ပို့ဆောင်ရေးဝန်ကြီး ရာကိုဘီ၊ နိုင်ငံခြားရေးဝန်ကြီး ရီဂါလ်အာလွန်၊ တရားရေးဌာနဝန်ကြီး ချိမ်ဇာဒေါ့ခ်နှင့် ဌာနလက်ကိုင်မရှိဝန်ကြီး တစ်ဦးတို့ ပါဝင်လေသည်။ အကြမ်းဖက်သမားများနှင့် ဆွေးနွေးမှု စတင်လေပြီ။

ပဲရစ်မြို့ရှိ အစ္စရေးသံရုံးသို့ ကြေးနန်းများ ရိုက်ကြား ပေးပို့ခဲ့ပြီးနောက် ယင်းမှတဆင့် ပြင်သစ်နိုင်ငံခြားရေးဌာနသို့ ပေးပို့ခဲ့လေသည်။ ထိုမှတဆင့် ယူဂန်ဒါနိုင်ငံ ကင်ပါလာမြို့ရှိ ဆိုမာလီသံအမတ်ကြီးထံသို့ ထိုအကြောင်းကြားချက်ကို ပေးပို့ရပြန်လေသည်။ ထိုသို့ အဆင့်ဆင့်နည်းဖြင့် နောက်ဆုံးအင်တက်ဘီ လေဆိပ်ရှိ လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများထံ ရောက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ အချိန်တွေ တရွေ့ရွေ့ ကုန်လွန်လာလေတိုင်း စစ်ဆင်ရေးဖြင့် ဓါးစာခံများကို ကယ်တင်သည်က ပိုမို ထိရောက်လိမ့်မည်ဟူသော ဆွဲဆောင်မှုမှာ အစ္စရေးတို့အပေါ်တွင် လွှမ်းမိုးလာသည်။ အစ္စရေး အစိုးရအနေဖြင့် ဘက်စုံသတင်းများ စုဆောင်းလေတော့သည်။ အင်တက်ဘီလေဆိပ်ကို စတင် တည်ဆောက်ပေးခဲ့သော အစ္စရေး ဆောက်လုပ်ရေး ကော်ပိုရေးရှင်း "ဆိုလယ်ဘိုနေး" ကို အစ္စရေး အာဏာပိုင်များက ချဉ်းကပ်ခဲ့လေသည်။

ဆိုလယ်ဘိုနေး ကော်ပိုရေးရှင်းထံမှ ရရှိသော လေဆိပ်အဆောက်အဦးပုံစံ (ဘလူးပရင့်) မှာ အသုံးမဝင်လှ၊ အင်တက်ဘီ လေဆိပ်မှာ ဆိုလယ်ဘိုနေး ကော်ပိုရေးရှင်းက တည်ဆောက်ပေးခဲ့သည့် နောက်ပိုင်း နှစ်မကြာသေးမီကပင် အဆောက်အဦး တော်တော်များများကို တိုးချဲ့ ပြုပြင်ထားခြင်းကြောင့် မျက်စိလည်စရာ ဖြစ်နေသည်။

ဤသည်တွင် အစ္စရေးတို့သည် အမေရိကန် ပင်တဂွန်စစ်ဌာနချုပ်သို့ အကူအညီ ရရာရကြောင်း ချဉ်းကပ်ရပြန်သည်။ ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့မှာ အစ္စရေးနိုင်ငံ တယ်လ်အဗစ်မြို့မှ ဂျိုဟန်နားဘတ်မြို့သို့ ပျံသန်းသည့် လောကြောင်းခရီးစဉ်တွင် ဆီဖြည့်ရပ်နားသည့် စခန်းဖြစ်သည့်အတွက် ယခု ဓါးစာခံ ကယ်ဆယ်ရေး လုပ်ငန်းတွင်လည်း ဆီဖြည့်ရန် အလားအလာ အကောင်းဆုံး နေရာ ဖြစ်ပေသည်။ အစ္စရေး အာဏာပိုင်များက နိုင်ရိုဘီမြို့ရှိ အယ်လ်အာလ် အဖွဲ့ဝင်များထံမှ ပါးစပ်သတင်းများ စုဆောင်းခြင်းကို အပူတပြင်း ဆောင်ရွက်ပြန်သည်။

ယူဂန်ဒါနိုင်ငံရှိ အင်တက်ဘီ လေဆိပ်သို့ အစ္စရေး ကွန်မန်ဒိုများအား လေယာဉ်ဖြင့် ပို့ဆောင်ရာတွင် ဘေးကင်းရန်ကင်း ပျံသန်း သွားလာနိုင်မည့် လေကြောင်းကို စူးစမ်းလေ့လာ တွက်ချက်ကြပြန်သည်။ အစ္စရေးအာဏာပိုင်များသည်


www.burmeseclassic.com

www.burmeseclassic.com
ယူဂန်ဒါနိုင်ငံအတွင်းသို့ ထောက်လှမ်းရေးသမားများကို ချက်ချင်း စိမ့်ဝင်စေလွှတ်ရပြန်သည်။

အစ္စရေး အစိုးရ၏ တန်ပြန် အကြမ်းဖက်လုပ်ငန်း အထူးအကြံပေး အရာရှိ မေဂျာဂျင်နရယ် ရာဟာဗန်ဇီဗီအား အယ်လ်အာလ်လေကြောင်းဖြင့် ပဲရစ်မြို့သို့ ချက်ချင်း စေလွှတ်ခဲ့ပြန်သည်။ အကြမ်းဖက်သမားများက ခရီးသည်အချို့ကို ပြန်လည်စေလွှတ်ပါက မျက်မြင်သတင်း စုဆောင်းနိုင်ရန်ပင် ဖြစ်လေသည်။

ဤသို့ဖြင့် ဟိုတစ်စု ဒီတစ်စု သတင်းဆိုင်ရာ မှတ်တမ်းများမှာ တထမ်းကြီး ဖြစ်လာပေပြီ။ ဇွန် ၃၀ ရက်နေ့တွင် အစ္စရေးတို့ အနည်းငယ် အသက်ရှူချောင်စရာ တစ်ကွက် တွေ့လာသည်။ လေယာဉ် အပိုင်စီး အကြမ်းဖက်သမားများက အစ္စရေးအမျိုးသား မဟုတ်သော လေယာဉ်ခရီးသည် အချို့ကို ပြန်လည်လွှတ်ပေးလိုက်ခြင်းပင် ဖြစ်သည်။ အကြမ်းဖက်သမားများကလည်း အပိုင်ကိုင်သည်။

ဤသို့ အစ္စရေးနိုင်ငံသား မဟုတ်သူများကို လွှတ်ပေးလိုက်ပြီး အစ္စရေးနိုင်ငံသားနှင့် ဂျူးလူမျိုးများကိုသာ မိမိတို့ လက်တွင်း၌ ထားလျှင် ထိန်းသိမ်းရမှုလည်း လွယ်သည်။ အစ္စရေးကိုလည်း ပို၍ ဖိအားပေးနိုင်လိမ့်မည်ဟု အပိုင်းတွက်ထားပြီး ဖြစ်လေသည်။ ဓါးစာခံ ၂၅၆ ဦးမှ ၁၀၈ဦးအထိ လျော့နည်းသွားသဖြင့်လည်း အစ္စရေးဖက်က ကယ်ဆယ်ရာတွင် ပိုပြီး စုစည်းနိုင်သော အနေအထား ရှိသွားသဖြင့် အစ္စရေးတို့အတွက်လည်း လမ်းပွင့်သွားသည်။ အသက်ရှူပေါက် ချောင်သွားသည်ဟု ဆိုရမည်သာပင်။

အကယ်၍ ဓါးစာခံခရီးသည် ဦးရေကလည်း များနေမည်။ အခြားနိုင်ငံသားများလည်း ပါနေမည်ဆိုလျှင် ယင်းတို့အား ကယ်ဆယ်ရေးအတွက် ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ၌ နိုင်ငံခြားသားများ မတော်တဆ သေဆုံးခဲ့ပါက အစ္စရေးအတွက်


www.burmeseclassic.com

www.burmeseclassic.com
ပြဿနာ တစ်ဖက်က တက်လာဦးမည် ဖြစ်လေသည်။ ဓါးစာခံတို့၏ အသက်ရှင်ရေးမှာ မျှော်မှန်းထားသည့်အတိုင်း မလွယ်ကူလှ။

ဓါးစာခံအချို့ ပြန်လွှတ်လိုက်သဖြင့် ပဲရစ်သို့ စေလွှတ်ထားသော ဂျင်နရယ်ဖီးဗီးအတွက် သတင်းအချက်အလက်များ ပို၍ ရရှိစေခဲ့ပေတော့သည်။ ပြန်လွတ်လာသော ဓါးစာခံတို့၏ ပြောစကားအရ လေဆိပ်ခမ်းဆောင်အဟောင်းတွင် ပေါက်ကွဲစေတတ်သော ယမ်းဘီလူးများ တပ်ဆင်ထားခြင်း မရှိဟု ဆိုသည်။

အကြမ်းဖက်သမားတို့ဖက်က လုံခြုံမှု အစီအစဉ်မှာ အတော်အတန် လျော့ရဲဟန် တူသည်။ အကြမ်းဖက်သမားများအဖို့ ၎င်းတို့ ရောက်နေသော နေရာအတွက် ယုံကြည်စိတ်ချလွန်းဟန် ရှိနေသည်။ "အကြပ်အတည်းကြီးကြပ်ကွပ်ကဲမှုအဖွဲ့" သည်စစ်ရေးအရ ပြင်ဆင်မှုကို လုပ်ရင်း တဖက်ကလည်း အကြမ်းဖက်သမားများနှင့် အပေးအယူ ဈေးဆစ်လျှက် ရှိနေပေသည်။ ပို၍ပင် ယုံကြည်စိတ်ချရအောင် အဖွဲ့ငယ်တစ်ခု ဖွဲ့ပြီးလျှင် အကြမ်းဖက်သမားများက လွှတ်ပေးရန် တောင်းဆိုထားသော အကျဉ်းသမားများ အနက်မှ ဘယ်လိုလူမျိုးတွေကို လွှတ်ပေးနိုင်မည်နည်းဟူ၍ပင် စာရင်းကို ကျကျနန ပြုစုလျှက် ရှိနေပေတော့သည်။

ဇူလိုင်လ ၂ ရက်နေ့တွင်မတော့ အခြေအနေ ထူးခြားချက်သုံးရပ်က တပြိုင်တည်း ဖြစ်ပေါ်လာလေတော့သည်။ အင်တက်ဘီ လေယာဉ်ကွင်း အနေအထားကို ကောင်းကင်မှ ထောက်လှမ်းရေး ရိုက်ကူးထားသော ဓါတ်ပုံများ၊ ပြိုလ်တုမှ ရိုက်ကူးထားသော ဓါတ်ပုံများကို ပင်တဂွန်စစ်ဌာနချုပ်မှ အစ္စရေးသို့ ပေးလိုက်လေသည်။ ယူဂန်ဒါနိုင်ငံ အတွင်းသို့ စိမ့်ဝင်ခဲ့သော အစ္စရေး ထောက်လှမ်းရေးသမားများ ထံမှလည်း အလွန့်အလွန် အရေးကြီးသော အချက်အလက်များ ရရှိခဲ့ လေပြီ။

www.burmeseclassic.com

www.burmeseclassic.com

ကင်ညာနိုင်ငံကလည်း အစ္စရေးကွန်မန်ဒိုများအား နိုင်ရိုဘီ လေဆိပ်၌ ခေတ္တ ရပ်နားကာ လေယာဉ်ဆီဖြည့်ခွင့်နှင့် ကယ်ဆယ်ရေး အပြန်တွင် လူနာများအား ပြုစုကုသပေးမည်ဖြစ်ကြောင်း သဘောတူညီခဲ့ပေပြီ။ အခြေအနေကတော့ ပိုလို့ ကောင်းနေပေပြီ။ အကြမ်းဖက်သမားတွေက အစ္စရေး မြေပေါ်မှာ ဓါးစာခံတွေ ဆွဲထားလို့ ကယ်ဆယ်ရမှာထက် အခုဟာက မြေပြင်အနေအထား ကောင်းနေ သေးတယ်ဟု အဖွဲ့ဝင်တစ်ဦးက မှတ်ချက်ပေးလိုက်လေသည်။

အစ္စရေး စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂူးရ်ကမူ ကယ်ဆယ်ရေး စစ်ဆင်မှုကို အခြေခံအားဖြင့်တော့ လက်ခံနိုင်ဘွယ်ရာ ဖြစ်ပြီဟု သောကြာနေ့ (၂ .၇ . ၇၆) တွင် ပြောကြားလိုက် လေတော့သည်။ ထိုနေ့တွင်ပင် စစ်ဆင်မှုနှင့် လက်နက် အနေအထားတို့ကို အသေးစိတ် ပြန်လည် ဆန်းစစ်ပေတော့သည်။ ကမ္ဘာ တဝှမ်းလုံးကတော့ ဒီစစ်ပွဲတစ်ပွဲတွင် အစ္စရေးနိုင်ငံအဖို့ အကြမ်းဖက်သမားများ၏ တောင်းဆိုချက်ကို လိုက်လျောရတော့မည်ဟု ထင်နေသည်။

အစ္စရေးနိုင်ငံကလည်း ယင်းထင်မြင်ချက်အတိုင်း ဖြစ်နေစေချင်သည်။ အစ္စရေး စစ်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးဂူးရ်သည် လေကြောင်းပျံသန်းမှုတွင် ပြင်ပအကူအညီ မပါပဲ မည်သို့မည်ပုံ ပျံသန်းနိုင်မည်ကို သိလိုသဖြင့် အစ္စရေး စစ်လေယာဉ် အုပ်စုတစ်စုဖြင့် ကိုယ်တိုင် စီးနင်းလိုက်ပါ ကြည့်ခဲ့လေသည်။ ပြင်ပအကူအညီမပါပဲ အစ္စရေးကွန်မန်ဒိုများသည် ဓါးစာခံ ၁၀၈ ဦးကို မည်သို့မည်ပုံ ကယ်ဆယ်နိုင်မည်နည်း ဆိုသည်ကို တိုက်ပွဲဝင် ကွန်မန်ဒိုများက အထပ်ထပ် အကြိမ်ကြိမ် လေ့ကျင့်နေပေသည်။ အစ္စရေး ကွန်မန်ဒိုများ အင်တက်ဘီ လေဆိပ်သို့ ထွက်ခွာပြီ ဆိုသည်နှင့် တပြိုင်နက် ယင်းကွန်မန်ဒိုများမှာ အရာရာနှင့် အဆက်ပြတ်သွားတော့မည်ဖြစ်ရာ အနည်းဆုံး ရေဒီယို ဆက်သွယ်ခွင့်ပင် ရချင်မှ ရနိုင်မည်ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်ကြီး ဂူရိသည် နှစ်နာရီကြာမျှ လေယာဉ်ဖြင့် ပျံသန်း လေ့လာပြီးနောက် စစ်လေယာဉ်များ အနေဖြင့် မည်သည့်ဆက်သွယ်မှု အကူအညီမှ မယူပဲ ဓါးစာခံ ကယ်ဆယ်ရေးလုပ်ငန်းကို လုပ်နိုင်လိမ့်မည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။ ဇူလိုင်လ ၃ ရက် မွန်းလွဲ ၂ နာရီတွင် အစ္စရေး ကဲဘိနက် အဖွဲ့ဝင် (၁၉) ဦးသည် တယ်လ်အဗစ် ကဲဘိနက်ခန်းမ၌ တွေ့ဆုံကြလေသည်။ ထိုနေ့မှာ ဥပုသ်နေ့ဖြစ်သဖြင့် ဝန်ကြီး တော်တော်များများမှာ ခြေလျင် လာကြရပေသည်။ အချို့ဝန်ကြီးများမှာ စစ်ဆင်ရေးဖြင့် ဓါးစာခံများ၏ အသက်ကို ကယ်ဆယ်မည့် အစီအစဉ်ကို မသိကြရသေး။

ယင်းလုပ်ရပ်ကြောင့် လူအချို့ ထိခိုက်သေဆုံးခြင်းနှင့် အနာတရ ဖြစ်လာမည်ကို စိုးရိမ်နေကြသည်။ ဝန်ကြီးချုပ်ရာဘင်က စစ်ဆင်ရေးအရ အသက် ကယ်ဆယ်ရေးကို အားသန်နေသည်။ လူ၁၀ဦးပဲ သေသေ၊ ၂၀-၂၅ဦးပဲ သေသေ လုပ်ဖို့သင့်သည်ဟု ပြင်းပြင်းထန်ထန်ပင် ပြောလေတော့သည်။

ညနေ ၃ နာရီခွဲတွင် ဆန္ဒမဲယူသောအခါ ကဲဘိနက်တဖွဲ့လုံးက စစ်ဆင်ရေးအရ ကယ်ဆယ်ရေးကို သဘောတူ နေလိုက်ကြသည်။ ကဲဘိနက်အစည်းအဝေးကို ဘုရားရှိခိုးခြင်းဖြင့် ပြီးဆုံးလိုက်ကြလေတော့သည်။

## လက်ရွေးစင်မှလက်ရွေးစင်

ဤသို့ ကဲဘိနက်က ဆုံးဖြတ်နေချိန်တွင် စစ်ဆင်ရေးဆိုင်ရာ လုပ်ငန်းကတော့ မရပ်မနား လုပ်ကိုင်နေနှင့်ပြီး ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီး ဂူးရ်သည် ကဲဘိနက်စည်းဝေး ပြီးလျှင်ပြီးခြင်း အခန်းအတွင်းမှ ချက်ချင်း ထွက်ခွာလာပေတော့သည်။ သူ၏ လက်ရွေး စင် ကွန်မန်ဒိုတပ်ဖွဲ့များ လေ့ကျင့်နေရာသို့ ဗိုလ်ချုပ်ကြီး ဂူးရ်ကိုယ်တိုင် သွားရောက် စစ် ဆေး ခဲ့ပေသည်။ လေကြောင်းချီ တိုက်ပွဲအတွက် တကယ့် လက်ရွေးစင်များထဲမှ တ ကယ့် လက်ရွေးစင်များကို ထပ်၍ ရွေးချယ်ထားခြင်းပင် ဖြစ်လေသည်။ သူတို့တတွေ လေဆိပ် အနေအထားမှ သိကြရဲ့လား။ ဓါးစာခံတွေထားတဲ့ လေဆိပ် ခန်းမဆောင်



www.burmeseclassic.com

www.burmeseclassic.com

ရှိရာကို မြန်မြန်မှ သွားနိုင်ကြပါ့မလား။ လေ့ကျင့်မှုကတော့ ထိပ်တန်းဖြစ်နေသည်။ ကယ်တင်နိုင်ချိန်ကို တမိနစ်ပြီးတမိနစ် လျှော့နည်းအောင် အထပ်ထပ် လေ့ကျင့်နေကြသည်။

ဓါးစာခံတွေကို ကယ်ဆယ်ရေး စစ်ဆင်မှုမှာ လေ့ကျင့်ချက်အရ (၅၅) မိနစ်ဖြင့် ဘေးကင်းရာသို့ သယ်ယူ ခေါ်ဆောင်လာနိုင်သည်။ (၅၅) မိနစ်ဖြင့် ကယ်တင်နိုင်သည်ဟု လေ့ကျင့်မှု အရပ်ရပ်က ပြနေလျှင် အခြေအနေက အလွန့်အလွန် ကောင်းနေပေပြီ။ အစ္စရေး ကွန်မန်ဒိုတပ်စုတွင် အမှတ် (၃၅) လေကြောင်းမဟာနှင့် ဂိုလန် ခြေလျင်တပ်မဟာမှ အကောင်းဆုံးထဲမှ အကောင်းဆုံး ရွေးချယ်ထားခြင်းပင် ဖြစ်ပါသည်ဟု ဆိုလိုက်ပေသည်။

ကွန်မန်ဒိုတပ်ဖွဲ့ကို ဦးဆောင်မည့်သူများမှာ အသက် ၃၀ ရှိ ဒုဗိုလ်မှူးကြီး ဟိုနာတန် နေတန်ရာဟူ ဖြစ်လေသည်။ ဗိုလ်ချုပ်ကြီးဂူးရ်သည် ကွန်မန်ဒိုတပ်ဖွဲ့ဝင်များကို မီးစိမ်း ပြလိုက်လေပြီ။ နေတန်ရာဟူ ကွန်မန်ဒိုများသည် ရှမ်အယ်လ်ရှိတ်စ် အနီးရှိသဲန္တရ လေဆိပ်မှ အာဖရိကတိုက် အတွင်းသို့ လေကြောင်းချီပွဲ စတင်ပါလေပြီ။

ဤသို့ အစ္စရေး ကွန်မန်ဒိုများ တိုက်ခိုက်မှုကို ဆုံးဖြတ်မည့် ဇူလိုင်လ (၃) ရက်နေ့ ဖြစ်သည့် စနေနေ့ နံနက်ပိုင်းတွင် အစ္စရေး နိုင်ငံခြားရေးဝန်ကြီး အာလွန်သည် ကုလသမဂ္ဂ အမေရိကန် ကိုယ်စားလှယ်ဟောင်း မစ္စတာ ဒယ်နီယယ်ပက်ထရစ်မွိုင်နီဟန်နှင့် နံနက်စာကို အေးချမ်းစွာပင် စားသောက်ကာ လည်ပတ်ခဲ့သေးသည်။ မစ္စတာမွိုင်နီဟန်ကမူ အစ္စရေး နိုင်ငံခြားရေးဝန်ကြီး၏ သွင်ပြင်လက္ခဏာများ အလွန်အေးချမ်း နေပုံရသည်ဟု နောင်သောအခါ ပြောပြလေသည်။ ကျုပ်တို့ကတော့ ပြင်သစ်နိုင်ငံအနေနဲ့ တစ်ခုခု စေ့စပ် ပေးနိုင်


www.burmeseclassic.com

www.burmeseclassic.com
လိမ့်မယ်လို့ စောင့်မျှော်နေပါတယ်ဟု ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီး မစ္စတာအာလွန်က ပြောကြားခဲ့လေသည်။

## သွေးလွှမ်းသောနေ့

"အကြမ်းဖက်သမားတွေက လွှတ်ဖို့ တောင်းဆိုထားတဲ့ လူတွေ ခေါ်လာပါတယ်။ ကျုပ်တို့ ပြင်သစ်လေကြောင်း လေယာဉ်တွေပါ။ "အင်တက်ဘီ လေဆိပ်ပေါ် အရောက်တွင် ပထမဆုံး ဟာကြူလီ စီ ၁၃၀ လေယာဉ်ကြီးက လေဆိပ်မျှော်စင်သို့ အကြောင်းကြားလိုက်လေသည်။ ဒုတိယ လေယာဉ်ကတော့ ထိုအချိန်တွင် ရောက်လေ့ရောက်ထရှိသော အရှေ့အာဖရိက လေကြောင်းပိုင် လေယာဉ်ဖြစ်ကြောင်း လေဆိပ်မျှော်စင်သို့ သတင်းပို့ လိုက်ပြန်သည်။ လေဆိပ်မျှော်စင်က ကောင်းပြီဟု စကားပြန်လိုက်သည်။

အစ္စရေးနိုင်ငံမှ ထွက်ခွါလာစဉ်က စီ ၁၃၀ အမျိုးအစား ဟာကြူလီ လေယာဉ်ကြီး နှစ်စီး၊ ၇၀၇ ဘိုရင်း ဂျက်နှစ်စီး ဖြစ်လေသည်။ ၇၀၇ ဘိုးရင်း ဂျက်တစ်စီးကို ဆေးရုံအဖြစ် သတ်မှတ်ထားပေသည်။ အစ္စရေး ဖင်တန်ဂျက်များက ကောင်းကင်ပြင်မှ စောင့်ရှောက်လိုက်ပါရင်း လေယာဉ်ကြီး လေးစင်းသည် အယ်လ်အာလ် လေကြောင်းခရီးအတိုင်း ပင်လယ်နီ၊ အီသီယိုပီးယားနိုင်ငံနှင့် ကင်ညာတို့ကို ဖြတ်ကျော်ပျံသန်းလာခဲ့ပေသည်။

အစ္စရေးနိုင်ငံမှ အင်တက်ဘီ လေဆိပ်အရောက် ပျံသန်းခဲ့ရသည့် လေကြောင်းခရီးစဉ် ၂၆၂၀ မိုင် ပျံသန်းမှုမှာလည်း အင်တက်ဘီ လေဆိပ်၌ ဓါးစာခံတို့ကို လျှက်တပြက် ကယ်တင်မှုကဲ့သို့ပင် ပညာသားပါပါ ကျွမ်းကျင် ပါးနပ်ခဲ့ရပေသည်။ ဟာကြူလီ စီ ၁၃၀ လေယာဉ်ကြီးများသည် ပယ်လယ်နီပေါ်၌ ပေ ၅၀ လောက်ပင် လျှပ်တိုက် မောင်းနှင်ခဲ့ရသည်များလည်း ရှိခဲ့ပေသည်။ ဝေဟင်အမြင့်ထဲတွင်လည်း လေယာဉ်အချင်း ဆက်၍ဓါတ်ဆီ ဖြည့်ရသည်များလည်း ရှိခဲ့သည်။ လမ်းတွင်အီဒီဂျစ်နှင့်


www.burmeseclassic.com

www.burmeseclassic.com

ဆောဒီအာရေဗျနိုင်ငံ လေယာဉ်များက ကြားဖြတ် တိုက်ခိုက်မည့်ရန်ကိုလည်း ကြိုတင်တွက်ဆကာ အဖက်ဖက်မှ ပြင်ဆင်ကာကွယ်ခဲ့ရပေသည်။

ယူဂန်ဒါနိုင်ငံ ဝိတိုရိယ ရေအိုင်ကြီးပေါ် အရောက်တွင် ယူဂန်ဒါရာဒါ (နတ်မျက်စေ့) ဖြင့် ရှာဖွေနိုင်စွမ်း မရှိအောင် ရေအိုင်ကြီး ရေပြင်နားကပ်၍ မောင်းနှင်ခဲ့ရပြန်လေသည်။ အင်တက်ဘီ လေဆိပ်ပေါ် အရောက်တွင်မှသာ လွှတ်မည့် အကြမ်းဖက်သမားများ တင်ဆောင်လာသော လေယာဉ်အဖြစ် ကွင်းဆင်းခွင့်တောင်းလိုက်ခြင်း ဖြစ်ပေတော့သည်။ ဟာကြူလီ လေယာဉ်ကြီးနှစ်စင်းက အင်တက်ဘီ လေဆိပ်ကို သက်ဆင်းနေချိန်တွင် ၇ဝ၇ ဘိုးရင်း ဂျက်လေယာဉ်ကြီးက ကွင်းပေါ်မှ ပတ်ပြီး နေသည်။ အစ္စရေး ကွန်မန်ဒိုတပ်ဖွဲ့ဝင် ၁ဝဝ မှ ၂ဝဝ အကြားရှိမည် ထင်ရသည်။ အစ္စရေး အာဏာပိုင်များက တိုက်ပွဲဝင်အင်အားကိုမူ မြုပ်ကွက် လုပ်ထားလေသည်။ မည်သို့ပင် အသိပေးထားထား၊ အစ္စရေး ကွန်မန်ဒိုများအဖို့ အင်တက်ဘီ လေဆိပ်တွင် ဘာတွေနှင့် ရင်ဆိုင်ရမည်ဆိုခြင်းကို မခန့်မှန်းနိုင်အောင် ဖြစ်ကြရပေသည်။ အကြမ်းဖက်သမားများကတော့ ခုနစ်ယောက်မှ ၁ဝ ယောက် အထိ ရှိမည်ဟု ကြိုတင်သိရှိထားကြပေသည်။ ဒါပေမဲ့ သူတို့ ဘယ်မှာ နေကြမလဲ။ ဘာလက်နက်တွေကို ကိုင်ဆောင်ထားသလဲ။ ဒါတွေကိုတော့ ဘာဆိုဘာမှ မသိနိုင်။

အင်တက်ဘီ လေဆိပ်တွင် ယူဂန်ဒါစစ်သား ၇ဝ လောက် စောင့်ကြပ်နေပေလိမ့်မည်။ ဒါက ကြိုတင်ရရှိထားတဲ့ သတင်းစကား။ ဒါပေမဲ့ သူတို့ဘယ်နေရာမှာ တပ်စွဲပြီး ဘာတွေ လုပ်နေကြမယ် ဆိုတာကိုတော့ အစ္စရေး ကွန်မန်ဒိုများက မသိနိုင်ကြပေ။ သို့စဉ်လည်း အခြေအနေ အရပ်ရပ်အားလုံးမှာ အစ္စရေး ကွန်မန်ဒိုများအတွက် အလေးသာနေသကဲ့သို့ ဖြစ်လာရပေသည်။ စီ ၁၃ဝ လေယာဉ်ပျံကြီးတွေ အကြီးကြီးနှစ်စင်း မြေပြင် ရောက်ရှိလာပြီ။ လေယာဉ်ပျံနောက်ပေါက်တွေ ဖွင့်ပြီး အစ္စရေးဂျစ်ကားတွေ၊ သံချပ်ကာ အပေါ့စား

www.burmeseclassic.com

လူတင်ယာဉ်တွေကိုလည်း ကွင်းထဲ မောင်းချပြီးပြီ။ လေယာဉ်ဆီမှ မိုင်ဝက်ခန့် ဝေးသေးသော အစ္စရေး ဓါးစာခံများထားရာ လေဆိပ်ခန်းမဆောင် အဟောင်းဆီသို့ သံချပ်ကာ အပေါ့စား လူတင်ယာဉ်များက အပြင်း မောင်းနှင်နေကြပြီ။ ထိုအချိန်အထိ ဘယ်သူကမှ မဟန့်တားကြ၊ ဟန့်တားရန်လည်း အဆင်သင့် မဖြစ်ကြသေး။ မိနစ်ပိုင်း အတွင်းမှာပင် အစ္စရေး ကွန်မန်ဒိုတစ်ဖွဲ့သည် ဓါးစာခံများ အိပ်စက်နေသည့် လေဆိပ်ခန်းမဆောင် အဟောင်းသို့ ရောက်သွားကြပေသည်။ အစ္စရေး ကွန်မန်ဒိုများက လေယာဉ်အပိုင်စီး အကြမ်းဖက်သမားကို အပြတ် ဖြေရှင်းလိုက်လေပြီ။ အစ္စရေး ကွန်မန်ဒိုများနှင့် ပါလာသော အရံတပ်ဖွဲ့ဝင် အရာရှိများက အစ္စရေး ဓါးစာခံများအား "ဝပ်နေကြ...ဝပ်နေကြ" ဟု အော်ဟစ် သတိပေးနေလေတော့သည်။ ပစ်ခတ်မှုတွေ ခဏမျှ ငြိမ်သက်ရပ်တန့် သွားလေပြီ။

ထိုအချိန်ကလေးတွင် လေယာဉ်အပိုင်စီး အကြမ်းဖက် ခေါင်းဆောင် အနောက်ဂျာမနီသား ဝီလ်ဖရက်ဘိုစီသည် စက်သေနတ် အပေါ့စားလေး ကိုင်ပြီး ဓါးစာခံများရှိရာ လေဆိပ် ခန်းမဆောင်ထဲသို့ ရောက်လာပေသည်။ အစ္စရေးဓါးစာခံတွေကတော့ ကြမ်းပြင်မှာ မှောက်လျက်သား... ။

အကြမ်းဖက်သမားက အစ္စရေး ဓါးစာခံတွေဖက်ကို စက်သေနတ်နဲ့ ထိုးချိန်လိုက်ရာ ဓါးစာခံတစ်ဦးဖြစ်သူ အိုင်ယန်တာတပ်ဗ်က တွေ့လိုက်သဖြင့် တကိုယ်လုံး အေးစက် ချောက်ချားမိလေတော့သည်။ သေနတ် ခလုတ်မောင်း ဆွဲတော့မည့်ဆဲဆဲ ဘာစိတ်ကူး ပေါက်သွားသည်မသိ ဂျာမန် အကြမ်းဖက်သမားသည် ချာကနဲလှည့်၍ ခန်းမဆောင်ပြင်ဖက်သို့ ပြေးထွက်သွားပြီး အမှောင်ထဲသို့ ပစ်ခတ်လိုက်လေတော့သည်။ ဂျာမန် အကြမ်းဖက်သမားက အစ္စရေး ဓါးစာခံတွေကို ဘာကြောင့် မပစ်သတ်သနည်း။ ဓါးစာခံတစ်ဦးဖြစ်သူ အိုင်ယာတာတပ်ဗ်ကတော့ ဤသို့ ထွက်လိုက်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဂျာမန် အကြမ်းဖက်သမားဘိုစီက အစ္စရေး ခါးစာခံများအား ပစ်မသတ်ခဲ့ခြင်းမှာ ညဦးပိုင်းက ခါးစာခံတစ်ဦးဖြစ်သူ ရီဇတ်ဒေးဗစ်နှင့် ယင်းဂျာမန် အကြမ်းဖက်သမားတို့ စကားလက်ဆုံ ကျခဲ့သည့် အကြောင်းကြောင့် ဖြစ်လိမ့်မည်ဟု တွေးဆ တွက်ချက်လိုက်လေသည်။ ညဦးပိုင်းက ခါးစာခံဒေးဗစ်သည် ဒုတိယကမ္ဘာစစ်ကြီး အတွင်း ဂျာမန် အကျဉ်းစခန်း၌ နေရစဉ်တွင် အကျဉ်းသားအမှတ် ဆေးထိုးခံရသော လက်မောင်းကို ထိုဂျာမန် အကြမ်းဖက်သမားအား ပြသခဲ့လေသည်။

"အဲဒါဟာ... မင်းအဖေရဲ့ လက်ချက်ပေါ့၊ ငါ့သားသမီးတွေကိုတော့ အခုခေတ် ဂျာမန်လူငယ်တွေဟာ ဟိုခေတ်ကဂျာမန်တွေနဲ့ မတူတော့ဘူးလို့ ပြောခဲ့ဘူးပါရဲ့၊ ဒါပေမဲ့ မင်းက ဒို့အပေါ်မှာ အခုလိုလုပ်ရပ်မျိုး လုပ်ပြန်တော့ ငါ့သားသမီးတွေကို ဘယ်လိုရှင်းပြနိုင်မလဲ" ညဦးပိုင်းက အစ္စရေး ခါးစာခံ ဒေးဗစ်၏ ပြောကြားချက်များမှာ ဂျာမန်အကြမ်းဖက်သမား ဘိုစီ၏ စိတ်နှလုံးဝယ် အမြစ်တွယ်နေဟန် တူသည်။ အခြေအနေ ရှုတ်ထွေးကာ ယောက်ယက်ခတ်နေစဉ်၊ အစ္စရေး ခါးစာခံများမှာ မယုံကြည်နိုင်စရာ ဖြစ်ရပ်၊ ယုံကြည်နိုင်ရန်ပင် ခဲယဉ်းနေကြပေတော့သည်။

အစ္စရေးတို့သည် မိမိတို့အား လာကယ်သည် ဆိုသည်မှာ ဖြစ်နိုင်ပါရဲ့လား။ အစ္စရေး ကွန်မန်ဒိုများက အစ္စရေး... အစ္စရေးဟု အော်ကြသည်။ ခါးစာခံတို့သည် မိမိတို့ နားကြားပင် လွဲနေရော့သလား ထင်နေကြသည်။ အစ္စရေးဘာသာဖြင့် ဝပ်နေကြ... ငြိမ်ငြိမ်နေကြ ပြောတော့မှပင် ယုံကြည်လာကြတော့သည်။ အသက် (၄၂) နှစ်ရှိ ခါးစာခံ တစ်ဦးဖြစ်သူ အူဇီဒေးဗစ်ဆန်သည် ကြမ်းပြင်တွင် မှောက်လျက်နေရာမှ မော်ကြည့်လိုက်ရာ နပျိုသော အစ္စရေး ကွန်မန်ဒို တပ်သားများကို တွေ့လိုက်ရပေတော့သည်။ "အလွန်နုနယ် ချောမောပြေပြစ်တဲ့ အစ္စရေး တပ်သားကလေးဟာ... စက်သေနတ်ကတဖက်၊ ကျည်ဆံတွေ တဖက်နဲ့ကိုင်ရင်း ကျွန်တော့်ကို



www.burmeseclassic.com

www.burmeseclassic.com

မေးလိုက်ပါတယ် "ခင်ဗျားတို့ဖက်မှာကော ဘာထူးသေးသလဲဗျ" အူဇီဒေးပစ်ဆန်က နောင်သောအခါ အထက်ပါအတိုင်း ရှင်းပြခဲ့လေသည်။

## ငရဲပြည်တမျှ

ခါးစာခံ ကယ်ဆယ်ရေးမှာ အားလုံးတော့ ချောမွေ့လှသည် မဟုတ်ချေ။ ခါးစာခံသုံးဦးမှာ ကံမကောင်းလှ။ အစ္စရေး ကွန်မန်ဒိုများက ခါးစာခံများထားရာ အခန်းတွင်းသို့ ချဉ်းနင်း ဝင်ရောက်လာသည့်အခါ ခါးစာခံသုံးဦးက ထရပ်လိုက်ရာ ၎င်းတို့အား အကြမ်းဖက်သမားများဟု အထင်မှားပြီး ပစ်ခတ်လိုက်သဖြင့် သေဆုံး သွားရလေသည်။ သေဆုံးသူတစ်ဦးမှာ အသက် (၁၉) နှစ်ရှိ မော်ရိုကို အစ္စရေးအမျိုးသား ဖြစ်လေသည်။ ခါးစာခံတစ်ဦးဖြစ်သူ ဟာတပ်ဗက်က ဝပ်ချလိုက်ဟု ပြောသည်ကိုပင် မရ။ ၎င်းမှာလည်း အာရပ်နှင့် အလွန်တူသဖြင့် အစ္စရေး ကွန်မန်ဒိုများက အကြမ်းဖက်သမားဟု အထင်မှားကာ ပစ်ခတ်လိုက်ခြင်းပင် ဖြစ်လေသည်။

သေဆုံးခဲ့သူ အခြားနှစ်ဦးကမူ ခါးစာခံများကို ပစ်ခတ်ရန် အကြမ်းဖက်သမား ဝင်လာပြီဟု ထင်သောကြောင့် ထပြေးရာမှ သေနတ်ပစ်ခံရပြီး သေရပြန်သည်။ "တချို့ လူတွေက အိမ်သာထဲ ဝင်ပြေးကြ၊ တချို့ကလည်း မွေ့ရာအောက်ကို အတင်း တိုးဝင်နေကြတယ်" ဟု ခါးစာခံတစ်ဦးဖြစ်သူ ဆီလ်ဗာအေရပ်ချ်က ပြောကြား လေသည်။ လေဆိပ် ခန်းမဆောင်တစ်ခုလုံးမှာ ငရဲပြည်တမျှ ကြောက်လန့် ဆူပွက် အော်ဟစ်သံတို့ဖြင့် ဖုံးလွှမ်းနေလေတော့သည်။ "ကျုပ်တို့ နားထဲမှာတော့ စက်သေနတ်သံ၊ သေနတ်သံ၊ ရော့ကက်သံ၊ ယမ်းဘီလူးခွဲသံ၊ အိုး... အားလုံး စုံနေတော့တာပဲ" ဟု မစ္စတာအူဇီဒေးပစ်ဆန်က ပြောကြားပြန် လေသည်။ "၁၀ မိနစ်လုံးလုံး ဟိုကဝင်လာလိုက်၊ ဒီကဝင်လာလိုက်နဲ့ ကျည်ဆံတွေဟာ ပလူပျံသလိုပါပဲ" အစ္စရေး ကွန်မန်ဒိုများက လေယာဉ်အပိုင်စီး အကြမ်းဖက်သမား ခုနစ်ဦးကို သုတ်သင်



www.burmeseclassic.com

www.burmeseclassic.com
ပစ်လိုက်ရာတွင် သုံးဦးခန့် လွတ်မြောက်သွားဟန်ရှိ ရှိပေသည်။ သေဆုံးသည့် အကြမ်းဖက်သမားများအနက် ပါလက်စတိုင်း အမျိုးသားနှစ်ဦးနှင့် အနောက်ဂျာမနီနိုင်ငံသား နှစ်ဦးကို အမည် ဖေါ်ထုတ်နိုင်လေသည်။ တစ်ဦးမှာ ဘိုစီအသက် (၂၇) နှစ် ဖြစ်ပြီး ကျန်တစ်ဦးမှာ အသက် (၂၄) နှစ်ခန့်ရှိ ဂေဘရယ်လ် ထရော့ချာဘိုင်ဒီမန်း ဖြစ်လေသည်။

ပစ်သံ ခတ်သံတွေကတော့ ရပ်စဲလို့ သွားလေပြီ။ အစ္စရေး ဘာသာဖြင့် လက်ကိုင်အသံချဲ့စက်မှ အသံများထွက်လာသည်။ အဝတ်အစား မြန်မြန်လဲရန်၊ မိမိတို့ ကိုယ်ပိုင်ပစ္စည်းများ ယူငင်ရန်နှင့် ခန်းမဆောင် ပြင်ပသို့ ထွက်ရန် ဖြစ်လေသည်။ "ပစ်တာခတ်တာ ကြောက်မနေနဲ့ ခင်ဗျားတို့ကို ဒီကကယ်တင်မယ်" ပြောသည့် အတိုင်းလည်း လုပ်သည်။ ဟာကြူလီ လေယာဉ်ကြီးမှာ လေဆိပ်ခန်းမဆောင်နှင့် ကိုက် ၁၀၀ လောက်အကွာတွင် စက်နှိုးပြီး အသင့် ရှိနေလေပြီ။ အချို့ ဓါးစာခံများသည် ဂျစ်ကားပေါ်သို့ စုပြုံ တက်ကြသည်။ အချို့က လေယာဉ်ရှိရာသို့ ဖိနပ်မပါ လက်ဗလာသက်သက်ပင် ပြေးကာလွှားကာ တက်ရောက်ကြသည်။ အချို့တွင် အဝတ်များပင် များများမပါလှ။

အစ္စရေး တပ်မတော်သားများ ကွန်မန်ဒိုများသည် မိမိတို့ ကယ်ဆယ်ရရှိသော ဓါးစာခံများကို စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက် ခဲ့ချေပြီ။ တစ်ယောက်သော အစ္စရေး ကွန်မန်ဒိုမှာ တဖက်က စက်သေနတ်ကိုကိုင်ရင်း လက်တစ်ဖက်က လေးနှစ်ရွယ် ဓါးစာခံကလေးတစ်ဦးကို ပွေ့ချီရင်း လေယာဉ်ကြီးဆီသို့ အပြေးအလွှား လာရောက် ပို့ပေးရာလေသည်။ ထိုအချိန်အထိ လျှပ်တပြက် ကယ်ဆယ်ရေးလုပ်ငန်းမှာ အောင်မြင်သည်ဟု မဆိုနိုင်သေး။ အစ္စရေး ကွန်မန်ဒိုများအတွက် တိုက်ခိုက်မှု အန္တရာယ် ကင်းရှင်းပြီဟု အပြီးသတ်မတွက်နိုင်သေးချေ။ ကွန်မန်ဒိုတစ်ဖွဲ့သည် လေဆိပ်ခန်းမဆောင် နောက်ဖက်ရှိ ဆိုဗီယက်တို့ ထောက်ပံ့ထားသော အမ်အိုင်ဂျီ


www.burmeseclassic.com

www.burmeseclassic.com

တိုက်လေယာဉ်များကို ဖေါက်ခွဲ ဖျက်ဆီးလိုက်လေတော့သည်။ အစ္စရေးတို့သည် နောက်ကလိုက်၍ တိုက်မည့်အန္တရာယ်ကို ကြိုတင်တားဆီးလိုက်ခြင်းသာ ဖြစ်ပေသည်။

အမှန်ဆိုရလျှင်အမ်အိုင်ဂျီ လေယာဉ်များကို ဖျက်ဆီးရန်တောင် မလိုဟု ဆိုချင်သည်။ အမ်အိုင်ဂျီ တိုက်လေယာဉ်ကြီးများကို ကိုင်တွယ် မောင်းနှင်နေကျ ဖြစ်သော ပါလက်စတိုင်း အမျိုးသားများမှာ ထိုစဉ်က ယူဂန်ဒါနိုင်ငံ၌ပင် မရှိပဲ ပြည်ပသို့ ရောက်ရှိနေခိုက် ဖြစ်လေသည်။ ပြည်တွင်းရှိ ယူဂန်ဒါ အမျိုးသားပိုင်းလော့များကလည်း အမ်အိုင်ဂျီ လေယာဉ်များ မောင်းနှင်စွမ်းမရှိဟုဆိုသည်။

ဤသို့ အစ္စရေး ကွန်မန်ဒိုတပ်သားများ အင်တက်ဘီ လေယာဉ်ကွင်း အတွင်း အကွဲကွဲအပြားပြား ဖြစ်နေစဉ် လေယာဉ်ကွင်း အစောင့်ဖြစ်သော ယူဂန်ဒါ စစ်သားများက ပြန်လည်စုစည်း တိုက်ခိုက်ကြပြန်လေသည်။ တိုက်ပွဲက မကြာလိုက်။ ဤတွင် အစ္စရေး ကွန်မန်ဒိုတပ်ဖွဲ့ ခေါင်းဆောင် ဒုဗိုလ်မှူးကြီး နေတန်ရာဟူမှာ လေဆိပ် မျှော်စင်ပေါ်မှ ယူဂန်ဒါ လက်ဖြောင့်တပ်သား၏ ပစ်ခတ်မှုကြောင့် နောက်ကျောတွင် ဒဏ်ရာရကာ ကျဆုံးခဲ့ပြန်လေသည်။

## ရှိုက်သံနှောတဲ့ ဘုရားရှိခိုးသံ

"အစ္စရေး လေယာဉ်မှူးကကျုပ်ကို လက်ဆွဲနှုတ်ဆက်ပြီး ခင်ဗျားလူတွေ စုံပြီလား၊ အားလုံး ကျန်းကျန်းမာမာပဲလားလို့ မေးပါတယ်" ဒါကတော့ အပိုင်စီးခံရသော ပြင်သစ် လေယာဉ်မှူး မိုက်ကယ်ဘာလို၏ ပြောစကားပင်ဖြစ်သည်။ "ပြီးတော့သူတို့ လေယာဉ်ပေါ် ရောက်ပြီးသား ဓါးစာခံတွေကို နစ်ခါပြန် ရေတွက်ပြီးမှ လေယာဉ် တံခါးကို ပိတ်တော့တယ်" အင်တက်ဘီ လေဆိပ်မှ အစ္စရေးဓါးစာခံများ ကယ်ဆယ်ရာတွင် ကံဆိုးသူ အသက် (၇၃) နှစ်အရွယ်ရှိ ဒေါ်ရာဘာလော့ချ်ဆိုသူ အမျိုးသမီးကြီး တစ်ဦးသာ ယူဂန်ဒါ ဆေးရုံသို့ တက်ရောက် နေရသဖြင့်



www.burmeseclassic.com

www.burmeseclassic.com
ကယ်ဆယ်ရာတွင် မပါဝင်ခဲ့ ရှာပေ။ ထို အမျိုးသမီးကြီးမှာ ယခုအခါ ယူဂန်ဒါ စစ်သားများ၏ သတ်ဖြတ်မှုကြောင့် ကွယ်လွန်ရှာပြီဟု ထင်သည်။

အင်တက်ဘီ လေဆိပ်မှ ဟာကြျုလီ လေယာဉ်ကြီးများ ထွက်ခွာ ပျံသန်းလာသောအခါ လွတ်မြောက်လာပြီဖြစ်သော ဓါးစာခံများမှာ ငိုတဝက် ရှိုက်တဝက် ဖြစ်ကြရလေသည်။ အချို့မှာ ဘုရားရှိခိုး ဆုတောင်းခြင်းဖြင့် အချို့မှာ ဟုတ်မှ ဟုတ်ရဲ့လားဟု ဇဝေဇဝါဖြစ်ကာ ဒေါင့်ကုပ်ပြီး ငြိမ်သက်စွာ လိုက်ပါလာသူများလည်း ရှိပေသည်။ အမျိုးသမီးတစ်ဦးမှာ အစ္စရေးဘာသာဖြင့် တကဲ့ အံ့သြဘွယ်ရာပါပဲ၊ တကဲ့ကို ထူးခြားတဲ့ ဖြစ်ရပ်ပါပဲဟု နှုတ်မှမြည်တမ်းလျှက် နေပေတော့သည်။

## အခန်း ( ၃ )

### မဖြစ်နိုင်သည်ကို ဖြစ်ခဲ့ရခြင်း

အင်တက်ဘီ လေဆိပ်၌ အစ္စရေး ဓါးစာခံများကို လျှပ်တပြက် စစ်ဆင်နည်းဖြင့် ကယ်တင်ခဲ့ခြင်းမှာ မဖြစ်နိုင်သည်ကို ဖြစ်ခဲ့ခြင်းဟု ပြောဖွယ်ရာရှိလေသည်။ ကျုပ်တို့ အဖို့ မဖြစ်နိုင်သည်ကို လုပ်ခဲ့လေပြီဟု အစ္စရေးတို့က ဆိုကြသည်။ ယခု ခေတ်သစ်အဖို့ ယခုလို ကယ်တင်နည်းမျိုးမှာ အလွန့်အလွန် စွန့်စားခန်းကြီးပင် ဖြစ်ပေတော့သည်။

၁၉၇၆ ခု ဇွန်လ (၂၇) ရက်နေ့မှစ၍ ရက်သတ္တပတ်လောက် ကြာမျှ လေယာဉ် ခရီးသည်ကို ပါလက်စတိုင်းလိုလားသော အကြမ်းဖက်အုပ်စုက လေယာဉ် အပိုင်စီးပြီး ဓါးစာခံအဖြစ် ထားခဲ့သည်။ ပြန်ပေးဆွဲခံရစဉ်က (၂၅၆) ယောက်။ တဖြည်းဖြည်းနှင့် ပြန်လွှတ်ပေးခဲ့ရာမှ အစ္စရေးနိုင်ငံသားချည်း နီးနီး (၁၀၈) ဦးသာ ကျန်တော့သည်။ ဓါးစာခံ များ အဖို့ ဘယ်အချိန် သေရတော့မလဲဟု ငံ့လင့် နေရသည်။


www.burmeseclassic.com

www.burmeseclassic.com

လေယာဉ် အပိုင်စီး အကြမ်းဖက်သမားများ၏ လိုလားချက် တောင်းခံမှု မပြည့်ဝလျှင် ဓါးစာခံတို့အတွက် အချိန်မရွေး သေမိန့် ဖြစ်နိုင်သည်။ ၁၉၇၆ ခု ဇွန်လ ( ၂ ) ရက်နေ့၊ စနေနေ့တွင် ခရီးသည် (၂၅၆) ဦး ပါဝင်သော ပြင်သစ်ပိုင် လေယာဉ်ကြီးကို အေသင် လေဆိပ်မှ ထွက်ခွာလျှင် ထွက်ခွာခြင်း အကြမ်းဖက်သမားများက အပိုင်စီးသွားသည်ဟူသော သတင်းများ ကမ္ဘာတဝှန်းလုံး ပျံ့နှံ့သွားချိန်တွင် ဘယ်သူကမှ လေယာဉ် ခရီးသည်တို့၏ ကံကြမ္မာကို ကောင်းလာလိမ့်မည်ဟု မမျှော်လင့်ကြပေ။ မျှော်လင့်စရာ အကြောင်းကလည်း မရှိ။ လေယာဉ် ဖေါက်ခွဲခံရမလား၊ ဓါးစာခံတွေ အသတ်ခံရမလား။ ဖြစ်ခဲ့ဘူးပေါင်းလည်း များလှပေပြီ။ သာဓကတွေလည်း အများကြီးရှိသည်။

လေယာဉ် အပိုင်စီးခံရပုံကို ကြည့်ပါဦး၊ သူတို့ ဘယ်ကလာမှန်းမသိ။ မျက်နှာကိုလည်း ကွဲကွဲပြားပြား မမြင်ရ၊ ပြောရလျှင် မျက်နှာမဲ့ ပိုင်ရှင်များ။ သူတို့ကို ဘယ်အဖွဲ့ကမှန်းလည်း မသိ ဘယ်သူမှ မသိရကြ။ လျှို့ဝှက် သဲဖိုဆန်လှသည်။ လက်နက်တွေကို လေယာဉ်ပေါ် ရောက်အောင် ဘယ်လိုနည်းနဲ့များ ယူလာကြပါလိမ့်၊ ဒါကိုလည်း ဘယ်သူကမှ မသိ။ ဒါဖြင့် ဘယ်ခရီးကိုများ ဆက်ရပါလိမ့်။ ဒါလည်း မသိရေးချ မသိ။

သို့သော် အကြမ်းဖက်သမားများ၏ ချက်ချင်း တောင်းဆိုချက်ကတော့ အပြစ်ပေးခံနေရသော လွတ်မြောက်ရေး တိုက်ပွဲဝင် (၅၃) ဦးကို လွှတ်ပေးရန်ပင် ဖြစ်သည်။ ဓါးစာခံ ခရီးသည် (၂၅၆) ဦး၏ အသက်ဖြင့် လဲမည်ဟု ခြိမ်းခြောက်လေသည်။ အပြစ်ပေးခံနေရသော အကြမ်းဖက်သမား ဆိုသည်မှာလည်း အကြမ်းဖက်လုပ်ရပ်အသီးသီးကို လက်တွေ့ လုပ်ခဲ့ပြီး သေလူများသာ ဖြစ်ကြပေသည်။ ဓါးစာခံ (၂၅၆) ဦးထဲတွင် အစ္စရေးနိုင်ငံနှင့် ဂျူးလူမျိုးတို့က ဦးရေများများ ပါဝင်သည်။ အစ္စရေးနိုင်ငံသားများအဖို့ လေယာဉ် အပိုင်စီးခံရသည် ဆိုကတည်းက သေဖို့နှင့် နေရဖို့တွင်


www.burmeseclassic.com

www.burmeseclassic.com
သေရဖို့က အလေးသာနေသည်။ အကြမ်းဖက်သမားများနှင့် ရင်ဆိုင်ရပြီဆိုလျှင် ဘယ်တုန်းကမှ မသက်သာ။

## အခန်း ( ၄ )

### ကျွန်မတို့ လွတ်လာပြီ

အေသင်လေဆိပ်မှ အထွက်တွင် လေယာဉ် အပိုင်စီးခံရစဉ်က ခရီးသည် စုစုပေါင်းမှာ (၂၅၆) ဦး ပါရှိခဲ့သည်။ ယင်းအနက် ဒေးဗစ်ဆန်အမည်ရှိ အစ္စရေး မိသားစုလေးဦး တစ်စု ပါဝင်ခဲ့လေသည်။ ဖခင်ဖြစ်သူက လုပ်ငန်းဆိုင်ရာမန်နေဂျာ အူဇီဒေးဗစ်ဆန်။ မိခင်ဖြစ်သူမှာ အသက် (၃၀) မပြည့်တတ်သေးသည့် ဆာရာ။ မျက်လုံးလေး ညိုပြာရောင်နဲ့ ဘဝအောင်မြင်မှုခရီးကို ချီတက်နေတဲ့ အိမ်ထောင်ရှင်မ တစ်ဦးဖြစ်ရုံမကသေး၊ လျှပ်စစ် ကော်ပိုရေးရှင်း အတွင်းရေးမှူးလည်း ဖြစ်ပေသည်။

ယခုခရီးတွင် အသက် (၁၆) နှစ် ရှိပြီဖြစ်တဲ့ သားအကြီးဆုံး ရွှန်နှင့် ညီငယ် ဘင်ဂျမင်တို့လည်း ပါလာခဲ့ပေသည်။ ရွှန်မှာ ယခုနှစ်အဖို့ ကျောင်းပညာ ၁၂ ဆင့်တွင် သင်ကြားရမည် ဖြစ်ပြီး လာမည့်နှစ်တွင် စစ်ထဲဝင်ရောက် အမှုထမ်းရတော့မည် ဖြစ်သည်။ သားအကြီး ရွှန်အတွက် မိခင်ဖခင်ဖြစ်သူတို့က ပထမဆုံး ပြည်ပခရီး လှည့်လည်ခြင်းကို ခွင့်ပြုကာ လိုက်ပါစေခဲ့ခြင်း ဖြစ်လေသည်။ ဆာရာသည် ခင်ပွန်းဖြစ်သူ အူဇီနှင့်အတူ ပြည်ပခရီးသို့ အကြိမ်ကြိမ် ထွက်ခွာသွားလာခဲ့ဘူးသူဖြစ်ရာ ရောက်လေရာရာ အရပ်မှသားချစ်နှစ်ဦးထံသို့ စာရှည်ကြီးများ ရေးသားဆက်သွယ်လေ့ ရှိပေသည်။ ယခုတစ်ကြိမ် ခရီးထွက်ရာတွင်မူ သားနှစ်ဦးစလုံး ပါဝင်လာခဲ့စေကာမူ ဆာရာ၏မိခင်က သားချစ်များထံ စာရေးသားလေ့ရှိသည့် နည်းတူ ယခုခရီးတွင်လည်း ကျန်ရစ်သူ မိသားစုအတွက် စာများ ရေးသားပေးပို့ရန် တဖွဖွ မှာလိုက်ပေသည်။


www.burmeseclassic.com

www.burmeseclassic.com

မိခင်ဖြစ်သူထံ စာရေးရန် ရည်ရွယ်ပြီး ဝယ်လာသော ကော်ပီစာအုပ်ထဲ၌ ဆာရာက ဤသို့ စတင် ရေးလိုက်ပေတော့သည်။ "ဒီမှာ ဘာတွေ ဖြစ်ခဲ့ရတယ် ဆိုတာကိုတော့ ကျွန်မတို့ ရေးထားဖို့ လိုပြီ။ ဒါမှကျွန်မတို့အဖို့ ဘယ်လိုအဖြစ်ဆိုးမျိုး တွေ့ရတယ်ဆိုတာ တစ်ခုခုတော့ ကျန်ရစ်ခဲ့မှာ ဖြစ်တယ်"

အကြမ်းဖက်သမား တစ်စုက လေယာဉ်ကို အပိုင်စီးပြီးသည့် နာရီဝက်အကြာတွင် ဆာရာသည် ထိုစာကြောင်းကလေးကို ကော်ပီစာအုပ်အတွင်း၌ စတင် ရေးသားကာ မှတ်တမ်း တင်လိုက်ပေတော့သည်။ ဘင်ဂါဇီ လေဆိပ်သို့ အကြမ်းဖက်သမားများက လေယာဉ်ကို မဆင်းနိုင်းမီကလေးတွင် ဖြစ်လေသည်။ အကြမ်းဖက်သမား တစ်စုက ရှာကြဖွေကြရာတွင် ဆာရာ၏ လက်ကိုင်အိတ် မပါဝင်ခဲ့ပေ။ ဆာရာမှာလည်း ခပ်ငုံ့ငုံ့ လုပ်နေသဖြင့် ထိုစာကြောင်းတစ်ကြောင်း စတင်ရေးသားနိုင်ရန် အခွင့်အလမ်း ရလာခဲ့ခြင်းပင် ဖြစ်လေသည်။

"ကျွန်မတို့က လေးယောက်ဖြစ်လေတော့ လေယာဉ်ပြူတင်းပေါက်နားက နေရာ ကောင်းမရခဲ့ဘူးပေါ့။ ဒီတော့ တိုးရစ်တွေအတွက် သတ်မှတ်ထားတဲ့ နေရာရဲ့ နောက်ဖက် ကျကျက အလယ်ခုံတွေပဲ ရခဲ့ကြတယ်။ အူဇီနဲ့ သားကြီး ရွန်က လူသွားလမ်းနဲ့ ကပ်ရက်နေရာမှာ ထိုင်ပြီး ကျွန်မနဲ့ သားငယ် ဘင်ဂျမင်ကတော့ သူတို့နှစ်ဦးရဲ့ ကြားမှာ ထိုင်ခဲ့ကြရတယ်"

"အေသင်လေဆိပ်က ထွက်လာတော့ အူဇီက စာအုပ် ကောက်ကိုင် လိုက်တယ်။ ကလေးတွေနဲ့ ကျွန်မကတော့ ထိုင်ခုံနောက်က ခုံကလေးကို ဆွဲလှန် လိုက်ပြီး ဂျင်ရမ်မီကစားဖို့ ပြင်ကြတာပေါ့"

"အဲဒီမှာပဲ... စူးစူးဝါးဝါး အော်လိုက်တဲ့ မိန်းမအသံကို ကျွန်မတို့ ကြားလိုက်ရတယ်"

"ကျွန်မကတော့ ချက်ချင်းပဲ အူဇီကို ပြောလိုက်တယ်။ လေယာဉ်အပိုင်စီးခံရပြီလို့ ပြော



www.burmeseclassic.com

www.burmeseclassic.com

ဆရာရဲ့ သားကြီးဖြစ်သူ ရွှန်ကလည်း အဖမ်းခံနေရသည့် ရက်သတ္တပတ် အတွင်း၌ လေယာဉ် အပိုင်စီးရသည့် အတွေ့အကြုံကို ရေးသားရန် ကြိုးစားခဲ့ပေသေးသည်။ ရွှန်၏ ရေးသားချက်ကတော့ အောက်ပါအတိုင်းဖြစ်လေသည်။

"မိန်းမကြီး အော်သံကြားလိုက်ရတော့ ဒီမိန်းမကြီးတော့ လေယာဉ်မူးလို့ အော်တာပဲ ထင်လိုက်တာပေါ့၊ စက္ကန့်ပိုင်းတောင် မကြာပါဘူး၊ မိန်းမတွေ တစ်ယောက်ပြီး တစ်ယောက် ထထ အော်ကြတော့တာပါပဲ။ နောက်ပြီး မကြာခင်မှာပဲ လူနှစ်ယောက်က လေယာဉ်ခရီးသည် ပထမအခန်းဆီကို ပြေးသွားတာ တွေ့လိုက်ပြန်တယ်။ ကျွန်တော့်အဖို့တော့ ဖြစ်ရိုးဖြစ်စဉ် မဟုတ်တာတစ်ခုတော့ ဖြစ်နေပြီလို့ တွက်လိုက်မိပါတယ်။ ပြေးသွားသည်ဟု ဆိုသော ထိုလူနှစ်ယောက်မှာ လေယာဉ် အပိုင်စီး အကြမ်းဖက်သမားနှစ်ဦး ဖြစ်ကြောင်း နောင်သောအခါမှ သိခဲ့ရပေသည်။

"ဖေဖေက အံ့အားသင့်နေပေမဲ့ ကျွန်တော်တို့ အားလုံးကို ထိုင်ခုံတွေကြားထဲမှာ တတ်နိုင်သလောက် ငုံ့ပြီးဝပ်နေဖို့ ပြောရှာတယ်။ မေမေက ပြောတယ်။ တို့လေယာဉ်ပျံဟာ အကြမ်းဖက်သမားတွေရဲ့ အပိုင်စီးတာကို ခံနေရပြီလို့။ ကျွန်တော်ကတော့ မေမေဟာ စိတ်ကူးယဉ်လှတယ်လို့ ထင်မိတယ်။ ပြင်သစ် လေယာဉ်ပျံဟာ ဘယ်လိုလုပ်ပြီး အပိုင်စီးခံရပ့ါမလဲ… ကျွန်တော်တို့ကတွေးတာပေါ့… လေယာဉ် လုံခြုံရေးအရာရှိတွေ တစ်ခုခုစစ်ဆေးနေလို့ လေယာဉ်ဝန်ထမ်းတွေ ပြာယာခတ်နေတာပဲ ထင်လာတာပေါ့"

မိခင်ဖြစ်သူ ဆရာ၏ နေ့စဉ်မှတ်တမ်းက ပို၍ပင် စိတ်ဝင်စားစရာ ကောင်းလှပေသည်။ "ဒီလိုအဖြစ်မျိုး ကျွန်မတို့ မိသားစုအဖို့ ကြုံတွေ့ရလိမ့်မယ်လို့ ကျွန်မခင်ပွန်း အူဇီက မယုံဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် မသေချင်ပါဘူး။ ကျွန်တော် မသေချင်ပါဘူး... ဆိုတဲ့ တိုးတိုး ညှင်းညှင်း အသံကလေးဟာ သားငယ်ဘင်နီ (ဘင်ဂျမင်) ဆီကထွက်ပေါ်လာတယ်။ သားငယ်ဘင်နီက တိတ်တိတ်ကလေး ရှိုက်ငိုနေရှာတယ်"

ကျွန်မကတော့ ဗေလီယံ ဆေးပြားကလေးတွေ ထုတ်ပြီး တစ်ယောက်စီ တိုက်လိုက်တယ်။ ဘာပဲပြောပြော ဗေလီယံ ဆေးပြားကြောင့် ကျွန်မတို့ အခိုက်အတန့် စိတ်ငြိမ် သွားကြရတယ်။ သားငယ် ဘင်နီကလည်း အငိုရပ်သွားပြီး "မေမေရယ်... ကျွန်တော့်အဖို့ ဒီလိုသေဘေးနဲ့ နီးကပ်တာမျိုး တခါမှ မကြုံဘူးသေးလို့ပါတဲ့၊ မိခင်ကို တောင်းပန်တဲ့ လေသံကလေးနဲ့ ပြောရှာတယ်"

"ဒီအချိန်မှာ အကြမ်းဖက်သမားတစ်ဦးဟာ ပိုင်ပိုင်နိုင်နိုင် အုပ်စီးထားနိုင်တဲ့ အခြေအနေ ရောက်နေကြပြီပေါ့။ အာရတ်နှစ်ယောက်က နံပါတ် (၃၉) နဲ့ နံပါတ် (၅၅) လို့ တစ်ယောက်နဲ့တစ်ယောက် ဆက်သွယ်တဲ့ နေရာကနေ ခေါ်ကြတယ်။ ဒါပေမဲ့ ကျွန်မတို့က နောက်ကို သူတို့နှစ်ဦးကို ရုပ်ဝါနဲ့ ရုပ်နီလို့ပဲ နာမည် ပေးလိုက်ကြ တော့တယ်။ သူတို့နှစ်ယောက်ဟာ ကျွန်မတို့ အားလုံးနောက်မှာ ရပ်နေကြပြီး သေနတ်တွေ အသင့်ချိန်ထားတဲ့အပြင် လက်ပစ်ဗုံးတွေကိုလည်း လက်တစ်ဖက်က အသင့် ကိုင်ထားကြတယ်"

"လေယာဉ်ရဲ့ အရေးပေါ်ထွက်ပေါက် တံခါးဝမှာလဲ သံပူး ခပ်ရှယ်ရှယ်တွေ ချိပ်ဆွဲထားပြီး အဲဒီအထဲမှာ ယမ်းဘီလူးတွေ ရှိတယ်ဆိုပြီး ခြိမ်းခြောက်ထားတာပေါ့... ဒါပေမဲ့ အင်တက်ဘီ လေယာဉ်ကွင်းရောက်တဲ့ အခါမှာတော့ ဒီသံပူးတွေကိုပဲ ဖေါက်ပြီး အထဲက ချောကလက် သကြားလုံးတွေကို ထုတ်ပြီး ကျွန်မတို့ ကိုတောင် ကျွေးလိုက်ကြသေး။ သူတို့အဖို့တော့ ရယ်စရာ ပြောင်စရာ လှောင်စရာပေါ့။"

ဆာရာအနေဖြင့် ရေးနေသော နေ့စဉ် မှတ်တမ်းထဲတွင် ရေးမှတ်ရန် မသင့်၍ မရေးသော အကြောင်းများ ရှိသော်လည်း ကောင်းကောင်းမှတ်မိ နေသော


www.burmeseclassic.com

www.burmeseclassic.com

အချက်များစွာ ရှိခဲ့ပေသည်။ သူတို့ အားလုံးကို ပြန်ပေးဆွဲလိုက်ပြီဖြစ်ကြောင်း တရားဝင် ကျေညာပြီးခဲ့သည့် နောက်ပိုင်း ဆက်ခါဆက်ခါ ဖြစ်ပေါ်လာသော အကြောင်း အချင်းအရာများပင် ဖြစ်ပါချေသည်။ ယင်းတို့ကိုမှတ်တမ်းတင်မဝံ့သဖြင့်မတင်ခဲ့ပါချေ။

ဂျာမန် လေယူလေသိမ်း လွှမ်းမိုးနေတဲ့ အင်္ဂလိပ်စကားပြောသံ တစ်ခုဟာ လေယာဉ်တွင်းရှိ စကားပြောခွက် အသီးသီးက ထွက်ပေါ်လာတယ်။ "ကျွန်ုပ်ဟာ ဂါဇာကမ်းမြောင်ဒေသက အာမက် အယ်လ်ကူဗေစီ ဖြစ်ပါတယ်။ ပါလက်စတိုင်း လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေတဲ့ ပေါ်ပြူလာတစ်ဦး၊ ချီဂွေဗားရာ ကွန်မန်ဒို တပ်စုက ဖြစ်တယ်တဲ့"

"ပြီးတဲ့ နောက်တော့ ဘာကြောင့် လေယာဉ်ပျံကို ပြန်ပေးဆွဲရတဲ့ အကြောင်း၊ ပါလက်စတိုင်း လူမျိုးတွေအပေါ်မှာ အစ္စရေးကဘယ်လို ပြုမူ ဆောင်ရွက်ခဲ့တယ် ဆိုတာတွေကို အရှည်ကြီး ပြောနေတော့တာပါပဲ"

"လေယာဉ်ပျံကြီးကို လေထဲမှာ ဖေါက်ခွဲပစ်လိုက်တော့မလား ဆိုတာကိုပဲ ကျွန်မတို့အဖို့ စိုးရိမ်ထိတ်လန့် နေကြတယ်"

"ကျွန်မစိတ်ထဲမှာ ဖြစ်ပေါ်နေတဲ့ စိတ်ကူးကတော့ ဒီကနေ့ အဖို့သာ ပြောရရင် ရယ်စရာကောင်းတယ်လို့ ဆိုချင်ဆိုကြမှာပါ။ ဒီလေယာဉ်ပျံကြီးပေါ်မှာ သားအမိ သားအဖ လေးဦးစလုံး တပြိုင်တည်း ပါလာပြီးတော့ တကယ်လို့များ အသတ်ခံကြရမယ် ဆိုရင်တောင် ပိုကောင်းသေးတယ်လို့ စိတ်နှလုံး ဒုံးဒုံးချထားမိပါတယ်... ဒီကံကြမ္မာဆိုးမျိုးကို ကျွန်မတို့ မိသားစုထဲက တစ်ယောက်ထဲသာ ကွက်ပြီး ခံရလေခြင်းလို့ ပူဆွေးဒုက္ခ ရောက်မနေရတော့ဘူး ပေါ့ရှင်"

"ဘင်ဂါဇီ လေဆိပ်ရောက်တော့ ကျွန်မတို့အဖို့ မျှော်လင့်ချက် ရောင်ခြည် ယှက်သန်း လာရပြန်ပါတယ်။ (ဘင်ဂါဇီမြို့မှာ လစ်ဗီးယားနိုင်ငံ မြေထဲပင်လယ်



www.burmeseclassic.com

www.burmeseclassic.com

ကမ်းခြေအနီး၌ တည်ရှိပါသည်) ကျွန်မတို့ကို ပြန်ပေးဆွဲထားရာက လွတ်တော့မယ်ပေါ့။ ဘာကြောင့်ရယ်တော့ မသိ၊ အားတက်နေမိတယ်။ ဘင်ဂါဇီကနေပြီး အစ္စရေးကို တယ်လီဖုန်း တစ်ခါလောက် ဆက်လိုက်ပြီး ဆွေးနွေးလို့ သဘောတူညီချက်တွေ ရမယ်ဆိုရင် ပြန်ပေးဆွဲခံရတဲ့ ကျွန်မတို့တွေနဲ့ သူတို့လိုချင်တဲ့ အကြမ်းဖက်သမားတွေ လူချင်းလဲနိုင်မှာပဲ။ ဒီလိုဆိုရင် တို့များ တွေ့နေရတဲ့ ဒုက္ခဆိုးကြီးက လွတ်ပြီပေါ့"

"နာရီပေါင်း တော်တော်ကြာပြန်တော့ အဖမ်းခံလေယာဉ်ပျံနဲ့ ကျွန်မတို့ဟာ ခရီးဆက်ကြရပြန်ပါတယ်။ ကျွန်မတို့အဖို့ မျှော်လင့်ချက်ကပိုပြီး ကြီးမားလာတာပေါ့။ ဒါပေမဲ့ ဂျာမန် အကြမ်းဖက်သမားက လေယာဉ်တွင်း ဆက်သွယ်ရေး စကားပြောခွက်ကနေပြီး ပြောလာပြန်ပါတယ်။ ကျွန်မတို့ဟာ နောက်ဆုံး သတ်မှတ်ထားတဲ့ ခရီးစဉ်တစ်ခုဆီကို ဦးတည် ပျံသန်းနေပါပြီတဲ့။ ကျွန်မတို့နဲ့အတူ နီးစပ်ရာ အစ္စရေး ခရီးသည်တွေကတော့ နောက်ဆုံးခရီးစဉ်ဆိုတာ ဘယ်နေရာ များပါလိမ့်၊ တရုတ်ပြည်ပဲလား၊ အိန္ဒိယနိုင်ငံပဲလားပေါ့၊ ဘယ်သူကမှ ယူဂန်ဒါနိုင်ငံဆီကို ဖြစ်လိမ့်မယ်ဆိုတာ မတွေးမိခဲ့ကြဘူး"

"လေသံကလေးကတော့ ကြည်နူး ချော့မြူ နစ်သိမ့်နေသလိုပါပဲလေ။ ဂျာမန် အကြမ်းဖက်သမားက စကားပြောလာပြန်ပါတယ်။ ကျုပ်တို့ဟာ အခု ယူဂန်ဒါနိုင်ငံက အင်တက်ဘီ လေဆိပ်ကို ရောက်ကြပါပြီ။ ယူဂန်ဒါနိုင်ငံသူ နိုင်ငံသားများကလည်း ခင်ဗျားတို့နဲ့တကွ ကျုပ်တို့ကို ကူညီကြပါလိမ့်မယ်တဲ့"

"သူ့အပြောအရတော့ ကျွန်မတို့အဖို့ စိတ်ဓါတ်နဲနဲ တက်ကြွသွားမိကြပါတယ်။ သူက နစ်သိမ့်သံကလေးနဲ့ ဆက်ပြောရက်... ပြောရက်ပဲပေါ့..."



www.burmeseclassic.com

www.burmeseclassic.com

"သူစကားပြောလို့ ပြီးတော့ ကျွန်မတို့က လက်ခုပ်များပင် တီးလိုက်ကြပါသေးတယ်။ ဝမ်းသာလွန်းကြလို့ပေါ့လေ။ တချို့များ ဝမ်းသာမျက်ရည်များတောင် လည်လာကြပါတယ်။"

"ဒါပေမဲ့လည်း ဒီကြည်နူး ဝမ်းသာမှုက မကြာရှည်လှပါဘူး အင်တက်ဘီ လေဆိပ်ရောက်လို့ လေယာဉ်ပျံပေါ်က အောက်ကို ဆင်းခိုင်းပြီးတဲ့နောက် နှစ်နာရီလောက် အကြာမှာကျွန်မတို့ အားလုံးရဲ့ ဝမ်းသာအားတက်မှုတွေဟာ ပျောက်ကွယ်သွားရတော့တာပါပဲ။"

"အားလုံးက ထင်ကြတာပေါ့... ယူဂန်ဒါနိုင်ငံဟာ လေယာဉ်ကို အကြမ်းဖက်ပြီး အပိုင်စီးလာတဲ့ သူတွေကို ထောက်ခံသမှုမပြုပဲ နေလိမ့်မယ်၊ ပြန်လွှတ်ရေးစကား ပြောဆိုမှုဟာလည်း အောင်မြင်လိမ့်မယ် ထင်နေကြတာပေါ့... ဒါပေမဲ့ မြင်ကွင်းက တမျိုးဖြစ်နေတယ်၊ အကြမ်းဖက်သမားတွေ လေယာဉ်ထဲက ထွက်လာတော့ ယူဂန်ဒါ စစ်သားတွေက ဖက်လှဲတကင်းနဲ့ ဖက်လို့များတောင် နမ်းနေလိုက်သေးတယ်... နောက်ပြီး လေဆိပ်ခန်းမဆောင်မှာလဲ အကြမ်းဖက်သမားတချို့က စောင့်လို့တောင် နေလိုက်သေးတယ်"

"ကျွန်မတို့ဟာ တဖက်တချက်စီ တန်းစီထားပြီး ရိုင်ဖယ်သေနတ်တွေနဲ့ ချိန်ထားတဲ့ ယူဂန်ဒါ စစ်သားတွေကြားထဲက လေဆိပ် ခန်းမဆောင်ထဲကို ဝင်ခဲ့ကြရတယ်"

"တနင်္လာနေ့ မွန်းလွဲပိုင်းပေါ့"

"ကျွန်မတို့အားလုံးကို ခန်းမကျယ်ကြီးထဲ စုပြုံသွင်းထားတယ်။ ဘယ်လိုဖြစ်လာမလဲ ဆိုတာကိုမသိဘူး၊ ကျွန်မတို့ တတွေဟာ အဲဒီ ခန်းမကျယ်ကြီးထဲမှာပဲ အုပ်စုကလေးတွေဖွဲ့ပြီး တစ်စုစီ တစ်စုစီလို ဖြစ်နေကြတယ်... ကျွန်မတို့


www.burmeseclassic.com

www.burmeseclassic.com

အုပ်စုထဲမှာတော့ အစ္စရေးလူမျိုး (၁၂) ဦးပါဝင်ခဲ့ပါတယ်။ ကျွန်မတို့ဟာ နားနေခန်းကို ဝင်တဲ့ တံခါးပေါက်အနားက ဒေါင့်ကွေးကလေးထဲမှာ ကုလားထိုင်တွေဝိုင်းကာပြီး နေကြတယ်”

“ကျွန်မတို့အားလုံး စိတ်ရှုတ်ထွေးနေကြတယ်။ ကြောက်တဝက် ရှံ့တဝက်နဲ့ ဘာလုပ်ရမှန်း မသိအောင် ဖြစ်နေကြတယ်။ အပြင်ဗန်းကတော့ မကြောက်တဲ့ဟန်၊ မရှံ့တဲ့ဟန်မျိုး ဘာမထီမျက်နှာထားမျိုး ဆောင်ထားကြပါတယ်”

“သားငယ်ဘင်နီနဲ့ သားကြီး ရွန်တို့ဟာလည်း သူတို့ဟာ လူလားမြောက်ပြီ ဆိုတဲ့ အသွင်သဏ္ဍာန်မျိုး ဆောင်ထားနိုင်ကြပါတယ်။ ကလေးတွေ တော်ရှာပါတယ်”

“ကျွန်မတို့ အုပ်စုထဲက ပါစကိုကိုဟင်ဆိုတဲ့လူက ရယ်စရာ မောစရာပြောလို့ ပေါ့လေ။ (ကိုဟင်မှာ လျှပ်တပြက်ကယ်ဆယ်ရေးတွင် သေဆုံးခဲ့သည်။) သူက ကျွန်မတို့ကို အားပေးစကား ပြောတာပေါ့၊ ခင်ဗျားတို့ ကျုပ်နဲ့ တစ်ခရီးတည်း ဖြစ်တာ ဝမ်းသာစရာပဲ၊ ကျုပ်ဟာ ဘေးအပေါင်း ရန်အပေါင်းက လွတ်မြောက်နိုင်တဲ့ စပယ်ရှယ်လစ်ဗျ၊ ဂျူးလူမျိုးတွေ အစုလိုက် အပြုံလိုက် သတ်ခံရတုန်းကလည်း အကျဉ်းလွတ်မြောက်တဲ့ အထဲမှာ ကျုပ်တစ်ယောက် ပါခဲ့တယ်။ အစ္စရေးနိုင်ငံအတွက် တိုက်ရတဲ့ တိုက်ပွဲ တော်တော်များများမှာလဲ ကျုပ်ပါခဲ့တာပဲ။ သေမင်းနဲ့ ခဏခဏ ရင်ဆိုင်ခဲ့သူ... ဒါပေမဲ့ စပယ်ရှယ်လစ်ဗျ... တဲ့”

**အင်္ဂါနေ့**

“ညကျတော့ ကျွန်မတို့ အိပ်နိုင်သလောက် ကြိုးစားပြီး အိပ်ကြည့်ကြပါတယ်။ နာရီနှန်နဲ့လေးပဲ အိပ်လိုက်ရစေအုန်းတော့ ဒါကို အိပ်လို့ရတယ်လို့ပဲ ခေါ်ရမှာပေါ့... တချို့ကလေ ကုလားထိုင်ပေါ်မှာ အိပ်ရတာကလွဲလို့ ကျွန်မတို့အားလုံး ကြမ်းပြင်ပေါ်မှာ


www.burmeseclassic.com

www.burmeseclassic.com

အိပ်ကြရပါတယ်။ ကြမ်းပြင်ပေါ် အိပ်ရတာလည်း မဆိုးလှပါဘူး၊ သစ်သားခပ်ပြော့ပြော့ ခင်းထားတော့ သက်သာသလိုလို”

“ဒီကနေ့ အဖို့ကတော့ ကုန်လွယ်လိုက်တာလို့ပဲ ပြောရမလား မသိပါဘူး၊ ကျွန်မခင်ပွန်းအူဇီက ပြောသေးတယ်၊ တာဝန်အားတဲ့ နေ့မျိုးနဲ့ တူတယ်ကွ… တဲ့”

“သူတို့ကလည်း ကျွန်မတို့ ခါးစာခံတွေအတွက် ကင်တင်းကလေး ဖွင့်ပေးကြတယ်။ တချို့အုပ်စုကလည်း စာရွက်ကြီးကြီး ရှာပြီး ကျားကွက် ချကြတယ်။ ပုလင်းဖုံးတွေကို ကျားကောင်လုပ်ပြီး ကျားကစားကြတယ်။”

“ခါးစာခံ အုပ်စုတစ်စုထဲက အဖင်ဆိုတဲ့ သူကတော့ ဖဲထုပ် ဘယ်က ရှာလာတယ်တော့ မသိဘူး၊ ဖဲဝိုင်းကလေးတောင် ထောင်လိုက်သေးတယ်… နောက်ပြီးတော့လဲ နေ့စဉ်လိုလို ယူဂန်ဒါသမ္မတကြီး အမင်ကိုယ်တိုင် လာရောက်တွေ့ဆုံနေတာကလည်း ကျွန်မတို့ အားတက်စရာလိုလို”

ဤနေရာတွင် ဆာရာသည် ရှေ့ဆက်မရေးတော့ပဲ ရပ်ထားပြန်လေသည်။ ရေးဝံ့စရာတွေ မဟုတ်လေရော့သလား မသိ။

“နေ့စဉ်နေ့တိုင်းပဲ ယူနီဖောင်းတစ်မျိုးစီနဲ့ သူလာပါတယ်။ တစ်ခါတော့ လေထီးစစ်ဝတ်စုံနဲ့… နောက်တခါ လေယာဉ်ပိုင်းလော့ ယူနီဖောင်းနဲ့ နောက်ပြီး ရေတပ်ဗိုလ်ချုပ် ယူနီဖောင်းကြီးနဲ့လည်း လာလိုက်သေးတယ်။ တစ်ခါကတော့ အလွန်လှပါတဲ့ သူ့ဇနီးရယ်၊ သူ့သားကလေးရယ် ပါလာတယ်။ သားကလေးကတော့ သူ့ယူနီဖောင်း မျိုးနဲ့ပါပဲ။ မကြာခဏ လာစစ်ပါတယ်။ သူစပြောလိုက်တဲ့ စကားကိုတော့ ကျွန်မနားထဲ စွဲနေတယ်။ ကျုပ်ကို မသိတဲ့လူများအဖို့တော့ ကျုပ်ဟာ ဒေါက်တာအီဒီအမင်ဒါပါပဲ… ပြီးတော့မှ တအားရယ်ချလိုက်တယ်။ နောက်ပြီး ဆက်ပြောလိုက်သေး၊ ခင်ဗျားတို့

www.burmeseclassic.com

အားလုံး ကျုပ်ကိုသိပြီးကြားပြီး ဖြစ်ကြမှာပါ...။အဲဒီးတော့နောက်တော့ မိန့်ခွန်းရှည်ကြီး ပြောတော့တာပါပဲ။

စကား ဆုံးသွားတော့ ကျွန်မတို့တတွေကို မြော်လင့်ချက်ကလေး ပေးလိုက်သေး၊ ခင်ဗျားတို့တတွေဟာ အပြစ်မဲ့တဲ့ သူတွေပါ။ ကျုပ်ကခင်ဗျားတို့ လွတ်မြောက်ရေးအတွက် ကျုပ်ဆောင်ရွက်ပါမယ်... ကျုပ်ဟာ ခင်ဗျားတို့အပေါ်မှာ ကောင်းပါတယ်... အဲလိုပြောတုန်းက ရင်အုပ်ကြီးကို စွင့်ထုတ်ထားပြီး ပါးစပ်က ပြုံးဖြီးဖြီး လုပ်ထားတာပေါ့... စကားကိုလည်း အားရပါးရ ပြောချလိုက်ပါတယ်။”

အကြမ်းဖက်သမားခေါင်းဆောင် ဂျာမန်ဟာ အသက် (၂၀) ကျော်၊ မျက်နှာ ဝိုင်းဝိုင်းကလေးနဲ့ပါ၊ သူ့ကို စကားပြောကြည့်ဖို့ ကြိုးစားပါတယ်။ သူဟာ လေယာဉ် အပိုင်စီးမှု တစ်ခုကို လုပ်ခဲ့ဘူးတယ်။ သူဟာ ဘာဒါမိန်းဟော့ဖ်အုပ်စုက ဖြစ်တဲ့အတွက် သူ့နိုင်ငံကို ပြန်မသွားနိုင်တော့ဘူးလို့ ဆိုပါတယ်။ အကြမ်းဖက် ခေါင်းဆောင် ဂျာမန်အမျိုးသားက “သူဟာ နာဇီဆန့်ကျင်ရေးသမားပါလို့ ပြောတော့ ကျွန်မက ဒါဖြင့် ဂျူးအမျိုးသားတွေအပေါ် ဘာကြောင့် အခုလိုလုပ်သလဲလို့ မေးလိုက်တာပေါ့”

ကျွန်မက အဲ့လိုမေးလိုက်တော့ သူ့အဖို့ အဖြေရခက်သွားတယ် ထင်ပါရဲ့ “ဂျူးတွေမှာ ပြဿနာရှိတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမဲ့ အစ္စရေးဖက်ကလည်း ပါလက်စတိုင်း ပြဿနာရှိတယ်ဆိုတာ နားလည်စေချင်ပါတယ်... ဒါပေမဲ့ ဘာပဲပြောပြော တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ကမ္ဘာလောကကြီး တစ်ခုလုံးဟာ မိသားစုကြီး တစ်ခုပမာ ဖြစ်လာရမှာပါ” တဲ့လေ။

ကျွန်မကတော့ သူနဲ့စကားပြောရင်း ငြင်းချက်ထုတ်တာပေါ့။ ဒီတွင်မှာပဲ အာရတ် အကြမ်းဖက်သမားတစ်ယောက်က စကားဝိုင်းထဲကို ဝင်လာပြီး “ဟစ်တလာက ဂျူးလူမျိုး ခြောက်သန်းကို သတ်ခဲ့တယ်ဆိုတာ ကျုပ်တို့ ပြဿနာမဟုတ်ဘူး၊ ခင်ဗျားတို့



www.burmeseclassic.com

www.burmeseclassic.com
ပြဿနာ ဖြေရှင်းနိုင်ဖို့အတွက် ကျုပ်တို့ မွေးရပ်မြေပေါ်မှာ ခင်ဗျားတို့နိုင်ငံ လာရောက်တည်ထောင်ဖို့ မသင့်ဘူးလို့ ပြောလိုက်တယ်။"

ကျွန်မက ပြောပါသေးတယ်။ "(၁၉၄၈) ခုနှစ်တုန်းက အာရတ်တွေဟာ သဘောတူညီချက်ရဖို့ ပယ်ချခဲ့တဲ့ အကြောင်းရှင်းပြပါတယ်။"

"ကျုပ်ကို ရာဇဝင်တွေ လာမပြောနေနဲ့၊ ကျုပ်က ဒီကနေ့ ပြဿနာကိုပဲ ရှင်းချင်တာ" တဲ့လေ။

ကျွန်မတို့ စကားဝိုင်းမှာ ငြင်းခုန်တာတွေကိုကြားတဲ့ ပြင်သစ်လေယာဉ် ကပ္ပတိန်က ခရီးသည်တွေအားလုံးကို အကြမ်းဖက်သမားတွေနဲ့ စကားမပြောဖို့ ဟန့်တားပြန်ပါတယ်။ သူကလဲ ဒီအုပ်စုထဲမှာ အကြီးဆုံးဆိုတော့၊ နိုင်ငံရေး ဆွေးနွေး ချက်ကြောင့် ထိခိုက်မှု ရှိနိုင်တယ်လို့ သူကထင်မြင် ယူဆပြီး ပိတ်ပင်ပါတယ်။ စိုးရိမ်ထိတ်လန့်စိတ်နဲ့ ဖြတ်ကျော်ခဲ့ရတဲ့ အချိန်တစ်ချိန်ကတော့ အစ္စရေး အမျိုးသားတွေနဲ့ တခြား နိုင်ငံခြားသားတွေကို ခွဲခြားပြီး ထုတ်လိုက်တဲ့ကာလပါပဲ။

အဲဒီမှာလည်း ဂျာမန် အကြမ်းဖက်သမားဟာ စကားပြောကောင်းသူ ပီပီ ပြေပြေပြစ်ပြစ်နဲ့ သူ့အစွမ်းကို ပြသွားပါတယ်။ ဒီခန်းမကြီး အနေနဲ့ဆိုရင် ကျွန်မ တို့တွေ နေရတာဟာ အလွန်ပဲ ကြပ်တည်း ကျဉ်းမြောင်းလှပါတယ်။ ဒါကြောင့် လူတိုင်းရဲ့ သက်သာချောင်ချိမှုအတွက် အုပ်စုနှစ်စု ခွဲရပါတယ်လို့ ရှင်းပြ ပါတယ်။ဒီလို အုပ်စုခွဲတာဟာ လူရွေးထုတ်တာ မဟုတ်ပါဘူးဆိုတာကို အလေးအနက်ထားပြီး ရှင်းပြပါတယ်။

ဒါပေမဲ့ ဒီခန်းမကြီးထဲမှာ ကျန်ရစ်သူတွေကတော့ အစ္စရေးနိုင်ငံသားနဲ့ ဂျူးလူမျိုး တွေချည်းပဲ ဖြစ်နေကြပြီဆိုတာကို နောက်မှ ကျွန်မတို့ သဘောပေါက်ခဲ့ရပါတယ်။ ကျွန်မတို့ ဖတ်ခဲ့ရဘူးတဲ့ ဒုတိယကမ္ဘာစစ်ကြီး အတွင်းတုန်းက နာဇီတွေက


www.burmeseclassic.com

www.burmeseclassic.com

လူရွေးဖယ်ရှားတာကို သဘောပေါက်ခဲ့ရပါတယ်။ နောက်ပြီး အကြမ်းဖက်သမား တစ်ဦးဖြစ်တဲ့ ဂျာမန် အမျိုးသမီးကလည်း တချိန်လုံးပစ္စတို သေနတ်ကြီး တကားကားနဲ့ ကျွန်မတို့ကို လှည့်ပတ်စောင့်နေတော့ နာဇီလုပ်ရပ်မျိုးတော့ ဖြစ်နေပြီဆိုတာ သိလိုက်ရတော့ ပိုပြီး စိုးရိမ်လာမိပါတယ်။ အခု လေယာဉ် ပြန်ပေးဆွဲခံရတော့မှပဲ ကျွန်မတို့အဖို့ အရင်က မကြာခဏ မေးတတ်တဲ့ မေးခွန်းရဲ့ အဖြေကို ကျွန်မရှာဖွေတွေ့ ခဲ့ပါတယ်။

"ဟိုတုန်းက ဂျူးလူမျိုးတွေဟာ အကျဉ်းစခန်းတွေမှာ ဘာကြောင့် မတော်လှန်ခဲ့ကြတာလဲ" ဆိုတဲ့ မေးခွန်းလေ။

"အဖြေကတော့ ရပါပြီ။ ကျွန်မတို့လိုပဲ နေမှာပါပဲ၊ သူတို့တတွေဟာ အသတ်ခံရလိမ့်မယ်လို့ မထင်ခဲ့ကြပဲ... တချိန်ချိန်ကျရင် ပြန်လွှတ်ပေးမယ်လို့ ထင်နေကြမှာ အမှန်ပါပဲ"

နေ့တိုင်းပါပဲ။ ဒီနေ့တော့ဖြင့် တို့တတွေကို ပြန်လွှတ်တဲ့နေ့ပဲ၊ ဒါမှမဟုတ်ရင် အလွန်ဆုံး နောက်တနေ့ဆိုရင် တို့တတွေကို ပြန်လွှတ်တော့မှာပဲလို့ ထင်နေမိကြပါတယ်။ စပြီးတော့ ပြန်ပေးဆွဲ ခံရတုန်းကသာ ဒီလိုရက်သတ္တပတ် တစ်ပတ်လောက်များ ကြာကြာကြီး နေရမယ်ဆိုတာ ကြိုသိနေရင် ကျွန်မတော့ ခံနိုင်အားရှိမယ်တောင် မထင်ပါဘူး။ ကျွန်မကိုယ်ကျွန်မ သတ်သေမိမှာ အမှန်ပါပဲ။

### ဗုဒ္ဓဟူးနေ့

ဓါးစာခံ ခရီးသည်အုပ်စုထဲက ဒုတိယအုပ်စုတစ်စုကို ပြန်လွှတ်လိုက်တော့ ကျွန်မတို့ အားတက်လာရပြန်ပါတယ်။ ပြန်လွှတ်ဖို့ အချိန်ပိုင်းလောက်သာ လိုတယ်လို့ ထင်နေမိတယ်။ ကျွန်မတို့အတွက် မွေ့ယာတချို့ စောင်တချို့ရပါတယ်။ ကိုယ့်အိမ်လိုမျိုး တူနေသလိုလို ဖြစ်နေပါတယ်။ ကျွန်မတို့အုပ်စုက မွေ့ယာသုံးခုရပါတယ်။


www.burmeseclassic.com

www.burmeseclassic.com
ကြည့်လိုက်တော့… ချွေးသန်းတွေ… ကျိုးတွေနဲ့ ဖြစ်နေတာနဲ့ ကြမ်းပြင်ပေါ်မှာပဲ အိပ်လိုက်ကြစို့လို့ ကျွန်မခင်ပွန်းဖြစ်သူ အူဇီကို ပြောလိုက်ပါတယ်။ မိန်းကလေးတွေနဲ့ ကလေးတွေကို ခြံဝင်းကလေးထဲမှာ ခြေဆန့်လက်ဆန့်လုပ်ဖို့ ခွင့်ပေးလာပြန်ပါတယ်။ ဒါကို ကျွန်မတို့ တော်တော်လေး လွတ်လပ်တယ်လို့ ထင်မိနေပါတယ်။

## ကြာသာပတေးနေ့။

ကျွန်မတို့ လွတ်မြောက်ရေးအတွက် အစ္စရေးနိုင်ငံမှာ အကျဉ်းခံနေရတဲ့ အကြမ်းဖက်သမားတချို့ကို အလဲအလှယ်အနေနဲ့ လွှတ်ပေးဖို့ သဘောတူထားတဲ့အကြောင်း အကြမ်းဖက်သမားတွေက ကျွန်မတို့ကို သတိပေး ပြောကြားလာတယ်။ ဒီတော့လည်း ကျွန်မတို့အဖို့ လွတ်မြောက်တော့မယ် တကယ် ထင်မိကြတယ်။ ဘာပဲပြောပြော နာရီပိုင်းလောက်သာလိုတော့တဲ့ ပြဿနာပဲလို့ မျှော်လင့် ထားကြပါတယ်။ ကလေးတွေဆိုတာလဲ ကျားကစား တော်လာကြပါပြီ။ ဖဲရိုက်လည်း ကျွမ်းကျင်လာကြပါပြီ။ အနေအထားမှန်တဲ့ ဘဝတခု ဖြစ်နေသလိုပါပဲ။ မွေ့ယာတွေလည်း ထပ်ပြီး ယူလာပေးပါတယ်။ ကြမ်းပြင်ပေါ်မှာ အိပ်ရတာကြာလာတော့ ကြမ်းပိုးပဲဖြစ်ဖြစ် ချွေးသန်းပဲဖြစ်ဖြစ်၊ ဂရုမစိုက်ချင်တော့ပါဘူး။ ဒီနေ့ညမှာ ပြန်မလွှတ်သေးရင်တော့ မွေ့ယာပေါ်မှာပဲ အိပ်တော့မယ်လို့ စိတ်ကူးလိုက်ပါတယ်။

## သောကြာနေ့

ကျွန်မတို့ တတွေကို ပြန်မလွှတ်သေးပါ။ မော်ရစ်ရှနိုင်ငံကို ခရီးထွက်သွာမဲ့ဆဲဆဲ ယူဂန်ဒါ သမ္မတကြီး အီဒီအမင်ဟာ ကျွန်မတို့တတွေကို လာတွေ့ပြီး ကျွန်မတို့ ပြဿနာကို အိုအေယူအစည်းအဝေးမှာ တင်ပြဆွေးနွေး အဖြေရှာမယ်။ အဖြေလည်း တွေ့ပါလိမ့်မယ်ဟု ပြောကြား အားပေးသွားပါတယ်။ အခြေအနေကတော့ မှန်မှန်ပါပဲ။ ဒီကနေ့ အဝတ်တွေကို လျှော်ခွင့်ပြုတယ်။ ယူဂန်ဒါ စစ်သားတွေက အဝတ်ပုန်းဖို့


www.burmeseclassic.com

www.burmeseclassic.com

တန်းတွေကို လုပ်ပေးတယ်။ ကျွန်မတို့ နေ့စဉ်လမ်းလျှောက်ခွင့် ရတဲ့ နောက်ဖေး ခြံကလေးထဲမှာပေါ့။ အဝတ်တချို့ လျှော်ခွင့်ရတာကိုပဲ ကောင်းလှပါပေတယ်။

ရေချိုးခွင့် မရတာကတော့ ဝမ်းနည်းစရာပါပဲ။ ကျွန်မကတော့ဖြင့် တကဲ့ကိုပဲ ရေချိုးချင်လှပါဘိ။ ထိုနေရာအရောက်တွင် ဆာရာ၏ နေ့စဉ်မှတ်တမ်းမှာ ရှေ့ဆက် မရေးတော့ပဲ ပြီးပြတ်ရပ်တန့် သွားလေသည်။ နေ့စဉ်မှတ်တမ်း ရေးသားမှု ရပ်တန့် သွားခြင်းမှာလည်း ဆာရာအဖို့ အခြား ခါးစာခံများနည်းတူ ဝမ်းကိုက် ရောဂါကို အပြင်းအထန် ခံစားလာရသောကြောင့် ဖြစ်လေသည်။ တကိုယ်လုံး နာကျင်ကိုက်ခဲလေပြီ။ ရေမကောင်းခြင်းကြောင့် ဝမ်းကိုက်ရောဂါ ခံစားရသည်ဟု ဆာရာကထင်သည်။ သို့ပေမဲ့ ဘာကိုမှ အမှန်မပြောနိုင်ပေ။ ဆာရာတို့အား ကယ်ဆယ်ပြီးခဲ့သည့်နောက် ဆာရာ၏ ပြန်ပြောချက်များမှာ သာ၍ပင် စိတ်ဝင်စား ဖွယ်ရာ ဖြစ်ပေတော့သည်။

**စနေနေ့**

တကယ်တော့ ဘာမှမထူးသည့် ရိုးရိုးစနေနေ့ပင် ဖြစ်ပေသည်။ ဘာပဲပြောပြော မျှော်လင့်ချက်တော့ ကြီးကြီးမားမား ထားမြဲထားနေကြပေသည်။ နောက်တနေ့ဆိုလျှင် လွတ်လိမ့်မည်ဟု ထင်မြဲထင်နေကြသည်။ ထိုနေ့ မွန်းတည့်ချိန်လောက်တွင် သားငယ် (ဘင်နီ) ဘင်ဂျမင်က မိမိတို့အား ကယ်တင်လိမ့်မည်ဟု ထင်နေမိကြောင်း ပြောကြားလာသည်။ မိတ်ဆွေတစ်ဦးက မင်းခေါင်းထဲကို ဒီအတွေး ဘယ်လို ရောက်လာသလဲဟု မေးမြန်းရာ ဘင်နီက အလိုလိုစိတ်ထဲက ထင်မိလာတယ်ဟုပင် အဖြေပေးလိုက်လေသည်။ တနေ့လုံး ဒေါင့်ကွေးလေးထဲမှာ သက်သက်သာသာ နေနိုင်ရအောင် ကြိုးစားရင်း သားအမိတစ်စု နေခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

စနေနေ့ မွန်းလွဲပိုင်းတွင် ဓါးစာခံများအတွက် ခေါင်းအုံး တော်တော်များများ လာရောက်ပေးပို့ ကြပြန်သဖြင့် သူတို့ တတွေအဖို့ တော်တော်ကလေး သက်တောင့်သက်သာ နေကြရပြန်သည်။ ရေကလည်း နည်းနည်းသာရပေသည်။

အစ္စရေး ကွန်မန်ဒိုများ ရောက်ရှိပြီး လျှပ်တပြက် ကယ်ဆယ်ရေးလုပ်ငန်း စတင်ချိန်တွင် သူတို့တတွေ ဖဲကစားကောင်းနေတုန်း ရှိနေကြသည်။ အစ္စရေးနိုင်ငံရှိ သူတို့၏ အိမ်ပြန်ရောက်သောအခါ သားကြီးရှွန်၏ အိပ်အတွင်း၌ ကွန်မန်ဒိုများ ဝင်ရောက် ပစ်ခတ်ချိန်တွင် ရှွန်ကိုင်ထားသော ဖဲချပ်များကို ပြန်လည် တွေ့ရှိခဲ့ကြရပေသည်။

"ကျွန်မတို့ ဖဲကစားနေကြတုန်း သေနတ်သံ အတွဲလိုက်တသံ ကြားလိုက် ရတယ်။ ဖဲကစားနေကြတဲ့အထဲက စစ်ပြန်ကြီး တစ်ယောက်ကတော့ ယူဂန်ဒါ စစ်သားတွေရဲ့ သေနတ် မတော်တဆထွက်တာ ဖြစ်မှာပေါ့လို့ ပြောလိုက်ပါတယ်" ဟု ဆာရာက ရှင်းပြလေသည်။

"နောက်ထပ် သေနတ်သံတွေထပ်ပြီး ဆူဆူညံညံ ကြားရပြန်တယ်။ ဒီတော့လည်း ဖဲကစားနေတဲ့ အထဲက တစ်ဦးက ယူဂန်ဒါ စစ်သားတွေရဲ့ သေနတ်သံကြားလို့ အကြမ်းဖက်သမားတွေ လန့်ပြီး ပစ်မှာပေါ့ကွာ... တဲ့... ဖဲကစားတောင် မပျက်ကြပါဘူး"

"ဒါပေမဲ့ သေနတ်သံတွေက ပိုပြီး များလာတယ်။ ကျွန်မတို့ အားလုံး ကြမ်းပြင်ပေါ် မှောက်ပြီး လှဲနေကြတယ်။ ရေချိုးခန်းကပိုပြီး ကျည်ကွယ် ပေးနိုင်မယ် ထင်လို့ မိကျောင်းတွားတွားပြီး သွားကြပြန်တယ်"

"ပစ်သံခတ်သံတွေက (၁၅) မိနစ်လောက် တဆက်ထဲလို ဖြစ်နေတယ်။ ပစ်သံတွေ နဲနဲငြိမ်ပြန်တော့ ကျွန်မတို့ တချို့ ရေချိုးခန်းထဲက ခန်းမကြီးထဲကိုတွားပြီး



www.burmeseclassic.com

www.burmeseclassic.com

ပြန်ထွက်လာတယ်။ အဲဒီမှာတင် အံ့သြစရာကို တွေ့ကြရတော့တာပါပဲရှင်။ အစ္စရေး စစ်သားတွေကိုပေါ့။ ကျွန်မတို့ကို လေယာဉ်ပျံဆီ လိုက်ခဲ့ဖို့ ခေါ်ကြတယ်”

“ကျွန်မတို့တော့ဖြင့် မယုံနိုင်လောက် အောင်ပါပဲ။ တုန်လှုပ်ချောက်ချားပြီး လျှပ်စစ်ဓါတ်လိုက်သလို ဖြစ်ခဲ့ရပါတယ်။ ဘာတွေများ ဖြစ်နေတယ်ဆိုတာ ရုတ်တရက် မရှင်းသလိုပါပဲ”

ဆာရာမှာ ၄င်းတို့၏ မိသားစုနှင့်အတူ ဟာကြူလီ လေယာဉ်ပျံထဲသို့ ရောက်ရှိပြီး အစ္စရေး စစ်သားများ၏ ဝိုင်းရံစောင့်ရှောက်ခြင်းကို ခံရတော့မှ သားကြီးရွှန်၏ ပုခုံးပေါ်တွင် ကလေးငယ်ပမာ မျက်ရည် သွန်းချလိုက်လေတော့သည်။ ငိုလိုက်သည်မှာ ငါးမိနစ်လုံးလုံး။ ခုနစ်ရက်လုံးလုံး မိသားစုကြားမှာ သားငယ်နှစ်ဦးရှေ့မှာ မားမားမတ်မတ် ရပ်ခဲ့ပြီး သတ္တိ မွေးပြရခဲ့ပေမဲ့ ခုတော့ အားလုံးကျော်လွန်လာပြီမို့ မျက်ရည်မိုးက တာကျိုးသလို ဖြစ်ခဲ့ရပါလေပြီ။

“ကျွန်မငိုလို့ဝတော့ ဘေးကို လှည့်ကြည့်မိပါတယ်။ ကျွန်မတို့ အပြန်ခရီးအတွက် ဒီလေယာဉ်ပျံကြီး ထွက်လို့မှ ရနိုင်ပါ့မလား အောင့်မေ့မိပါတယ်။ လူတွေကလည်း များပြီး ပြည့်ကြပ် ညှပ်သိပ်နေတော့တယ်။ နောက်ပြီး ယူဂန်ဒါမှာလည်း ချာလီချက်ပလိန်း စစ်တပ်မျိုးမှ မဟုတ်တာ၊ ကျွန်မတို့ လေယာဉ်ပျံကို ယူဂန်ဒါစစ်သားတွေ ပစ်ချတော့မှာပဲလို့ စိုးရိမ်စိတ် လွှမ်းနေမိပါတယ်။

ယူဂန်ဒါ စစ်သားတွေက ကျွန်မတို့ လေယာဉ်ပျံကို ပစ်မချနိုင်ရင်တောင် အီဂျစ်လေယာဉ်တွေက ကြားဖြတ်တိုက်ခိုက် ပစ်ချလေရော့မလား... ကျွန်မတော့ဖြင့်ရှင်... ပိုလို့တောင် တုန်လှုပ်ကြောက်ရွံ့ နေမိပါသေးတယ်။ အပြန်ခရီး တလျှောက်လုံးမှာတော့ ဘေးပတ်ဝန်းကျင်က ဘယ်သူ့ကိုပဲ ကြည့်လိုက်ကြည့်လိုက် တချို့ကလည်း ငြိမ်လို့... တချို့များ အဝတ်အစားပြည့်စုံအောင် ဝတ်မထားနိုင်ကြဘူး၊ ညဝတ်အင်္ကျီနဲ့ လူတွေလည်းပါရဲ့။ မြင်ကွင်းကတော့ ဝမ်းနည်းစရာ အတိပါပဲ... စစ်သားတိုင်းကတော့



www.burmeseclassic.com

www.burmeseclassic.com

ပန်းကလေးများပမာပါပဲ... တချို့များဆိုရင် ကလေးသာသာ ငယ်ငယ်ကလေးတွေပဲ ရှိသေးတာ... သူတို့ တတွေကြည့်ရတာလည်း မရွှင်မပျနဲ့ တော်တော်လေးငြိမ်ပြီး လုပ်စရာတွေကိုတော့ ဖျတ်ဖျတ်လတ်လတ် မြန်မြန်ဆန်ဆန် လုပ်နေကြပါတယ်။ နောက်တော့မှ သူတို့ရဲ့ တိုက်ပွဲခေါင်းဆောင် ကျဆုံးခဲ့ရလို့ ဆိုတာ ကျွန်မတို့ သိလိုက်ရတော့ သူတို့နဲ့ထပ်တူ ကြေကွဲမိပါတယ်။

ကယ်တင်လို့ လွတ်မြောက်လာကြပြီဆိုတော့ ရှင်တို့ မျှော်လင့်သလို စစ်သားတွေနဲ့ ဖက်လှဲတကင်း ဝမ်းပန်းတသာ မဖြစ်ခဲ့ရဘူးပေါ့ရှင်။ ကျွန်မတို့ကလည်း တုန်လှုပ်ချောက်ခြားလို့၊ သူတို့မှာလည်း ခေါင်းဆောင်က တိုက်ပွဲမှာကျလို့ဆိုတော့ အားလုံး ကြေကြေကွဲကွဲ ဖြစ်နေရပါတယ်။ ဒီကြားထဲမှာ စစ်သားတစ်ယောက်ကတော့ အေးစက်ငြိမ်သက်နေတဲ့ အခြေအနေကို ပြောင်းလဲအောင် ကြိုးစားပြီး ရယ်ရယ်မောမောနဲ့ လုပ်ကြည့်ပါသေးတယ်။ ဒါပေမဲ့ ဝမ်းနည်းကြေကွဲမှု ထုထည်က ကြီးမားလွန်းတော့ သူ့ကြိုးစားမှုကလည်း အရာမထင်တော့ဘူးပေါ့ရှင်”

ကျွန်မတို့ ဘင်ဂူရီယံလေဆိပ် ရောက်တော့ ကျွန်မတို့ ဘယ်လိုမှ မမျှော်လင့်ထားတဲ့ ကြိုဆိုမှုတွေကို တွေ့ရတော့တာပါပဲ။ လူအုပ်ကြီးကလည်း မနည်းပါဘူး။ လူတွေဝိုင်းအုံ ပွေ့ဖက်လိုက်ကြတာဟာ အသက်ဘယ်က ထွက်ရမလဲတောင် မသိနိုင်အောင် ဖြစ်ခဲ့မိပါတယ်။ ကျွန်မယောက်ျား အူဇီကတောင် ပြောသေးတယ်ရှင့်။ “တို့တတွေကို အကြမ်းဖက်သမားတွေက အင်တက်ဘီမှာ သေအောင်မသတ်ပေမဲ့ ဒီမှာတော့ ဝမ်းသာလွန်းတဲ့ လူစုကြီးကြောင့် တို့တတွေ သေမလားပဲ မသိဘူး” လို့ ရယ်ရယ်မောမောပြောရင်း သူကလည်း တွေ့သမျှလူတွေကို ပွေ့ဖက် နှုတ်ဆက်နေမိပါတယ်။

အူဇီနှင့် ဇနီးသည်ဆာရာတို့ မိသားစု နေအိမ်ဖြစ်သည့် ရမ်မက်အဗစ်ခန်းမသို့ ပြန်လည် ရောက်ရှိနေကြသောအခါ ၎င်းတို့၏ နေအိမ်မှာ ပန်းမာလာဆိုင်ကြီးသဖွယ်


www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေသည်ကို တွေ့ကြရပေတော့သည်။ အိမ်ခန်း အဝင်ဝတွင်လည်း "အတူနေ အခန်းပေါင်းများစွာရှိ မိသားစုများထံမှ" စာတန်းကြီးကို မြေဖြူခဲရောင်စုံနှင့် ရေးသား ထားသည်ကို တွေ့လိုက်ကြရသဖြင့် ဆာရာတို့ မိသားစုမှာ မျက်ရည်လည်လည်လုမတတ် ဝမ်းသာ ကျေးဇူးတင်မိကြလေသည်။ ဧည့်ခန်းထဲတွင်လည်း ပန်းခြင်းကြီး (၂၀) ကျော်က နေရာယူထားနှင့်ပြီဖြစ်လေသည်။

## အခန်း ( ၅ )

### ပျော်တပြုံးပြုံး

အစ္စရေး တနိုင်ငံလုံး ပျော်ကြသည်။ ဓါးစာခံအဖြစ်မှ လွတ်မြောက်လာသော ဆွေမျိုးသားချင်းများကို အစ္စရေးနိုင်ငံ ဘင်ဂူရီယံ လေဆိပ်မှ အစ္စရေးပြည်သူတို့က ပြုံးမျက်ရည်တို့ဖြင့် ကြိုဆိုကြလေပြီ။ အင်တက်ဘီ လေဆိပ်မှ ဓါးစာခံများ အောင်မြင် ချောမောစွာ ကယ်တင်လာပြီဆိုသော သတင်းမှာ အစ္စရေး အစိုးရက တရားဝင် မထုတ်ပြန်မီပင် အစ္စရေးပြည်သူတို့ ဘယ်ပုံဘယ်နည်း သိနေကြသည်ကိုပင် မပြောနိုင်အောင် ဖြစ်ခဲ့ရလေသည်။

မိုးမှမလင်းသေး။ ဘင်ဂူရီယံလေဆိပ်တွင် ဓါးစာခံတို့ကို ကြိုဆိုမည့်သူများ ပြည့်နှက်နေလေပြီ။ အစ္စရေးနိုင်ငံတော် အလံကလေးများကို ဝှေ့ရမ်းနေကြလေပြီ။ မဖြစ်နိုင်သည်ကို ဖြစ်ခဲ့ရလေပြီဟု ရေဒီယိုမှ အစ္စရေးက ကျေညာလိုက်သောအခါ ရက်သတ္တပတ် တပတ်လုံးလုံး အစ္စရေးပြည်သူတို့ ကြိမ်မီးအုံးခဲ့ရသည့်ပမာ ပူဆွေးသောက ရောက်ခဲ့ခြင်းမှာ ပိန်းကြာဖက်ပေါ်တွင် ရေတင်သကဲ့သို့ လျှောကျ ပျောက်ပျက် သွားခဲ့ရလေပြီ။ ဓါးစာခံတို့၏ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေ အပေါင်းအသင်းများ၊ တပ်မတော်သားများနှင့် ပြည်သူအများကို ဘယ်သူ့အမှ


www.burmeseclassic.com

www.burmeseclassic.com

မခေါ်ရမစုရုံးရပဲနှင့် ဘင်ဂူရီယံလေဆိပ်သို့ အလိုလို ရောက်ရှိနေကြလေပြီ။ “(၁၉၄၈) ခုနှစ်တုန်းက အစ္စရေးနိုင်ငံသစ် ကျေညာတဲ့အချိန်ရယ်၊ အခုအချိန်ရယ်ဟာဖြင့် လူထုစုဝေးမှု အများဆုံးပါပဲ” ဟု အဖိုးကြီးတစ်ဦးက ဘင်ဂူရီယံ လေဆိပ်၌ ပြောကြားနေတော့သည်။

ပျော်လွှန်း၍ငိုကြသည်။ အလံကလေးများ ကိုင်၍လည်း ခုန်ကြ၊ ပေါက်ကြ၊ ကကြသည်။ ဓါးစာခံများကို တင်ဆောင်လာသည့် ဟာကြူလီ လေယာဉ်ကြီးများ အနက်မှ ပထမဦးဆုံးတစ်စင်း မြေပြင်သို့ သက်ဆင်းလာသောအခါ လူအုပ်ကြီးက လေယာဉ်ဆီသို့ အပြေးအလွှား သွားကာ ကြိုဆိုကြသည်။ ဟာကြူလီ စီ ၁၃၀ သည် အစ္စရေးမြေသို့ ဇူလိုင် (၄) ရက် တနင်္ဂနွေနေ့ နံနက်(၇) နာရီ (၁၅) မိနစ် တိတိတွင် သက်ဆင်းလာနိုင်ခဲ့ပေသည်။ အင်တက်ဘီ လေဆိပ်မှ ကယ်တင်လာနိုင်သူများမှာ အစ္စရေးနိုင်ငံသား (၆၀) ဦး၊ ပြင်သစ်နိုင်ငံသား (၂၂) ဦး၊ အစ္စရေးပူးတွဲနိုင်ငံသား (၁၀) ဦး တိုင်းပြည်မဲ့တစ်ဦးနှင့် ပြန်ပေးဆွဲခံရသော လေယာဉ်ဝန်ထမ်း (၁၂) ဦး ပါဝင်ခဲ့ပေသည်။

လေယာဉ်ပေါ်မှ ဆင်းလာသည့် လွတ်မြောက်လာသော ဓါးစာခံအချို့မှာ ချောက်ချားမှု အရှိန် မပြေသေး။ အချို့မှာ စကားပင် မပြောနိုင်ကြ။ ပါးပြင်ပေါ်တွင် မျက်ရည်စီးကြောင်းဖြင့် လေယာဉ်ဆီသို့ ပြေးလာသော လူအုပ်ကြီးအနက်မှ ဆွေမျိုးသားချင်းများကို တွေ့လိုတွေ့ငြား မျက်လုံးအပြူးသားဖြင့် ရှာနေကြသည်မှာ ရုပ်ရှင်ကားကောင်းတစ်ခုမှ အမြင့်ဆုံးခံစားချက် မြင်ကွင်းတစ်ခုကို ရှုမြင်နေရသည့် အသွင်ပင် ဖြစ်လေတော့သည်။ ဝန်ကြီးချုပ် ရီဇတ်ရာဘင်ကိုယ်တိုင် လေဆိပ်၌ လာရောက်ကြိုဆိုသည်။ ကာကွယ်ရေးဝန်ကြီး ရှိမွန်ပဲရစ်လည်း ရောက်ရှိလာသည်။ လွတ်မြောက်လာသူများအနက်မှ အသက်(၆၀) နှစ်ခန့်ရှိ အစ္စရေး



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးကြီးတစ်ဦးက "ဒီလိုသားကောင်းတွေ ပေါ်ထွန်းပါစေ၊ အစ္စရေးနိုင်ငံကို ကောင်းချီးပေးပါစေ" ဟု အော်လိုက်ပေသည်။

အမျိုးသမီးကြီးက မျက်ရည် တွေတွေကျရင်းက "ကာကွယ်ရေးရုံပုံငွေ တိုးမြှင့်ကြ၊ အခုလုပ်ငန်းက သက်သေပြနေပါပကောလား" ဟု ထပ်မံ အော်ဟစ် ပြောဆိုပြန်လေသည်။ အစ္စရေးဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးတို့က ကြိုဆို နှုတ်ခွန်းဆက်စကား အနည်းငယ်ပြောရန် ကြံရွယ်ချက်သည်ပင်လျှင် လူထုကြီး၏ ပျော်ရွှင်မှုကြီးကို မကျော်လွန်နိုင်သဖြင့် လက်လျှော့လိုက်ရပေသည်။

ဝိုင်ပုလင်းတွေ တလက်ပြီး တလက်ပြောင်းနေသည်။ ဝိုင်းကြီးပတ်ပတ် ပွဲဖက် နှုတ်ဆက်မှုတွေက များလှသည်။ အစ္စရေးတနိုင်ငံလုံး ပျော်နေကြသည်။ အစ္စရေးတနိုင်ငံလုံး ဂုဏ်ယူနေသည်။ လေယာဉ်ပျံများမှာ ဂျေရုဆလင် ကောင်းကင်ပြင်တွင် ဝဲပျံကာ "ငါတို့အားလုံး ဇဟားလ်ကို လေးစားမည်" ဟူသော စာတမ်းကြီးကို ကောင်းကင်ပြင်၌ ရေးခြယ်လျှက် ရှိကြသည်။ "ဇဟားလ်" မှာ "အစ္စရေးတပ်ဖွဲ့များ" ၏စာလုံးကို အတိုကောက် စုစည်းထားခြင်းဖြစ်သည်။ အမေရိကန်နှစ် (၂၀၀) အောင်ပွဲ ကျင်းပရန် ဂျေရုဆလင်၌ စုရုံးနေကြသော အစ္စရေးလူမျိုးများနှင့် အမေရိကန်ဂျူး (၂၀၀၀) ကျော်သည် တစ်ဦးကိုတစ်ဦး အူလှိုက်သဲလှိုက် ဖက်ရမ်းကြပြီး ဝမ်းသာမျက်ရည်များဖြင့် ပျော်ပွဲ ဆင်နွှဲခဲ့ကြလေပြီ။ အမေရိကန်နှစ် (၂၀၀) မွေးနေ့တွင် အစ္စရေးနိုင်ငံက ကမ္ဘာတဝှမ်းလုံးသို့ မွေးနေ့လက်ဆောင် ပေးခဲ့ပါလေပြီဟု ကြွေးကြော်ကြလေသည်။

ဒေးဗစ်အရွန်ဘက်ဇ်က ပြောကြားရာတွင် ထိုလက်ဆောင်က တခြားမဟုတ်၊ ပညတ်တော် (၁၁) ချက်၌ ပါဝင်သည့် "အကြမ်းဖက်လုပ်ရပ်ကို သင်သည် ငုံ့ခံ ဦးညွှတ်စရာ မလို" ဟူသော စာပိုဒ်ပင်ဖြစ်သည်ဟု ပြောကြားလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

ဝန်ကြီးချုပ်ရာဘင်နှင့် ၄င်း၏အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် အင်တက်ဘီ လေဆိပ်တိုက်ပွဲ နာရီများစွာအတွင်း ရုံးခန်းကလေးထဲ၌ တည်လုံးနေကြပြီး ဓါးစာခံ ကယ်ဆယ်ရေးသတင်းကို စောင့်စားနေခဲ့ကြပေသည်။ အင်တက်ဘီ လေဆိပ်မှ ဓါးစာခံများကယ်တင်မှု အောင်မြင်ခဲ့သည်မှာ သေချာသောအခါ ဝန်ကြီးချုပ်သည် တယ်လီဖုန်းနံပါတ်များ အသင့်ရေးသားထားသော စာရင်းအရ တယ်လီဖုန်းကို ကောက်ကိုင်ကာ တစ်ဦးပြီးတစ်ဦးထံ ဆက်သွယ်လေတော့သည်။

ဝန်ကြီးချုပ်က ပထမဦးဆုံး တယ်လီဖုန်းဆက်သူမှာ အစ္စရေးသမ္မတကြီးထံသို့ ဖြစ်လေသည်။ ဒုတိယဆက်သွယ်ခဲ့သူမှာ အစ္စရေးဝန်ကြီးချုပ်ဟောင်း ဂိုလ်ဒါမေယာ ဖြစ်လေသည်။ ချီးကျူးဂုဏ်ပြုပါတယ်ဟု အသက် (၇၈) နှစ်ရှိပြီ ဖြစ်သော ဝန်ကြီးချုပ်ဟောင်း မစ္စက်မေယာက ပြန်လည် ပြောကြားလိုက်လေသည်။

## အကြမ်းဖက်ချေမှုန်းရေး

အကြမ်းဖက် လုပ်ငန်းရပ်များကို ကမ္ဘာ၌ အပြီးတိုင် ချေမှုန်းနိုင်ရေးအတွက် အစ္စရေးနိုင်ငံ အနေဖြင့် မိမိအခန်းကဏ္ဍကို ဖေါ်ဆောင်ခဲ့ပါပြီဟု အစ္စရေးဝန်ကြီးချုပ် ရီဇတ်ရာဘင်က ဇူလိုင် (၄) ရက် တနင်္ဂနွေ နေ့ရက်တွင် ကျင်းပသည့် အစ္စရေးပါလီမန်တွင် ပြောကြား လိုက်လေတော့သည်။ ဝန်ကြီးချုပ် ပြောစကားများ အနက် ယူဂန်ဒါသမ္မတ အီဒီအမင်သည် လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများနှင့် အပေါင်းပါသဖွယ် ပြုမူ ကျင့်ကြံခဲ့ပေသည်ဟု စွပ်စွဲပြောဆိုလိုက်သော အချက်တစ်ရပ် ပါဝင်ပေသည်။

ပါလက်စတိုင်းလိုလားသော အကြမ်းဖက်သမားများသည် လေယာဉ်ကို အပိုင်စီးပြီးနောက် အတင်းဆင်းသက်ခိုင်းစေမည့် လေဆိပ်များအဖြစ် မြေပုံ၌ ကြိုတင် သတ်မှတ်ထားရာတွင် ယူဂန်ဒါနိုင်ငံမှာလည်း အပါအဝင်ဖြစ်သည်ဟု သိရပေသည်။ ဥပမာ များစွာအနက်က တစ်ချက်များလောက်သာ ပြရမည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com
အင်တက်ဘီလေဆိပ်သို့ ပြန်ပေးဆွဲခံရသည့် ပြင်သစ်လေယာဉ်ပျံကြီး အရောက်တွင် မြေပြင်၌ အဖက်ဖက်က ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားပြီး ဖြစ်နေခြင်းပင် ဖြစ်လေသည်။

အကြမ်းဖက်သမားများအား ကူညီမှု ပြည့်ပြည့်စုံစုံ ပေးခဲ့ခြင်းက သက်သေခံနေသည်။ ဓါးစာခံများအား အင်တက်ဘီ လေဆိပ်သို့ ခေါ်ဆောင်လာခဲ့ပြီး နောက်ပိုင်းတွင် အကြမ်းဖက်သမား လေးဦးကထပ်မံ အင်အားဖြည့်နိုင်သည်ကို ကြည့်ခြင်းအားဖြင့် ထိုအကြမ်းဖက်သမားလေးဦးမှာ အင်တက်ဘီသို့ ကြိုတင်ရောက်ရှိနေသည်မှာ သေချာပေသည်။

၄င်းတို့အားလုံး စက်သေနတ် အလတ်စားများ၊ ရိုင်ဖယ်သေနတ်များ၊ ဘာရတ်တာပစ္စတိုနှင့် ယမ်းဘီလူးများ အသင့်ကိုင်ဆောင် ထားကြပေသည်။ ဓါးစာခံများကို လူသုံးနည်းသည့် လေဆိပ်ခန်းမဆောင်အတွင်း မောင်းသွင်းလိုက်ပြီး

အပိုင်စီးလာသော လေယာဉ်ကို၄င်း၊ ဓါးစာခံများထားသည့် လေဆိပ်ခန်းမဆောင် အပေါင်းကို၄င်း၊ ယမ်းဘီလူးများ တပ်ဆင်ထားလိုက်ကြပေသည်။ ယင်းနောက် သမ္မတအီဒီအမင်ကို ၄င်းတို့၏ ပြောရေးဆိုခွင့် ရှိသူအဖြစ်ဖြင့် နိုင်ငံအသီးသီးတွင် ဖမ်းဆီးခံထားရသော အကြမ်းဖက်သမား (၅၃) ဦးကို လွှတ်လျှင်လွှတ် မလွှတ်လျှင် ဓါးစာခံများနှင့် ပြင်သစ် လေယာဉ်ဝန်ထမ်းများကို သတ်ပစ်မည်ဟု ခြိမ်းခြောက်လိုက်လေသည်။ ပြန်လွှတ်ပေးရန် တောင်းဆိုသော အကြမ်းဖက်သမား (၅၃) ဦးအနက် အကြမ်းဖက်သမား (၄၀) မှာ အစ္စရေး အကျဉ်းထောင်တွင် ရှိနေပေသည်။

(မှတ်ချက်) တိုက်တိုက်ဆိုင်ဆိုင်ဟု ဆိုရမည်လားမသိ၊ အကြမ်းဖက်သမားများက အပြစ်ပေးခံနေရသော အကြမ်းဖက်သမား (၅၃) ဦး လွှတ်ပေးရန်


www.burmeseclassic.com

www.burmeseclassic.com

တောင်းဆိုသည်။ အစ္စရေးက အဖမ်းခံနေရသော ၄င်းတို့အမျိုးသား ဓါးစာခံများကို (၅၃) မိနစ်ထဲနှင့် ကယ်တင်လာနိုင်သည်။

အစ္စရေးတွင် အကျဉ်းခံနေရသော အကြမ်းဖက်သမားများအနက် ပါလက်စတိုင်း ပြောက်ကျားများအတွက် လက်နက်ကုန်ကူးပေးသဖြင့် လွန်ခဲ့သော နှစ်နှစ်ခန့်က အပြစ်ပေးခံရသည့် ကက်သလစ်ဘုန်းတော်ကြီး အီလရီယံကာပူစီ၊ (၁၉၇၂) ခုနှစ်က တယ်လ်အဗစ်လေဆိပ်၌ ပုံးဖေါက်ခွဲခဲ့သော ဂျာမန်တပ်နီအဖွဲ့ဝင် ကိုဇိုအိုကာမိုတိုအပါအဝင ဖြစ်လေသည်။ ကိုဇိုအိုကာမိုတိုမှာ ပုံးခွဲသူသုံးဦးအနက် တစ်ဦးတည်းသာ အသက်ရှင် ကျန်ရစ်ခဲ့သူဖြစ်ပြီး ၄င်းတို့၏ လက်ချက်ဖြင့် လေဆိပ်တွင် လူပေါင်း (၁၇) ဦးသေဆုံးခဲ့ရပေသည်။

အကြမ်းဖက်သမားများ လွှတ်ပေးရန် တောင်းဆိုထားသူများ အနက်မှ (၁၃) ဦးမှာ ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံ၊ ကင်ညာနိုင်ငံနှင့် အနောက်ဂျာမနီ နိုင်ငံတို့တွင် ရှိနေပေသည်။ (၁၃) ဦးအနက်မှ (၆) ဦးမှာ အာဒါမိနီးဟော့ဖ် အကြမ်းဖက်သမား ဂျာမန်အမျိုးသားများ ဖြစ်ပေသည်။လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများက ၄င်းတို့ လွှတ်ပေးရန် တောင်းဆိုထားသော ဓါးစာခံ (၅၃) ဦးကို တနင်္ဂနွေနေ့ (ဇူလိုင်၄ရက်) နံနက်(၁၁) နာရီတွင်မှ မလွှတ်လျှင် ၄င်းတို့လက်တွင်းရှိ အစ္စရေးအကျဉ်းသား ဓါးစာခံတို့ကို သတ်ပစ်တော့မည်ဟု နောက်ဆုံးရာဇသံ ပေးထားခဲ့ပြီး ဖြစ်လေသည်။

ယင်းသို့ အကြမ်းဖက်သမားများ၏ တောင်းဆိုချက်ကို ပြင်သစ်နှင့် ဂျာမန်အစိုးရတို့က ခပ်တင်းတင်းပင် မလိုက်လျောပဲ နေသည်။ ပြင်သစ်နိုင်ငံ၌ အကျဉ်းခံနေရသော ဆီလီမီယာအမ်ပါရိုပါစ်မီလာမှာ (၁၉၇၅) ခုနှစ် အကုန် လောက်တွင် ထောင်မှ လွှတ်ခဲ့ပြီးဖြစ်လေသည်။ ဆွစ်ဇာလန်နိုင်ငံ အစိုးရကမူ ရေငုံနှုတ်ပိတ် လုပ်နေသည်။ ကင်ညာနိုင်ငံကမူ ၄င်းတို့အကျဉ်းထောင်၌ ပါလက်စတိုင်း တစ်ဦးတစ်လေမှ မရှိဟု ငြင်းဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအတောအတွင်း ဓါးစာခံများမှာ အင်တက်ဘီ လေယာဉ်ခန်းမဆောင်၌ သေရမည့်အချိန်ကို တရွေ့ရွေ့ စောင့်ရင်း တစ်ဦးနှင့်တစ်ဦး ဖက်တွယ်ကာ အေးချမ်းလှသောညများကို ကုန်လွန်ခဲ့ရလေသည်။ ယူဂန်ဒါ သမ္မတကြီး အီဒီအမင်အနေဖြင့် လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများနှင့် ပူးပေါင်းကာ ပါဝင်မှု ရှိခဲ့သည်ဟု အစ္စရေးဖက်က စွပ်စွဲခဲ့ပေသည်။

အစ္စရေး ထောက်လှမ်းရေးအဖွဲ့မှ ရသောသတင်းများအရ၄င်း၊ လွတ်မြောက် လာသော ဓါးစာခံအချို့၏ ပြောစကားအရ၄င်း၊ ကင်ပါလာတွင် ရှိသော သံတမန်များ၏ မှတ်ချက်အရ၄င်း၊ အကြမ်းဖက်သမားများ အင်တက်ဘီ လေဆိပ်ရောက်ပြီးသည့် နောက်ပိုင်းတွင် သမ္မတကြီးအမင်၏ ကြားနေဒိုင်လူကြီး သဏ္ဍာန်မရှိသော ပြုမူ ချက်များကို တွေ့ရသည်ဟု ဆိုသည်။ သမ္မတအမင်က လေယာဉ်အပိုင်စီးသမားများ၏ တောင်းဆိုချက်များသည် လျော်ကန် သင့်မြတ်လှပေသည်ဟုပင် ဆိုလိုက်ပေ သေးသည်။ ဓါးစာခံ အစ္စရေး နိုင်ငံသားများနှင့် တွေ့ဆုံရာတွင် "ပါလက်စတိုင်း ပြဿနာကို ဖြေရှင်းဖို့ ခင်ဗျားတို့ အစိုးရကို တိုက်တွန်းကြပါ" ဟုပင် ပြောဆိုခဲ့သည်ဟု လွတ်မြောက်လာသော ဓါးစာခံအချို့က ပြောကြပေသည်။

ဇူလိုင်လ (၂) ရက်နေ့ သောကြာနေ့တွင်မူ လေယာဉ် အပိုင်စီး အကြမ်းဖက် သမားများ တောင်းဆိုထားသော အပြစ်ပေးခံနေရသည့် အကြမ်းဖက်သမား (၅၃) ဦး လွှတ်ပေးရမည်ဆိုသော အချက်ကိုသာမက သမ္မတ အီဒီအမင်ကပါ ၄င်းအတွက် အကျိုးရှိရာရှိကြောင်း ဖြည့်စွက် တောင်းဆိုလာမည့် ပုံသဏ္ဍာန်မျိုး ထွက်ပေါ်လာသည်။ ဂျေရုဆလင်၌ သမ္မတအမင်က ဓါးစာခံတစ်ဦးစီ အပေါ်တွင် ဒေါ်လာတသန်းစီ ထပ်တောင်းရန် ကြံရွယ်နေပြီ ဟူသော သတင်းများ ကြားသိရလေသောအခါ တုန်လှုပ် သွားလေသည်။ အစ္စရေး ကာကွယ်ရေးဝန်ကြီး ရှီမွန်ပဲရစ်က တိုင်းမ်စ် သတင်းထောက်နှင့် တွေ့ဆုံရာ၌ အောက်ပါအတိုင်း ပြောကြားခဲ့လေသည်။


www.burmeseclassic.com

www.burmeseclassic.com

"သမ္မတ အီဒီအမင်ဟာ အကြမ်းဖက်သမားတွေနဲ့ ပေါင်းရုံသာမကဘူး၊ ဒေသခံ ပါလက်စတိုင်းလူမျိုးတွေကို အင်တက်ဘီ လေဆိပ်မှာရှိတဲ့ အကြမ်းဖက်သမားတွေကို ကူညီဖို့ ခွင့်ပြုတယ်၊ ဆိုမာလီယာကို အထူးလေယာဉ်လွှတ်ပြီး ဓါးစာခံတွေ စောင့်ကြပ်ဖို့ အကြမ်းဖက်သမားတွေ ထပ်ခေါ်ပေးတယ်။ ကျုပ်တို့ဖက်က အကြမ်းဖက်သမားတွေရဲ့ တောင်းဆိုချက်တွေကို အားလုံး လိုက်လျောတယ်ထားအုန်း၊ ကျုပ်တို့လူတွေ ပြန်လွှတ်မယ် မထင်ဘူး၊ စစ်ရေးစစ်ရာဖက်က ကြည့်ရင်တော့ ကျုပ်တို့ အခုလိုလုပ်တာဟာ အင်မတန် အန္တရာယ်ကြီးမားတဲ့ စွန့်စားခန်းတစ်ခုပါပဲ"

အစ္စရေးတို့ဖက်ကလည်း သမ္မတ အီဒီအမင် လုပ်ရပ်များနှင့် ပတ်သက်၍ လုံလောက်သော အကြောင်းပြချက်များ ရှိနေသည်။ လေယာဉ် အပိုင်စီးသမားများသည် မိမိတို့ အပိုင်စီးထားသော လေယာဉ်၏ နောက်ဆုံးခရီးမှာ အင်တက်ဘီလေဆိပ် ဖြစ်သည်ဆိုခြင်းကို သေချာစွာ သိရှိနားလည်ကြပြီး ဖြစ်နေသည်။ အင်တက်ဘီ လေဆိပ်သို့ ရောက်သောအခါ တစ်ယောက်သော အကြမ်းဖက်သမားက

"အားလုံး စိတ်ချရပြီ... လေယာဉ်ကွင်းထဲကို စစ်တပ်ရောက်နေပြီ" ဟု ဝမ်းသာအားရ ဟစ်အော်ခဲ့သည်။

သမ္မတအမင်က လေယာဉ် အပိုင်စီး အကြမ်းဖက်သမားများအား ဖက်လှဲတကင်း ကြိုဆိုခဲ့သည်။ ယူဂန်ဒါယာဉ်မောင်းများ မောင်းသော မော်တော်ကားများကို စီးနင်း၍ အကြမ်းဖက်သမားများသည် ကိုယ်အိုး ကိုယ့်အိမ်ပမာ သွားလိုရာ သွားနိုင်ကြသည်။ ပထမ (၂၄) နာရီတွင် ဓါးစာခံများအား ယူဂန်ဒါစစ်သားများက စောင့်ကြပ်ပေးခဲ့သည်။ အကြမ်းဖက်သမားများက နားနားနေနေ အနားယူခဲ့ပြီး အပန်းဖြေကာ လန်းဆန်းလာသော အခါမှ တာဝန် လွှဲပြောင်းပေးပြီး ယူဂန်ဒါစစ်သားများက ၄င်းတို့အား စက်သေနတ်အလတ်စားများ ပေးကမ်းခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤအကြောင်းကြောင့်ပင် အင်တက်ဘီလေဆိပ်၌ အစ္စရေး ဓါးစာခံများ တွေ့ကြုံနေရသော ဘေးအန္တရာယ်ကို ပေါ့ပေါ့တန်တန် မတွက်တော့ပဲ လျှပ်တပြက် ကယ်တင်ရေးကို အစ္စရေးဖက်က ဆောင်ရွက်ခဲ့ပြီး ဖြစ်သည်။ သေဘေးဆီသို့ စက္ကန့်ပိုင်းအတွင်း ရောက်သွားနိုင်သည့် ဘဝဆိုးကို ရင်ဆိုင်နေရသည့် အစ္စရေး နိုင်ငံသား ဓါးစာခံများအား လျှပ်တပြက် စစ်ဆင်ရေးဖြင့် ကယ်တင်နိုင်ခဲ့ပြီ ဖြစ်လေရာ သေဘေးကို ရင်ဆိုင်ခဲ့ရသူများအဖို့ ပျော်တပြုံးပြုံး ဖြစ်ရသည်မှာ ဖြစ်ထိုက်ပါပေသည်။

## အခွင့်သာလျှင်

ကျုပ်တို့အဖို့ အခု အင်တက်ဘီ လေဆိပ်မှာ သုံးခဲ့သည့်နည်းလမ်းမျိုး သုံးချင်မှ သုံးမည်ဖြစ်သော်လည်း အကြမ်းဖက်မှု နှိမ်နင်းရေးနှင့် ပတ်သက်၍ ကျုပ်တို့ဖက်က အမြဲတမ်း အသင့်ရှိနေမည်ဖြစ်ကြောင်း ပြောလိုသည်။ ပါလက်စတိုင်း အကြမ်းဖက် သမားများအဖို့ မည်မျှပင် အာဖရိကတွင်း နက်ရှိုင်းစွာဝင်ပြီး လှုပ်ရှားစေကာမူ မလွယ်တော့ပြီ ဖြစ်ကြောင်းဖြင့် သတိပေးစကားကို အစ္စရေးဝန်ကြီးချုပ်ရာဘင်က ပြောကြားသွားသည်။

ပဓါန အကျဆုံးသော အခြေခံအချက်မှာ အကြမ်းဖက်သမားများအား လုံလောက်သည့် အခွင့်သာလျှင် သာသလို တုန့်ပြန် တိုက်ခိုက်ရန်ပင် ဖြစ်သည်။ အကြမ်းဖက်သမားများကို ဂျေရုဆလင်မှာပဲ တိုက်ရတိုက်ရ အင်တက်ဘီမှာပဲ တိုက်ရတိုက်ရ တိုက်ရတာ အတူတူပင်ဖြစ်ကြောင်း၊ ဘယ်တော့မှ အကြမ်းဖက် သမားကို ခေါင်းငုံ့ခံရန် မလိုကြောင်းဖြင့် ဝန်ကြီးချုပ်က ပြောကြားသွားလေသည်။

အစ္စရေးတို့အဖို့ အင်တက်ဘီမှ ဓါးစာခံများ ကယ်တင်ရေးမှာ လုံလောက်သော အခွင့်အလမ်း နည်းပါးလှပေသည်။ သို့သော် သူတို့ ဆောင်ရွက်ခဲ့ကြသည်။ ထွန်းပြောင် လေးနက်သော တာဝန်တစ်ရပ် ပြီးဆုံး အောင်မြင်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

အစ္စရေးနိုင်ငံ ဝန်ကြီးချုပ်က ဆက်လက် ပြောကြားရာ၌ မည်သည့် တိုင်းပြည်မဆို အကြမ်းဖက်လုပ်ရပ်များ လေယာဉ် အပိုင်စီးမှုများကို ဆန့်ကျင် ဖြုခွင်းလိုပါလျှင် အဓိက အကြောင်းသုံးရပ်ကို လိုက်နာသင့်ပေသည်ဟု ဆိုသည်။ ယင်းနိုင်ငံသည် လေယာဉ်ပျံများ လေယာဉ်ကွင်းများတွင် လေယာဉ်အပိုင်စီးမှုများ မဖြစ်ရအောင် ကြိုတင်ဟန့်တားနိုင်မည့် စီမံချက်များ ပြုလုပ်သင့်ပေသည်။ လေယာဉ်ပျံ အပိုင်စီးမှုအတွက် ပိုပြီး ခက်ခဲအောင်နှင့် အပိုင်စီးသူတို့အတွက် လွတ်လပ်မှု မရှိအောင် စီစဉ်သင့်ပေသည်။ အကြမ်းဖက်သမားများနှင့် လေယာဉ် အပိုင်စီးသူများ ခိုလှုံခွင့်ပေးသော ထောက်ပံ့သော တိုင်းပြည်များအပေါ် ဆန့်ကျင်ရှုတ်ချ တိုက်ဖျက်ရန် အခြားနိုင်ငံများက ပူးပေါင်း ဆောင်ရွက်သင့်ပေသည်။

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့သည် အကြမ်းဖက် လုပ်ရပ်များကိုသာ လုပ်တတ်သည်၊ ညွှန်ပြသည်။ ပါလက်စတိုင်းမှ ပြောက်ကျားတို့၏ အကြမ်းဖက်လုပ်ငန်းရပ်များ ရှင်သန်ပေါက်ဖွားကာ လုပ်ငန်းစီမံချက်များ ပြုလုပ်နိုင်ခြင်းမှာ အကြမ်းဖက်လုပ်ငန်း သို့မဟုတ် အကြမ်းဖက်အဖွဲ့များ လက်ခံထားသည့် နိုင်ငံများကြောင့်ဖြစ်သည်။ပါလက်စတိုင်း ပြောက်ကျားများသည် အကြမ်းဖက် လုပ်ငန်းများ၏ ရှေ့ဆောင်ရှေ့ရပ်များ ဖြစ်သည်။ အကြမ်းဖက်လုပ်ငန်းများမှာ အပြည်ပြည်ဆိုင်ရာ အခန်းကဏ္ဍတွင် ယင်းတို့အတွက် နေရာမရှိတော့ပြီဟု ညွှန်ပြ ပြောဆိုသွားပေသည်။

"လေယာဉ်ပျံအပိုင်စီးမှု ရာဇဝင်ထဲမှာတော့ နိုင်ငံတစ်နိုင်ငံရဲ့ အကြီးအကဲ အနေနှင့်၄င်း၊ သူ့ရဲ့ စစ်တပ်အနေနဲ့၄င်း၊ လက်တွေ့ ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့တာကို တွေ့ရတာတော့ဖြင့် ဒီတစ်ကြိမ်ဟာ ပထမဦးဆုံး အကြိမ်လို့ပဲ ပြောရမလောက် ဖြစ်နေပါပြီ၊ သူတို့ကိုယ်သူတို့ ဖုံးကွယ်ဖို့တောင် မကြိုးစားတော့ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com

အထက်ပါစကားစုကို အစ္စရေး နိုင်ငံခြားရေးဝန်ကြီး ရီဂါလ်အာလွန်က ပြောကြားပြီးနောက် သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကာကွယ်ရေးဝန်ကြီး ပဲရစ်က ထပ်ဆင့်ပြောကြားလိုက်ခြင်း ဖြစ်ပြန်သည်။

ကာကွယ်ရေးဝန်ကြီးက ဆက်လက်ပြောကြားရာ၌ အင်တက်ဘီ လေဆိပ်၌ အကြမ်းဖက်သမားဦးရေ အင်အား ထပ်ဖြည့်လာနိုင်သည်ကို တွေ့ရကြောင်း၊ ယင်း အချက်သည်ပင်လျှင် အင်တက်ဘီ လေဆိပ်၌ အကြမ်းဖက်သမားတစ်စု ကြိုတင် ရောက်ရှိနေသည်မှာ ထင်ရှားကြောင်း။ မေးခွန်းများ ပြန်လည်ဖြေကြားရာ၌လည်း၊ အင်တက်ဘီ လေဆိပ်မှာ အစ္စရေး လေယာဉ်ပျံများ သက်ဆင်းခွင့်အမိန့် တစ်စုံ တစ်ရာမျှ မရရှိခဲ့ပါဟု ဖြေကြားလိုက်သဖြင့် သတင်းစာကွန်ဖရင့်တစ်ခုလုံး ပွဲကျသွားပေသည်။

"အစ္စရေး လေယာဉ်ပျံတွေ ဆီဖြည့်တာကို အင်တက်ဘီ လေဆိပ်မှာ ဆီဖြည့်ခဲ့ရပါသေးတယ်၊ ဒါလည်း ခွင့်ပြုမိန့် တစ်စုံတစ်ရာ မရှိခဲ့ပါဘူး"

အသက် (၃၉) နှစ်အရွယ် ဗိုလ်ချုပ်ကြီး ရှွန်မရွန်က အင်တက်ဘီ လျှပ်တပြက်အော်ပရေးရှင်းကို မည်သို့မည်ပုံ ဦးဆောင် လုပ်ကိုင်ခဲ့ကြောင်း ရှင်းပြရာ၌လည်း လုပ်ငန်းဆောင်ရွက်မှုများမှာ ချောမော ပြောပြစ်ခဲ့သည်မှာ အခြေအနေ အရပ်ရပ်က မိမိတို့အတွက် လေးသာလမ်းပွင့်နေသည်ကို တွေ့ရခြင်း ဖြစ်သည်ဟု ထည့်သွင်း ပြောကြားသွားလေသည်။ ဗိုလ်ချုပ်ကြီး ရှွန်မရွန်မှာ စစ်ပွဲကြီး သုံးပွဲမှ အတွေ့အကြုံ ရင့်ကျက်ပြီးသော စစ်သားကောင်းကြီး ဖြစ်သည်။ သူသည် (၁၉၅၆) ခုနှစ်တွင် လေထီးတပ်သို့ ဝင်ရောက်ခဲ့သူ ဖြစ်လေသည်။

အင်တက်ဘီ လေဆိပ်၌ ဓါးစာခံများအား လျှပ်တပြက်ဝင်ရောက် ကယ်ဆယ်အပြီးတွင် အစ္စရေးနိုင်ငံ၏ သဘောထားကို ကမ္ဘာအနှံ့ ယင်းတို့၏ ရုံးခန်းအသီးသီးမှ ဇူလိုင် (၄) ရက်နေ့တွင် ထုတ်ပြန်ချက်များ၌ ထည့်သွင်း


www.burmeseclassic.com

www.burmeseclassic.com

ဖေါ်ပြလိုက်လေသည်။ အစ္စရေးပြည်သူတို့ပေါ်တွင် ထားအပ်သည့် တာဝန်ဝတ္တရားကို ဖြည့်စွက်ရန် လုပ်ကိုင်ဆောင်ရွက်ခဲ့သည့် အနေဖြင့် အစ္စရေးအစိုးရသည် ယမန်နေ့က အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့ဝင်များအား ယူဂန်ဒါနိုင်ငံ အင်တက်ဘီ လေဆိပ်၌ ဖမ်းဆီးခြင်းခံနေရသော ဓါးစာခံ ၁၀၀ ကျော်ကို ကယ်ဆယ်ရန် ညွှန်ကြားခဲ့သည်။

ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ဟု ခေါ်တွင်နေသည့် အဖွဲ့၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ပါလက်စတိုင်း လွတ်မြောက်ရေး ပေါ်ပြူလာတပ်ဦးအဖွဲ့ဟု ခေါ်တွင်နေသည့် အဖွဲ့မှ လူသတ်သမားများ၏ လက်ဝယ် ကျရောက်နေသော ဓါးစာခံများအား ကယ်တင်ရေးလုပ်ငန်းမှာ အောင်မြင်ပြီဖြစ်၍ ဓါးစာခံအဖြစ် ဖမ်းဆီးခြင်းခံရသူများအားလုံးမှာ အစ္စရေးနိုင်ငံသို့ ဘေးမသီရန်မခ ပြန်လည် ရောက်ရှိခဲ့လေပြီဟု ဖေါ်ပြထားလေသည်။

အင်တက်ဘီမှ လွတ်မြောက်လာသည့်နေ့က တယ်လ်အဗစ်လေဆိပ် အရောက်တွင် ဓါးစာခံအမျိုးသမီးကြီး တစ်ဦးက အစ္စရေးသားကောင်းတို့အား ချီးကျူးဂုဏ်ပြုပြီး အစ္စရေး ကာကွယ်ရေးရံပုံငွေကို များများ စုပုံလှူဒါန်းသင့်ကြောင်း ပြောကြားခဲ့လေသည်။ အစ္စရေး အမျိုးသားများမှာ ကမ္ဘာတစ်ဝှန်းလုံးတွင် အခွန်အကောက် ပေးဆောင်ရနှုန်း ကြီးမားလင့်ကစား အမျိုးသား ကာကွယ်ရေး ရံပုံငွေအဖွဲ့သို့ ဒေါ်လာသုံးသန်း တထိုင်တည်းလိုလို စုဆောင်း ပေးပို့ကြလေသည်။ ပို၍ ပျော်စရာကောင်းသည်က မားရစ်ဗ်သတင်းစာ၏ ရေးသားဖေါ်ပြချက်ပင် ဖြစ်သည်ကို တယ်လ်အဗစ်မှ ဇူလိုင် (၁၁) ရက်နေ့တွင်လာသော နိုင်ငံခြားသတင်းတွင် တွေ့ရှိရပေသည်။

"စစ်သားတစ်ယောက်အနေနဲ့သာ ပြောရမယ်ဆိုရင် အစ္စရေးတို့ရဲ့ အင်တက်ဘီ လေဆိပ်တိုက်ပွဲဟာ ချောမော အောင်မြင်တဲ့အပြင် ခင်ဗျားတို့ရဲ့ ကွန်မန်ဒိုတွေဟာ အကောင်းဆုံး လှုပ်ရှားသွားနိုင်ပါတယ်" ထိုစကားစုကို ယူဂန်ဒါ သမ္မတ အီဒီအမင်က



www.burmeseclassic.com

www.burmeseclassic.com

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရှိ ဗိုလ်မှူးကြီးဟောင်း ဘားလပ်ဗ်ထံ တယ်လီဖုန်းဆက် ပြောကြားခဲ့ကြောင်းဖြင့် မားရစ်ဗ်သတင်းစာက ရေးသား ဖေါ်ပြလိုက်ခြင်းပင် ဖြစ်လေသည်။

## အခန်း ( ၆ )

### ရှုံးတမျက်မျက်

အင်တက်ဘီလေဆိပ်သို့ အစ္စရေး ကွန်မန်ဒိုများ လျှပ်တပြက် ဝင်ရောက်လာပြီး ဓါးစာခံများကို ကယ်တင်ခဲ့လေပြီဟူသော သတင်းကို ယူဂန်ဒါ သမ္မတကြီး အီဒီအမင် ကြားရလေသော် မယုံကြည်နိုင်လောက်အောင်ပင် ဖြစ်သွားခဲ့ရပေသည်။ ယူဂန်ဒါ သမ္မတကြီးသည် အင်တက်ဘီ လေဆိပ်သို့ အစ္စရေး ကွန်မန်ဒိုများ ဝင်ရောက်စီးနင်းမည့် စနေနေ့တွင် မောရစ်ရှတွင် ကျင်းပနေသော အာဖရိက ညီညွတ်ရေးအဖွဲ့ချုပ် ထိပ်သီးညီလာခံ (အိုအေယူ) အစည်းအဝေး တက်ရောက်ပြီး ယူဂန်ဒါသို့ ပြန်ရောက်လာစ ဖြစ်လေသည်။ အိုအေယူ ထိပ်သီးညီလာခံ၌ ရရှိခဲ့သော နိုင်ငံရေး အောင်မြင်မှုများဖြင့် ပျော်ရွှင် နစ်သိမ့်နေချိန်တွင် သမ္မတကြီး အီဒီအမင်အား အင်တက်ဘီ လေဆိပ်၌ ဖြစ်ပွားလိုက်သော အရေးအခင်းကိုမူ မည်သူကမှ မပြောဝံ့ပဲ ရှိနေခဲ့ကြပေသည်။ သမ္မတကြီး အနီး၌ရှိသောသူများ၊ လက်ထောက် အရာရှိများက တစ်ဦးမှ ဖွင့်ဟ မပြောရဲခဲ့ကြပါပေ။

အင်တက်ဘီ လေဆိပ်၌ အစ္စရေး ကွန်မန်ဒိုများက လျှပ်တပြက် ဝင်ရောက်ကာ အစ္စရေး ဓါးစာခံများကို ကယ်တင်သည့် တိုက်ပွဲဆင်နွှဲနေချိန်တွင် သမ္မတကြီး အီဒီအမင်သည် အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့ရှိ ဗိုလ်မှူးကြီးဟောင်း ဘရော့ချ်ဘားလပ်ဗ်နှင့် အဝေးပြော တယ်လီဖုန်း စကားပြောဆိုလျှက် ရှိနေပေသည်ဟု



www.burmeseclassic.com

www.burmeseclassic.com

တိုင်းမ်စ်မဂ္ဂဇင်းက ထိုတိုက်ပွဲအကြောင်းကို ဖော်ပြ ရေးသားလိုက်ပေသည်။ ဗိုလ်မှူးကြီး ဘားလက်ဗ်သည် အစွရေး စစ်မစ်ရှင်အဖွဲ့ ခေါင်းဆောင်အဖြစ်ဖြင့် ယူဂန်ဒါနိုင်ငံ၌ (၁၉၆၇) ခုနှစ်မှ (၁၉၇၂) ခုနှစ်အထိ တာဝန် ထမ်းဆောင်နေခဲ့ဘူးသူဖြစ်ပြီး သမ္မတကြီး အီဒီအမင်နှင့် ပုဂ္ဂိုလ်ရေးအရ ခင်မင်မှုရှိလှသူ ဖြစ်လေသည်။ သမ္မတကြီးအား လေထီးခုန်သည့် အတတ်ကိုပင် သင်ပေးခဲ့သူဖြစ်လေသည်။

အစွရေး ကွန်မန်ဒိုများက အစွရေးဓါးစာခံများအား ကယ်တင် ပြီးစီးချိန်ဖြစ်သော စနေနေ့ည သန်းကောင်ကျော်လောက်တွင်မှ သူတို့နှစ်ဦး၏ မိနစ် (၂၀) ကြာမျှ တယ်လီဖုန်းပြောဆိုမှုမှာ ပြီးဆုံးသွားခဲ့လေသည်။ သမ္မတ စံအိမ်မှာ အင်တက်ဘီလေဆိပ်နှင့် (၂၃) မိုင် ကွာဝေးလေရာ အင်တက်ဘီ လေဆိပ်၌ ဖြစ်ပွားသော တိုက်ပွဲကို သမ္မတကြီး မသိရှိခဲ့ပေ။

အစွရေး ကွန်မန်ဒိုများ၏တာဝန် ပြီးဆုံးကာ ဓါးစာခံများအား ခေါ်ဆောင်လာသော လေယာဉ်ကြီးများ ကောင်းကင်၌ စိတ်ချလက်ချ ပျံသန်းနေနိုင်သည့် အချိန်ကျမှ အီဒီအမင်အား အဝေးပြော တယ်လီဖုန်းဆက်ကာ အဖြစ်အပျက်ကို အသိပေးလိုက်လေတော့သည်ဟု နယူးရောက်ခ်တိုင်းမ်စ် သတင်းစာက ရေးသား ဖော်ပြလိုက်ကြလေသည်။ သမ္မတကြီးသည် သံချပ်ကာ ကားတပ်အစောင့်ဖြင့် (၂၃) မိုင်ဝေးသော အင်တက်ဘီလေဆိပ်သို့ ချက်ချင်းပင် ရောက်ရှိလာတော့သည်။

သတင်းတစ်ခု ဖြစ်ပေါ်လာပြီဆိုလျှင် သတင်းထောက်များ ရောက်လာစမြဲပင် ဖြစ်လေရာ အေအက်ဖ်ပီ သတင်းထောက်သည်လည်း တိုက်ပွဲဖြစ်ပွားပြီးနောက် တစ်နာရီအကြာတွင် အင်တက်ဘီလေဆိပ်သို့ ရောက်ရှိလာလေသည်။ သူသည် အင်တက်ဘီ လေဆိပ်သို့ ရောက်ရန်မိုင် (၄၀) ခန့် လာခဲ့ရပြီး အင်တက်ဘီ လေဆိပ် အရောက်တွင် ပေါက်ကွဲသံတစ်ခုကိုသာ ကြားလိုက်ရသည်မှအပ အားလုံး တိတ်ဆိတ်


www.burmeseclassic.com

www.burmeseclassic.com
ငြိမ်သက်လွန်းလှပေသည်ဟု ဆိုလိုက်လေသည်။ သို့သော် အင်တက်ဘီလေဆိပ်မှာ မီးရောင်လွှမ်းလျှက် ရှိနေလေပြီ။

အင်တက်ဘီ လေဆိပ်တိုက်ပွဲပြီးမှ ဗိုလ်မှူးကြီး ဘားလပ်ဗ်က သမ္မတ အမင်ထံ တယ်လီဖုန်းဖြင့် ခေါ်သည်။ ဖုံးသံကြောင့် အိပ်ယာမှာနိုးလာကာ သမ္မတကြီး အမင် ကိုယ်တိုင် တယ်လီဖုန်းကိုင်၍ စကားပြောသည်။ ထိုအချိန်တွင် ဗိုလ်မှူးကြီး ဘားလက်ဗ်က အဖြစ်အပျက် အလုံးစုံကို ပြောခဲ့သည်ဟု နယူးယောက်တိုင်းမ်စ် သတင်းစာက ရေးသား ဖေါ်ပြလိုက်လေသည်။ ထိုအချိန်က သမ္မတကြီးသည် လေဆိပ်တိုက်ပွဲအကြောင်း သိဟန်မတူသေးဟုဆိုသည်။

ယင်းသို့ ပြောကြားပြီးနောက် နာရီအနည်းငယ်ကြာပြီး နောက်နာရီအနည်းငယ် ကြာသောအခါ သမ္မတကြီး အမင်က ဂျေရုဆလင်မြို့ရှိ ဗိုလ်မှူးကြီး ဘားလက်ဗ်ထံ တယ်လီဖုန်းခေါ်ပြီး "ခင်ဗျားတို့ ကျုပ်ကိုဘာလုပ်ကြတာလဲ" ဟု မေးလိုက်ကြောင်းဖြင့် ဖေါ်ပြ ရေးသားထားပြန်သည်။

ဤသို့အားဖြင့် သမ္မတကြီး အီဒီအမင်နှင့် ဗိုလ်မှူးကြီး ဘားလက်ဗ်တို့ တယ်လီဖုန်း စကားပြောခြင်းမှာ အင်တက်ဘီ လျှပ်တပြက်တိုက်ပွဲ မစမီဟု တိုင်းမ်စ်မဂ္ဂဇင်းက ရေးသားလိုက်ပြီး၊ နယူးရောက်စ်တိုင်းမ်စ် သတင်းစာကမူ တိုက်ပွဲပြီးမှ ဗိုလ်မှူးကြီး ဘားလက်ဗ်က သမ္မတကြီးနှင့် တယ်လီဖုန်း ဆက်သွယ် ပြောကြားနေကြောင်း အတိအကျ ရေးသားဖေါ်ပြထားလေသည်။ အင်တက်ဘီ လျှပ်တပြက် ကယ်တင်ရေးလုပ်နေသည့် တစ်ချိန်လုံး နှစ်ဦးသား စကားပြော ကောင်းနေဆဲ ဖြစ်လေသည်။

သမ္မတကြီး အီဒီအမင်နှင့် ဗိုလ်မှူးကြီး ဘားလက်ဗ်တို့သည် မိုင်ပေါင်း နှစ်ထောင်ကျော်အကြား တစ်ဦးနှင့်တစ်ဦး တယ်လီဖုန်းဖြင့် ရေးဖြစ်နောက်ကြောင်း ပြောသည်။ အစ္စရေး ခါးစာခံများနှင့် ပတ်သက်၍လည်း အစ္စရေးအစိုးရက


www.burmeseclassic.com

www.burmeseclassic.com

အကြမ်းဖက်သမားတို့၏ တောင်းဆိုချက်များ လိုက်လျောရန် မည်သို့မည်ပုံ စဉ်းစား ဆောင်ရွက်နေသည်ကိုလည်း ပြောသည်။ သမ္မတကြီး အီဒီအမင်အနေဖြင့် အစ္စရေး ဓါးစာခံများ ပြန်လွှတ်ရေးကိစ္စတွင် ကြားဝင်၍ ဂရုစိုက် ဆောင်ရွက်ပေးရန်လည်း မှာကြားနေသည်။

ယင်းတို့ ပြောနေသော စကားစုအရပ်ရပ်ကို အစ္စရေးအာဏာပိုင်များအားလုံး ကြားနေကြပြီး နှစ်ဦးသား တယ်လီဖုန်း စကားပြောရပ်လိုက်သောအခါ တိုက်ပွဲပြီး၍ပင် နေချေပြီ။ ဗိုလ်မှူးကြီး ဘားလက်ဗ်သည် တယ်လီဖုန်းစကားပြောခွက်ကို တယ်လီဖုန်းပုခက်ပေါ် ပြန်တင်လိုက်ရင်းက အစ္စရေး အာဏာပိုင်များအား လက်မထောင်ကာ ပြုံးပြလိုက်လေသည်။

ကာနယ် ဘရော့ချ်ဘားလက်ဗ်သည် ယူဂန်ဒါနိုင်ငံ အစ္စရေး စစ်မစ်ရှင်အဖွဲ့ ခေါင်းဆောင်အဖြစ် နေထိုင်ခဲ့ရစဉ်က စစ်ရေးစစ်ရာနှင့် ပတ်သက်ပြီး ယခု သမ္မတကြီး ဖြစ်နေသူအီဒီအမင်အား အရေးပါအရာရောက်သော အကြံတစ်ခု ပေးခဲ့ဘူးသည်။ ထိုကြောင့်သာလျှင် သမ္မတ အီဒီအမင်သည် ယခုဘဝသို့ ရောက်ရှိကြောင်းဖြင့် ဂျေရုဆလင်၌ သတင်းစာဆရာများနှင့် တွေ့ဆုံရာ၌ ဖွင့်ဟပြောကြားလိုက်ပေသည်။

ထိုစဉ်က စစ်ဦးစီးချုပ်ဖြစ်သော အီဒီအမင်သည် (၁၉၇၁) ခုနှစ်တွင် သမ္မတ အိုဘိုတေ စင်္ကာပူနိုင်ငံသို့ ရောက်နေခိုက် အာဏာသိမ်းယူခဲ့ခြင်း ဖြစ်သည်။ စစ်ဦးစီးချုပ် အီဒီအမင်သည် မိမိအား သမ္မတ မီလ်တန်အိုဘိုတေက ဖယ်ရှားရန် ကြံရွယ်နေသည်ကို သိသောအခါ ယင်းအခြေအနေကို တုန့်ပြန်လှုပ်ရှားရန်အတွက် စစ်တပ်များ ပြန်လည်စုစည်းဖွဲ့စည်းခြင်းကို အစ္စရေး မစ်ရှင်ခေါင်းဆောင် ဗိုလ်မှူးကြီး ဘားလက်ဗ်ထံမှ အကူအညီတောင်းခဲ့သည်ဟု ဆိုသည်။

အစ္စရေးနိုင်ငံသည် ယူဂန်ဒါနိုင်ငံအား ထိုစဉ်က စီးပွားရေးနှင့် စစ်ရေး မစ်ရှင်အဖွဲ့များ စေလွှတ်၍ ကျယ်ပြန့်သော အကူအညီများ ပေးနေဆဲ ဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com
သမ္မတကြီး အိုဘိုတေက တင်ဇန်းနီးယားသမ္မတကြီး ဂျူးလီယာစ် ညီညွတ်ရေး ပြုလုပ်သကဲ့သို့ ယင်းမစ်ရှင်များနှင့် အဆက်အသွယ်ဖြတ်ရန် စီရင်နေဆဲကာလလည်း ဖြစ်ပေသည်။ ထိုအချိန်တွင် အီဒီအမင်သည် အစ္စရေးနိုင်ငံသို့ ဆေးကုသခံရန် လာရောက်နေပြီး လေထီးခုန်ကျမှုကိုပါ လေ့ကျင့်နေဆဲ ဖြစ်လေသည်။ အီဒီအမင်က အစ္စရေးတို့နှင့် အဆက်ဖြတ်ရန် ကြံရွယ်ချက်ကို ဆန့်ကျင်ခဲ့လေသည်။ ဗိုလ်မှူးကြီး ဘားလက်ဗ်ကမူ အီဒီအမင်အား စစ်ရေးစစ်ရာ အချက်အလက်များ ကူညီခဲ့ရခြင်းနှင့် ပတ်သက်၍ မိမိသဘောဆန္ဒနှင့် ဆန့်ကျင်ကာ ဖြစ်ပွားခဲ့ရပေသည်ဟု ဆိုလိုက်သည်။

ထိုစဉ်က အီဒီအမင်အား မကူညီခဲ့လျှင် အစ္စရေးနိုင်ငံအဖို့ နှစ်နိုင်ငံအကြားတွင် မိတ်ပျက်ရသည်သာမက အချက်အချာကျသော အာဖရိကတိုက် တစ်နေရာကို ဂျူးနိုင်ငံ တစ်နိုင်ငံအနေဖြင့် လက်လွတ်ဖွယ်ရာ ဖြစ်သောကြောင့် ကူညီခဲ့ရသည်ဟု ဆိုသည်။ ထိုကြောင့်ပင် ဗိုလ်မှူးကြီး ဘားလက်ဗ်က အီဒီအမင်အား သံချပ်ကာကားတပ်နှင့် လေထီးတပ် ထူထောင်ရေးကို အကြံပေးခဲ့သည်။ ယူဂန်ဒါနိုင်ငံ ကင်ပါလာမြို့ရှိ သမ္မတကြီး အိုဘိုတေအား သစ္စာရှိသော ကြည်းတပ်ကို ရင်ဆိုင်နိုင်ရန် ဖြစ်လေသည်။

ဗိုလ်မှူးကြီး ဘားလက်ဗ်၏ ပြောစကားအရဆိုလျှင် အီဒီအမင်ကို သုတ်သင်ရန် ကြိုးစားနေသော သမ္မတအိုဘိုတေကို လိုလားသည့်အုပ်စုကို လေထီးတပ် လေ့ကျင့်ရေး ဆရာလေးဦးက ခေါင်းဆောင်ပြီး အနိုင်ကိုင်ကာအားလုံးသတ်ပစ်လိုက်လေတော့သည်။

ဤသို့ဖြင့် သမ္မတအီဒီအမင်သည် အာဏာရယူခဲ့ခြင်း ဖြစ်လေသည်။ သမ္မတကြီး အီဒီအမင်သည် (၁၉၇၂) ခုနှစ်တွင် အစ္စရေးနှင့် အဆက်အသွယ် ဖြတ်တောက် လိုက်သည်။ ထိုစဉ်က အီဒီအမင်က မိမိပတ်ဝန်းကျင်ရှိ အာဖရိကတိုက် နိုင်ငံများအား တိုက်ခိုက်ရေးအတွက် လေယာဉ်ပျံများ ထောက်ပံ့ရန် တောင်းခံခဲ့ရာတွင် အစ္စရေးနိုင်ငံက ပယ်ချလိုက်သောကြောင့်ပင် ဖြစ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

(၁၉၇၂) ခုနှစ်တွင် ဗိုလ်မှူးကြီး ဘားလက်ဗ်သည် ယူဂန်ဒါနိုင်ငံမှ ပြန်လာရပြီး အငြိမ်းစားယူကာ တယ်လ်အဗစ်တွင် တေးသံသွင်းလုပ်ငန်း လုပ်ကိုင်နေထိုင်သူ ဖြစ်လေသည်။

## အကုန်သတ်

သမ္မတကြီး အီဒီအမင်သည် ဂျေရုဆလင်မှ ဗိုလ်ချုပ်ကြီး ဘားလက်ဗ်က တယ်လီဖုန်း ဆက်အပြီးတွင် အင်တက်ဘီလေဆိပ်သို့ အပြေးအလွှား သွားရောက်ခဲ့သည်သာမက လေဆိပ် ရာဒါအမှုထမ်း (နတ်မျက်စိ) လေးဦးကို စစ်ဆေးခဲ့လေသည်။ (၁၉၇၆) ခုနှစ် ဇူလိုင် (၁၉) ရက်နေ့ထုတ် နယူးစ်ဝစ် မဂ္ဂဇင်းအဆိုအရ ဆိုလျှင် ရာဒါလေးဦးကို သတ်ဖြတ်ရန် အမိန့်ပေးလိုက်သဖြင့် ကျဉ်ဆန် ဇကာပေါက် တွေ့ရသည်ဟု ဖော်ပြထားပေသည်။

သတင်းတစ်ရပ်ကမူ မစ္စက်ဘလော့ချ်၏ အလောင်းကိုပါ ရာဒါသမားများ၏ အလောင်းများနှင့်အတူ တွေ့ရသည်ဟု ဆိုသည်။ အင်တက်ဘီ လေဆိပ်မှ ဓါးစာခံများ လျှပ်တပြက် ဝင်ရောက် ကယ်ဆယ်ရာ၌ ကင်ညာနိုင်ငံရှိ နိုင်ရိုဘီလေဆိပ်ကို အစ္စရေး လေယာဉ်ပျံများအား ဆင်းခွင့်ပေးသည့် အကြောင်း သိရသောအခါ ယူဂန်ဒါနိုင်ငံ ကင်ပါလာမြို့ရှိ ကင်ညာလူမျိုးတို့မှာ သမ္မတကြီး အီဒီအမင်၏ ရှုံးဒေါသ အမျက်ထွက်ခြင်းဒဏ်ကို ခံရပေပြီဟု (၁၉၇၆) ခု ဇူလိုင် (၁၁) ရက်နေ့ထုတ် နယူးစ်ဝစ် မဂ္ဂဇင်းက ရေးသား ဖော်ပြလိုက်လေတော့သည်။

ကင်ညာနှင့် ယူဂန်ဒါနယ်စပ်တွင် ဘူရှာခရိုင် ကော်မစ်ရှင်နာယကအဖြစ် ဆောင်ရွက်နေသော မစ္စတာမာတင်စီကာက ယင်းဒေသတွင် ယူဂန်ဒါတပ်ဖွဲ့များ လှုပ်ရှားမှု ရှိနေသည်သာမက ယူဂန်ဒါနိုင်ငံ၌ နေထိုင်သော ကင်ညာ လူမျိုးများအနက် လူကြီး (၃၅) ဦးနှင့် ကလေးများပါသော အဖွဲ့တစ်ဖွဲ့ ထွက်ပြေးလာကြသည်ဟု နိုင်ရိုဘီမြို့တော်သို့ သတင်းပို့ လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

"သူတို့တတွေ ရရာပစ္စည်းပဲ သယ်ပိုးလာနိုင်တယ်။ ကင်ပါလာမြို့တော်မှာ ကင်ညာနိုင်ငံသား "လာလူမျိုးစုံ" ကိုပဲ သဲကြီးမဲကြီး ရှာဖွေ သတ်ဖြတ်နေတယ်။ ခုထိတော့ လေးဦး အသတ်ခံရပြီလို့ ကြားပါတယ်။ ဒါထက်ပိုမယ်ထင်ပါတယ်"

ဘူရှာခရိုင်မှာ ယူဂန်ဒါနိုင်ငံ ကင်ပါလာမြို့တော်မှ မိုင် (၂၀၀) ကွာဝေးပြီး ကင်ညာနိုင်ငံ နိုင်ရိုဘီမြို့တော်မှ မိုင် (၃၀၀) ကွာဝေးလေသည်။ နှစ်နိုင်ငံအကြား ဆက်သွယ်နိုင်သည့် အရေးကြီးဆုံး လမ်းမကြီး နှစ်ခုအနက် တစ်ခုပေါ်တွင် တည်ရှိလေသည်။ စစ်တပ်များ လှုပ်ရှားမှုကို ဇူလိုင် (၄) ရက်နေ့နှင့် ဇူလိုင် (၉) ရက်နေ့တွင် ပြုလုပ်ရာ ထိုနေ့များက မိုးကြိုးပစ်ခံရသဖြင့် လျှပ်စစ်ဓါတ်အား ချို့ယွင်းခဲ့သည်ကို အကြောင်းပြပြီး အမှောင်ချလိုက်သည်။ ယင်းအမှောင်ကို အသုံးပြု၍ တပ်များ ရွှေ့ပြောင်းခြင်း လုပ်ခဲ့သည်။ ယူဂန်ဒါနှင့် ဆိုမာလီနှစ်နိုင်ငံသည် ကင်ညာနိုင်ငံကို ပူးပေါင်းကြံစည်နေလေသည်။

အစ္စရေး ကွန်မန်ဒိုများ ကယ်ဆယ်စဉ်က မပါဝင်ခဲ့သော မစ္စက် ဒေါ်ရာဘလော့ချ်ကိုလည်း အစ္စရေး ကွန်မန်ဒိုများအပေါ် လက်စားချေလိုစိတ်ဖြင့် သတ်ပစ်ခဲ့လေပြီဟု ရေးသား ဖော်ပြလိုက်ပေသည်။ ကင်ညာနိုင်ငံထုတ် နေးရှင်း နေ့စဉ်သတင်းစာကမူ သေနတ်ဒဏ်ရာအပြည့်ဖြင့် ရာဒါသမားများ၏ အလောင်းကို အင်တက်ဘီအနီးရှိ တောအုပ်တစ်ခု၌ တွေ့ရသည်။ အင်တက်ဘီ လေဆိပ်၌ တပ်ဆင်ထားသော ရာဒါစနစ်မှာ လုံးဝသုံးမရအောင် ချို့ယွင်းနေပြီး ခွင့်ခံစားနေသော ဝန်ထမ်းများလည်း ပြန်မလာဝံ့ကြဟု ဖော်ပြထားလေသည်။

အင်တက်ဘီလေဆိပ်သို့ ဝင်ရောက် တိုက်ခိုက်စဉ်က လေဆိပ် ဝန်ထမ်းအားလုံး တိမ်းရှောင်သွားသဖြင့် တနင်္ဂနွေနေ့တွင် အင်တက်ဘီလေဆိပ်၌ ရဲနှင့် လုံခြုံရေးအစောင့်များသာ ရှိနေတော့ကြောင်းဖြင့် နေးရှင်းနေ့စဉ်က ဖော်ပြလိုက် လေသည်။



www.burmeseclassic.com

တိုင်းမ်စ်မဂ္ဂဇင်းကမူ ပြင်သစ် လေယာဉ်ပျံကြီး ပြန်ပေးဆွဲခံရကာ ယူဂန်ဒါနိုင်ငံသို့ ရောက်ရှိခဲ့ပြီးသည့်နောက် (၄၈) နာရီ အကြာတွင် အစ္စရေးအစိုးရသည် အသားမဲ လျှို့ဝှက် ထောက်လှမ်းရေးသမား ငါးဦးကို ယူဂန်ဒါသို့ စေလွှတ်ခဲ့သည်ဟု ဖေါ်ပြလိုက်လေသည်။ သုံးဦးက အင်တက်ဘီ လေဆိပ်မှ နေ၍၄င်း၊ နှစ်ဦးက မြို့တော် ကင်ပါလာမှ၄င်း၊ အစ္စရေးနိုင်ငံသို့ သတင်းများ ပြန်ပို့ခဲ့လေသည်။ ဓါတ်ပုံများလည်း ပါသည်။ အကြမ်းဖက်သမားများ၏ နေ့စဉ် လှုပ်ရှားပုံများနှင့် ယူဂန်ဒါစစ်တပ် လှုပ်ရှားပုံ အရပ်ရပ်ပါဝင်သည်။

တိုင်းမ်စ်မဂ္ဂဇင်းကပင် ဆက်လက် ဖေါ်ပြရာ၌ အစ္စရေး ထောက်လှမ်းရေးအဖွဲ့ (မိုဆာဒ်) မှ အရာရှိဟောင်းများသည် ကင်ညာနိုင်ငံသို့ လာရောက်ပြီး နိုင်ရိုဘီ လေဆိပ်ကို လိုအပ်ပါက အစ္စရေး လေယာဉ်ပျံများ ဆင်းခွင့်ပေးရန် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့လေသည်။ ကင်ညာနိုင်ငံအပေါ်တွင် ပတ်ဝန်းကျင် အာဖရိကနိုင်ငံများက ဝေဖန် စွပ်စွဲမှုများ မပြုလုပ်နိုင်ရန် လျှပ်တပြက် အစ္စရေး ကယ်ဆယ်ရေး လေယာဉ်ပျံများသည် နိုင်ရိုဘီလေဆိပ်ကို အတင်းဆင်းသက်ပြီး အသုံးပြုခဲ့သည်ဟု ပြောလိုက်ကြပေသည်။

ကင်ညာနိုင်ငံကလည်း အာဖရိက ညီညွတ်ရေးအဖွဲ့ချုပ် (အိုင်အေယူ) တွင် အဖွဲ့ဝင်တစ်ဦး ဖြစ်နေစေကာမူ ယူဂန်ဒါနိုင်ငံနှင့် နယ်နိမိတ် ပြဿနာဖြစ်နေဆဲ ဖြစ်ပေသည်။ ကင်ညာနိုင်ငံ နယ်မြေအချို့ကို ယူဂန်ဒါက ပိုင်ဆိုင်သည်ဟု ယူဂန်ဒါသမ္မတက စွပ်စွဲပြောကြား တောင်းဆိုခြင်းကြောင့် ဖြစ်လေသည်။

အစ္စရေး ကယ်ဆယ်ရေးအဖွဲ့များ လိုက်ပါလာသည့် လေယာဉ်များကို နိုင်ရိုဘီ လေယာဉ်ကွင်းသို့ သက်ဆင်းခွင့် ပြုလိုက်သည့်အတွက် အစ္စရေးကလည်း ယူဂန်ဒါတပ်မတော် လေယာဉ်များကို ထိန်းချုပ်နိုင်စေရေးအတွက် လေယာဉ်ကွင်း



www.burmeseclassic.com

www.burmeseclassic.com
သုံးစွဲခွင့် စာချုပ်များကို အစ္စရေးနှင့် ကင်ညာနိုင်ငံအကြား သဘောတူညီချက်များ ပြုလုပ်ဖွယ်ရာ ရှိကြောင်းဖြင့် မျှော်လင့်ချက်ပေးထားသည်။

သမ္မတ အမင်က ဇူလိုင် (၅) ရက်နေ့တွင် မောရစ်ရှနိုင်ငံ၏ လူဝီမြို့၌ ဆက်လက် ကျင်းပနေသော အိုအေယူ ထိပ်သီးညီလာခံသို့ အစ္စရေးတို့ ဝင်ရောက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ယင်းတို့၏ ဇီယွန်ဝါဒကို ဝိုင်းဝန်းရှုတ်ချ ပုတ်ခတ်ရန် သဝဏ်လွှာ ပါးလိုက်ပေသည်။ ကင်ညာနိုင်ငံမှလည်း အိုအေယူ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် အလျှောက် ယင်းအစည်းအဝေးကို တက်ရောက်ခဲ့ဖြစ်ရာ ခုလုခုလု ဖြစ်ခဲ့ရပေသည်။ ဤတွင်ပင် ယူဂန်ဒါနိုင်ငံနှင့် ကင်ညာနိုင်ငံစပ်ကြား နိုင်ငံရေးတင်းမာမှု ဖြစ်ခဲ့ရပေသည်။

သမ္မတအမင်က မိမိအနေဖြင့် အာဖရိကနိုင်ငံ တစ်နိုင်ငံကို ဘယ်တော့မှ စတင်တိုက်ခိုက်မည် မဟုတ်ပါဟု ပြောကြားလိုက်သော်လည်း ကင်ညာနိုင်ငံသည် ယူဂန်ဒါ အင်တက်ဘီလေဆိပ်ကို အစ္စရေး ကွန်မန်ဒိုများ ဝင်ရောက် တိုက်ခိုက်နေချိန်၌ ၎င်းတို့၏ နိုင်ရိုဘီလေဆိပ်တွင် အစ္စရေး ကွန်မန်ဒို အရံအင်အားများ အသင့်ထားရှိခဲ့သည်ဟု စွပ်စွဲလိုက်လေသည်။ အစ္စရေး ကွန်မန်ဒို အရံတပ်ဖွဲ့သည် အင်တက်ဘီ လေဆိပ်၌ တိုက်ခိုက်နေသော အစ္စရေး ကွန်မန်ဒို ပထမအသုတ် မအောင်မြင်လျှင် နောက်ထပ်အသုတ်အဖြစ် ဆင်နွှဲရန် အသင့် စောင့်နေခြင်း ဖြစ်သည်ဟု ဆိုသည်။ ကင်ညာနိုင်ငံက ယင်းစွပ်စွဲချက်ကို ငြင်းဆိုလိုက်သည်။

နိုင်ရိုဘီလေဆိပ်ကို အစ္စရေး ဆေးရုံလေယာဉ်သာ ဆိုက်နားခွင့်ပြုသည်။ အင်တက်ဘီမှ အပြန်ခရီးတွင် ဒဏ်ရာအနာတရ ဖြစ်လာသော ဓားစာခံများအား အရေးပေါ်ကုသမှု ပြုလုပ်ရန်နှင့် လေယာဉ်ပျံကြီးများ ဆီဖြည့်ရန်သာ နိုင်ရိုဘီ လေဆိပ်ကို အသုံးပြုခွင့် ပေးခဲ့သည်ဟု ဆိုသည်။ နိုင်ရိုဘီ လေဆိပ်ကို ကင်ညာနိုင်ငံက


www.burmeseclassic.com

www.burmeseclassic.com

အသုံးပြုခွင့် ပေးခြင်းမှာ အင်တက်ဘီ လေဆိပ်တိုက်ပွဲတွင် ပူးပေါင်းပါဝင်ခြင်း မဟုတ်ပဲ လူသားတို့ ထားအပ်သည့် စိတ်ထားအရသာ ကူညီမှုပေးခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အစ္စရေးနိုင်ငံကမူ အင်တက်ဘီလေဆိပ်မှ ဓားစာခံများကို ဝင်ရောက်ကယ်တင်မည့် တိုက်ပွဲအကြောင်းကငှင်း၊ အပြန်ခရီးတွင် နိုင်ရိုဘီ လေဆိပ်သို့ ဝင်ရောက်ရပ်နားသည့် အကြောင်းကိုငှင်း၊ ကင်ညာအစိုးရအား အသိပေးခြင်းမရှိပါဟု ပြောကြားလေသည်။ မည်သို့ပင်ဆိုစေ နိုင်ရိုဘီလေဆိပ်တွင်မူ ဆရာဝန် (၃၃) ဦး ပါဝင်သော အရေးပေါ် စစ်မြေပြင်သူနာပြုအုပ်စု နှစ်စုက အသင့်ရှိခဲ့ပြီး ဖြစ်လေသည်။

ယူဂန်ဒါရေဒီယိုမှ သမ္မတအမင်က အသံလွှင့် ပြောကြားရာတွင် ကင်ညာနိုင်ငံသည် ယူဂန်ဒါအတွင်းသို့ ဝင်လာမည့် ဓါတ်ဆီတင်ယာဉ်ကြီး (၂၀၀) ကို ငှင်း၊ အခြား ကုန်တင်ယာဉ်များကိုငှင်း၊ ကင်ညာနယ်စပ်ကို ဖြတ်ကျော်ခွင့် မပေးခဲ့ကြောင်း၊ အိမ်နီးနားချင်း နိုင်ငံများအနေဖြင့်လည်း ယင်းအပြုအမူကို ဝင်ရောက်တားဆီးပေးသင့်ကြောင်း ပန်ကြားခဲ့လေသည်။

ဤသို့ဖြင့် နှစ်နိုင်ငံအကြား တင်းမာမှုမှာ ကြီးထွားလာသည်။ ယူဂန်ဒါတပ်ဖွဲ့များ ကင်ညာနယ်စပ်၌ လှုပ်ရှားမှု များပြားပြီး ယူဂန်ဒါနိုင်ငံမှ နိုင်ငံခြား ခရီးသည်များသာ လိုက်ပါခွင့်ရှိသည်ကို လေ့လာ တွေ့ရှိကြရလေသည်။ ထို့အပြင် ယူဂန်ဒါနိုင်ငံက အိုဝင်ဖေါလ် ရေအားလျှပ်စစ် (၁၀) ရာခိုင်နှုန်းကို အနှစ် (၅၀) ကြာ ကင်ညာနိုင်ငံသို့ ဖြန့်ဖြူးပေးရန် စာချုပ်ထားသော်လည်း ယင်းလျှပ်စစ်ဓါတ်အား ပေးပို့မှုကို ဖြတ်တောက်လိုက်ပေသည်။ နှစ်နိုင်ငံ နယ်စပ်ပိတ်ဆို့မှုများ ဖြစ်လာသည့်အတွက် ယူဂန်ဒါနိုင်ငံတွင် လောင်စာဆီ ရှားပါးလာသည့်ဒဏ် ခံနေရပြန်သည်။ ယူဂန်ဒါနိုင်ငံ၌ စက်မှုလုပ်ငန်းများ ရပ်ဆိုင်းထားရပြီး ဇူလိုင် (၈) ရက်နေ့မှ စ၍ ကင်ပါလာမြို့တော်တွင် ဓါတ်ဆီရာရှင်စနစ် စတင်လိုက်ရပေတော့သည်။ အစိုးရသုံးနှင့် စစ်သုံးယာဉ်များပင် မနည်း ချွေတာနေရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ယူဂန်ဒါအတွက် ဓါတ်ဆီ တနင်္ဂနွေတပတ်စာသာ ရှိလေသည်။ ကင်ညာဖက်မှလည်း ဓါတ်ဆီတင်ကားများ ဝင်မလာကြ။ ကင်ညာ ယာဉ်မောင်းသမားများကလည်း အင်တက်ဘီ နောက်ဆက်တွဲ ဒေါသကိုလန့် နေကြသည်။

(၁၉၇၆) ခုနှစ် ဇူလိုင်လကုန်တွင် ယူဂန်ဒါ တစ်နိုင်ငံလုံး၌ လောင်စာဆီ မလုံလောက်သဖြင့် ဂျင်ဂျာရေအားလျှပ်စစ်ဖြန့်ဖြူးမှုကို လုပ်နိုင်မည်မဟုတ်ကြောင်းဖြင့် ကြေညာလိုက်လေသည်။ နိုင်ငံခြားလေကြောင်းမှ လေယာဉ်များကို ယူဂန်ဒါနိုင်ငံ ကင်ပါလာမြို့ အင်တက်ဘီလေဆိပ်၌ လေယာဉ်တင်ဆီ ဖြည့်ခွင့်မပေးတော့ပဲ အရှေ့အာဖရိက လေကြောင်းပိုင် လေယာဉ်များသာ ဆီဖြည့်ခွင့်ပေးမည်ဟု ဆိုသည်။

ဇူလိုင် (၂၆) ရက်နေ့မှစ၍ ယူဂန်ဒါ တစ်နိုင်ငံလုံးတွင် မော်တော်ကားများ ဓါတ်ဆီပေးမှု ရပ်ဆိုင်း လိုက်ရပေတော့သည်။ ယူဂန်ဒါသမ္မတ အီဒီအမင်သည် စောစောပိုင်းက ကင်ညာနိုင်ငံအပေါ် ဒေါသအမျက်ချောင်းချောင်း ထွက်ပြီး ပုတ်ခတ်ထိုးနှက် တိုက်ခိုက်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြေပြေလည်လည် ပြန်လည်ဆက်ဆံရန် ကြိုးစားခဲ့ပေသည်။ သို့သော် ကင်ညာနိုင်ငံက တုန့်ပြန်မှု မရှိခဲ့ပါပေ။ အင်တက်ဘီ လေဆိပ်တိုက်ပွဲ ပြီးဆုံးသည့် နောက်ပိုင်းတွင် ယူဂန်ဒါသမ္မတ အီဒီအမင်သည် ပျက်စီးသွားသော အမ်အိုင်ဂျီ တိုက်လေယာဉ် (၁၁) စီးကို အစားထိုးနိုင်ရန် လစ်ဘီးယားနိုင်ငံသို့ အမ်အိုင်ဂျီ လေယာဉ်အစီး (၃၀) ပေးပို့ပါရန် ချဉ်းကပ်ခဲ့လေသည်။ ဤသို့သော အကြောင်းချင်းရာ အရပ်ရပ်ပေါ်တွင် မြဲ၍ ကင်ညာနိုင်ငံအား တိုက်ခိုက်လေတော့မည်လောဟု ကမ္ဘာက ထင်လာကြသည်။

အမေရိကန် ရေတပ်အမှတ် (၇) ကို အိန္ဒိယသမုဒ္ဒရာသို့ ရွှေ့ပြောင်းခြင်း၊ အမေရိကန် စစ်သင်္ဘော "ဘဲရာရီ" မောင်ဘာဆာဆိပ်ကမ်းသို့ ရောက်ရှိ လာခြင်းနှင့် ကင်းထောက်လေယာဉ်များ ကင်ညာနိုင်ငံ နိုင်ရိုဘီသို့ ရောက်ရှိလာခြင်းတို့မှာ ကင်ညာနိုင်ငံအား ယူဂန်ဒါနိုင်ငံက ဝင်ရောက်တိုက်ခိုက်ခြင်းမှ စိတ်အေးရ


www.burmeseclassic.com

www.burmeseclassic.com

ပြောင်းသွားစေရန် ပြုမူချက်သာ ဖြစ်သည်ဟု အကဲခတ်ပုဂ္ဂိုလ်များက ထင်မြင်ယူဆနေကြပေသည်။

ကင်ညာနိုင်ငံကလည်း မိမိ၏ စစ်အင်အားမှာ ယူဂန်ဒါနိုင်ငံနှင့် မယှဉ်သာသဖြင့် ယူဂန်ဒါက ဝင်ရောက်တိုက်ခိုက်မည်ကို စိုးရိမ်နေသည်။ ယူဂန်ဒါတွင် စစ်သား (၃၀၀၀၀) ရှိပြီး ကင်ညာတွင် (၆၀၀၀) သာရှိသည်။ ကင်ညာနိုင်ငံအား (၁၉၇၆) ခုနှစ် ဖွန်လလောက်ကပင် အမေရိကန် ပြည်ထောင်စုမှ အက်ဖ် (၅) တိုက်လေယာဉ်ပျံများ ဒေါ်လာသန်း (၇၀) ဘိုး ရောင်းချပေးရန် စာချုပ်ချုပ်ဆိုခဲ့ပြီး ဖြစ်ရာ အမေရိကန်အဖို့ အာဖရိကနိုင်ငံ တစ်နိုင်ငံအား ယင်းသို့ ရောင်းချခြင်းမှာ ပထမအကြိမ် ဖြစ်လေသည်။

ကင်ညာနိုင်ငံ ကာကွယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဘီလ်ဂရင်းနားကမူ အမေရိကန်စစ်သင်္ဘောနှင့် ကင်းစောင့် လေယာဉ်ပျံများ ရောက်ရှိလာခြင်းမှာ ကင်ညာနှင့် ယူဂန်ဒါနှစ်နိုင်ငံ တင်းမာမှုနှင့် မည်သို့မျှမ ပတ်သက်ပါ။ လာရိုးလာစဉ် အရသာ လာရောက်ခြင်းဖြစ်ကြောင်း အင်တက်ဘီလေဆိပ် မဖြစ်ပွားမီကပင် ထိုသို့လာရန် စီစဉ်ထားခဲ့ကြောင်း ထုတ်ဖော် ပြောကြားခဲ့လေသည်။ သို့သော် လေယာဉ်တင်သင်္ဘောကြီး "ရိမ်းဂျား" အပါအဝင် သင်္ဘော (၆) စင်း တစ်စုသည် ပစိဖိတ်သမုဒ္ဒရာမှ အိန္ဒိယသမုဒ္ဒရာအတွင်းသို့ ဝင်ရောက်လာခြင်း အမေရိကန်စစ်သင်္ဘော "ဘဲရာရီ" နှင့် ကင်းထောက်လေယာဉ်ပျံများ ကင်ညာနိုင်ငံသို့ ရောက်ရှိလာခြင်းတို့မှာ ယူဂန်ဒါနိုင်ငံနှင့် ကင်ညာနှစ်နိုင်ငံအကြား နိုင်ငံရေးအရ တင်းမာမှု ဖြစ်နေဆဲကာလအဖို့ တိုက်ဆိုင်မှုဟု ပြောဆိုသည်ကို လက်ခံရန် ခဲယဉ်းလှပေတော့သည်။

အင်တက်ဘီ လေဆိပ်ပြဿနာ နောက်ဆက်တွဲအဖြစ် အမျက်မပြေဖြစ်ကာ ကင်ညာလူမျိုးများအပေါ် လက်စားချေရာမှ စစ်ပွဲတစ်ပွဲ ပေါ်မလာရေးအတွက်



www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်က ယူဂန်ဒါသမ္မတ အီဒီအမင်အား ခြေတစ်လှမ်းလှမ်း၍ တိတိလင်းလင်း သတိပေးလိုက်ပြီဟု ဆိုရပေတော့မည်။

## ဗြိတိသျှ နှင့်ယူဂန်ဒါ

"ဗြိတိသျှက သံအဆက်အသွယ် ဖြတ်တာကို ကျုပ်တို့ ဂရုမစိုက်ပါဘူး" ဟု ယူဂန်ဒါသမ္မတ အီဒီအမင်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားလိုက်လေသည်။ ယူဂန်ဒါမှာကျန်နေတဲ့ ဗြိတိသျှလူမျိုးတွေရဲ့ ကိစ္စကို ပြင်သစ်အစိုးရက ကိုင်တွယ် ဖြေရှင်းပေးမည် ဖြစ်သော်လည်း ယင်းဗြိတိသျှလူမျိုးတို့မှာ ယူဂန်ဒါတွင် နေထိုင်ဖို့ ရွေးချယ်ကြလိမ့်မည် ဖြစ်ကြောင်း၊ သူတို့ဟာ ယူဂန်ဒါတိုင်းရင်းသားတွေ ဖြစ်လာ ပါလိမ့်မယ်ဟု ဆက်လက် ပြောကြားသွားသည်။

ယူဂန်ဒါတွင် ကျန်ရှိနေမည်ဖြစ်သော ဗြိတိသျှလူမျိုး (၂၀၀) သို့မဟုတ် (၃၀၀) ခန့်မှာ သူ့အလိုအလျောက် ယူဂန်ဒါနိုင်ငံသား ဖြစ်ပါစေမည်လား၊ သို့မဟုတ် အတင်းအကြပ်ဖြစ်အောင် လုပ်မည်လားဟူသော မေးခွန်းကို သူ မဖြေဆိုခဲ့ပေ။ ဗြိတိသျှအစိုးရသည် ယခုအထိ မစွက်ဖက်ဒေါ်ရာလော့ချ်ကိစ္စကို ကျယ်လောင်ကျယ်လောင် လုပ်နေသေးကြောင်း၊ ဗြိတိန်နိုင်ငံက စတင်အဆက်အသွယ် ဖြတ်လိုက်သဖြင့် ယူဂန်ဒါမှာ ရှိနေသော ဗြိတိသျှလူမျိုးများမှာ ယူဂန်ဒါနိုင်ငံ၏ အခြေအနေကို ကောင်းကောင်းဆိုးဆိုး လက်ခံကျင့်သုံးသွားရန် လိုအပ်ကြောင်းဖြင့် သမ္မတအမင်က ၎င်း၏ အသေခံတပ်ဖွဲ့အား မိန့်ခွန်းပြောရာ၌ ရည်ညွှန်းထည့်သွင်း ပြောကြားသွားလေသည်။

ကင်ညာက ယူဂန်ဒါကို ဆန့်ကျင်နေခြင်းမှာ အာဖရိကလူများပင် မဟုတ် တော့၍ဖြစ်ကြောင်း၊ ကင်ညာနှင့် ယူဂန်ဒါအကြားတွင် စစ်မဖြစ်ရန် ကြိုးပမ်းချက်သည်လည်း ဗြိတိသျှတို့၏ သံတမန်အဆက်အသွယ် ဖြတ်တောက်ရန် ဆုံးဖြတ်ချက်ကြောင့် အခြေအနေမှာ ချက်ချင်း ဆိုးဝါးလာခြင်း ဖြစ်ကြောင်း ထုတ်ဖော်


www.burmeseclassic.com

www.burmeseclassic.com

ပြောကြားခဲ့လေသည်။ ဗြိတိန်နိုင်ငံသည် (၂၈-၇-၇၆) နေ့တွင် ယူဂန်ဒါနိုင်ငံနှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်လိုက်ပြီ ဖြစ်ကြောင်းကို ပါလီမန် အောက်လွှတ်တော်၌ ဗြိတိသျှ နိုင်ငံခြားရေးဌာနအတွင်းဝန် အန်ထော်နီ ကရော့စ်လင်းက ပြောကြားသွားလေသည်။

ဗြိတိသျှအစိုးရနှင့် သမ္မတအမင်အစိုးရသည် မစ္စက်ဒေါ်ရာဘလော့ချ် ပျောက်ဆုံး နေမှုနှင့် ပတ်သက်၍ မပြေမလည် ဖြစ်ခဲ့သည်သာမက မစ္စက်ဘလော့ချ်အား ဇူလိုင် (၄) ရက် တနင်္ဂနွေနေ့တွင် ကင်ပါလာဆေးရုံပေါ်၌ အသက်ထင်ရှား တွေ့ရှိခဲ့ရပါသည် ဆိုသော ဗြိတိသျှ လက်ထောက်မဟာမင်းကြီး ပီတာချန်ဒလေကို ယူဂန်ဒါနိုင်ငံမှ သမ္မတအမင်က နှင်ထုတ်ခဲ့သည်အထိ ပြဿနာ တဖြည်းဖြည်း ကြီးထွားလာခဲ့လေသည်။

ယူဂန်ဒါရှိ မဟာမင်းကြီး (သံအမတ်အဆင့်) ဖြစ်သူ ဂျိမ်းစ်ဟင်နဆီကို မစ္စက်ဘလော့ချ်ကိစ္စ စုံစမ်းရန် ဗြိတိသျှအစိုးရက ပြန်ခေါ်ထားစဉ် ယာယီမင်းကြီးအဖြစ် တာဝန်ထမ်းရွက်နေသော ဂျိမ်းဟဲရော့စ်ကို ယူဂန်ဒါ အာဏာပိုင်များက ယူဂန်ဒါနိုင်ငံမှ ထွက်ခွာသွားခိုင်းခဲ့ပြီး ဖြစ်လေသည်။ ဗြိတိသျှနှင့် သမ္မတ အီဒီအမင်တို့စပ်ကြား ဆက်ဆံရေး အခြေအနေ မကောင်းခြင်းမှာ (၁၉၇၂) ခုနှစ် သမ္မတအမင် အာဏာသိမ်းခဲ့သည့် အချိန်မှ စတင်ခဲ့လေသည်။

ထိုစဉ်က ယူဂန်ဒါမှ အာရှနိုင်ငံသား (၃၀၀၀၀) ခန့်ကို နှင်ထုတ်ခဲ့ရာ အများစုမှာ ဗြိတိသျှနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများ ဖြစ်သည့်အလျောက် ဗြိတိန်နိုင်ငံသို့ ရွှေ့ပြောင်း နေထိုင်ခဲ့ကြရလေသည်။ ဗြိတိန်နိုင်ငံတွင်လည်း ယင်းသို့ လာရောက် ရွှေ့ပြောင်း နေထိုင်ကြသူများအတွက် အသားရောင် ပြဿနာတက်ရပြန်သဖြင့် ယူဂန်ဒါအပေါ် မကျေနပ်မှု တိုးပွားခဲ့ရပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၉၇၅) ခုနှစ်ကလည်း ဗြိတိသျှ ကထိကတစ်ဦးဖြစ်သူ ဒင်းနစ်ဟီးလ်က ဗီးလ်မာရှယ်အီဒီအမင်အကြောင်းကို စာအုပ်ရေးသဖြင့် သေဒဏ်ပေးခဲ့ရာ ထိုစဉ်က နိုင်ငံခြားရေး အတွင်းဝန်အဖြစ် ဆောင်ရွက်ခဲ့သော မစ္စတာကလာဂန်ကိုယ်တိုင် ယူဂန်ဒါနိုင်ငံသို့ သွားရောက်ခဲ့ရပြီး သမ္မတ အီဒီအမင်အား ဒင်းနစ်ဟီးလ်ကို သေဒဏ်မှ ချမ်းသာခွင့်ပေးရန် ပြောခဲ့ဘူးလေသည်။

ဤသို့အားဖြင့်လည်း ဗြိတိန်နိုင်ငံနှင့် ယူဂန်ဒါနိုင်ငံတို့မှာ အင်တက်ဘီ အရေးအခင်းကြောင့် အကျယ်ကျယ် မငြိမ်းဖွယ်ဖြစ်ကာ နိုင်ငံရေးမီးတောက်ကလေး ပေါ်ပေါက်ရလေပြီ။ ယူဂန်ဒါနိုင်ငံတွင်လည်း လောင်စာဆီ ပြဿနာ၊ စားနပ်ရိက္ခာ ရှားပါးမှု ပြဿနာနှင့် ကင်ညာလူမျိုးတို့အပေါ် လက်စားချေမှု ပြဿနာတို့နှင့် ရောယှက် ရှုပ်ထွေးနေလေပြီ။

## အခန်း ( ၇ )

### ဆွေးတသက်သက်

အစ္စရေး ဓားစာခံများအား ကယ်ဆယ်ရေးအတွက် အင်တက်ဘီ လေဆိပ်ကို လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်ရာမှ စစ်ကြောင်းတစ်ကြောင်းကို ဦးစီးသည့် ကွန်မန်ဒို ဒုဗိုလ်မှူးကြီး ယိုနာသန် နေတန်ရာဟူ ကျဆုံးခဲ့ရလေသည်။ ဗိုလ်မှူးကြီး နေတန်ရာဟူ၏ ဈာပနာကို ဇူလိုင် (၆) ရက် အင်္ဂါနေ့တွင် မောင်တာဇယ်၌ နိုင်ငံခေါင်းဆောင်များ တပ်မတော်ခေါင်းဆောင်များ ရှေ့မှောက်တွင် ကျင်းပခဲ့လေပြီ။

အစ္စရေးဝန်ကြီးချုပ် ရာဘင်၊ ကာကွယ်ရေးဝန်ကြီး ရှိမွန်ပဲရစ်တို့သည် ဗိုလ်မှူးကြီး နေတန်ရာဟူ၏ဖခင် ပါမောက္ခဘင်ဇီယံနေတန်ရာဟူ ကိုယ်တိုင် ဟီဘရူး ဘာသာဖြင့် ကွယ်လွန်သူအတွက် ဆုတောင်းစာ ရွတ်ဆိုနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com

ဝမ်းနည်းကြေကွဲစွာဖြင့် နားထောင်နေကြပေသည်။ ကျဆုံးသူအတွက် သေနတ်များ ပစ်ဖေါက်အလေးပြုလိုက်ပြီး ပန်းခွေများဖုံးလွှမ်းထားသည့် ဗိုလ်မှူးကြီး နေတန်ရာဟူ၏ အလောင်းကို မြေကျင်းထဲသို့ ထည့်လေသောအခါ ရဲဘော်များမှာ ရှိုက်ကြီးတငင် ငိုချလိုက်ကြ လေတော့သည်။

အသက် (၃၀) နှစ်ရှိ ဒုဗိုလ်မှူးကြီး နေတန်ရာဟူသည် အင်တက်ဘီ ကွန်မန်ဒိုတိုက်ပွဲ၌ တစ်ဦးတည်းသာ ကျဆုံးခဲ့သူ ဖြစ်ပေသည်။ ဒုဗိုလ်မှူးကြီး နေတန်ရာဟူအား မြေမြှုပ်ခါနီး ဆဲဆဲတွင် ကာကွယ်ရေးဝန်ကြီး ရှီမွန်ပဲရစ်က "သန့်ရှင်းစင်ကြယ်ကာ အများအယွင်းကင်းသော တိုက်ပွဲတစ်ခုတွင် ပထမဆုံး တိုက်ပွဲဝင်သူဖြစ်ပြီး ပထမဆုံး ကျဆုံးခဲ့ရသူဖြစ်ပေပြီ" ဟု ထည့်သွင်း ပြောကြားသွား လေသည်။

နေတန်ရာဟူသည် ကယ်ဆယ်ရေး အော့ပရေးရှင်းများတွင် ကျွမ်းကျင် စေ့စပ်သူဖြစ်သည်။ တပ်မတော်အတွင်း အလားအလာ အကောင်းဆုံးသော တပ်မတော် အရာရှိငယ်တစ်ဦး ဖြစ်ပေသည်ဟု ကာကွယ်ရေးဝန်ကြီးက ဝမ်းနည်း တသသ ပြောဆိုလိုက်ပေသည်။

နံမည်ကျော် ရောင်ကစ်ပါစစ်ပွဲတွင် ဆီးရီးယားစစ်ကြောင်း၌ ဒဏ်ရာရနေသော တပ်မတော် အရာရှိတစ်ဦးအား အကြိမ်ကြိမ် ကယ်ဆယ်ရန် ကြိုးစားရာမှ မအောင်မြင်ခဲ့ သည်ကို ဒုဗိုလ်မှူးကြီး နေတန်ရာဟူက ခေါင်းဆောင် ကယ်ယူလာနိုင်ခဲ့ပေသည်။ ယင်းကြောင့်ပင် အစ္စရေးတပ်မတော်မှ ဘွဲ့တံဆိပ် ချီးမြှင့်ခြင်း ခံခဲ့ရသူ ဖြစ်လေသည်။ မိဘများမှာ ဂျေရုဆလင် ဇာတိချက်ကြွေ ဖြစ်ကြသော်လည်း ဒုဗိုလ်မှူးကြီး နေတန်ရာဟူမှာ အမေရိကန် နယူးယောက်မြို့၌ မွေးဖွားခဲ့သူ ဖြစ်လေသည်။ ထိုစဉ်က သူ၏မိဘများမှာ ပြန်လည်ပြုပြင် ပျိုးထောင်ရေးလုပ်ရှားမှု တာဝန်ကို အမေရိကန်၌ ထမ်းဆောင်နေဆဲကာလ ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၁၉၄၈) ခုနှစ်တွင် အစ္စရေးနိုင်ငံသစ် ထူထောင်သောအခါ မိသားစုတစ်စုလုံး ပြန်လာကြပေသည်။ နေတန်ရာဟူသည် ဂျေရုဆလင်မြို့၌ ပညာသင်ခဲ့လေသည်။ ကျောင်းတွင် ကင်းထောက်အဖွဲ့ လှုပ်ရှားမှုခေါင်းဆောင် ဖြစ်ပေသည်။ အီဂျစ်အစ္စရေး ခြောက်ရက်ကြာစစ်ပွဲ၏ နောက်ဆုံးနေ့တွင် ဂိုလန်ကုန်းမြင့် တိုက်ပွဲ၌ ဒဏ်ရာ ရရှိခဲ့လေသည်။ ထိုနှစ်တွင် ဟားဗတ်တက္ကသိုလ် ဝင်ခွင့်ရပြီး ရူပဗေဒနှင့် ဖီလော်ဆိုဖီပညာရပ်များ သင်ကြားခဲ့သည်။

နောက်ထပ် တစ်နှစ်ကြာသောအခါ အစ္စရေးနိုင်ငံသို့ ပြန်လာရန် ဆုံးဖြတ်ပြီးနောက် ဟီဘရူး တက္ကသိုလ်တွင် ဆက်လက် ပညာသင်ရန် လျှောက်ထားခဲ့လေသည်။ သို့သော် နိုင်ငံမှာ စစ်ရေးအရ အရေးကြီးနေသည်ကို တွေ့ရသောကြောင့် တပ်မတော်တွင် ဝင်ရောက်အမှုထမ်းရန် ဆုံးဖြတ်ခဲ့လေသည်။ တိုက်ပွဲတိုင်းတွင် ပြောင်မြောက်ရဲဝံ့စွာ တိုက်ခိုက်သူ ဖြစ်လေသည်။ ယင်းတိုက်ပွဲများနှင့် နေတန်ရာဟူ၏ စွန့်စားခန်းများကို ရေးသား ဖေါ်ပြနိုင်စွမ်းပင် မရှိလောက်အောင် ရဲရင့်တက်ကြွသူ ဖြစ်လေသည်။ ရောင်မ်ကစ်ပါစစ်ပွဲတွင် ဂိုလန်ကုန်းမြင့်ပေါ်၌ ဆီးရီးယား ကွန်မန်ဒိုများနှင့် ပြင်းထန်စွာ ရင်ဆိုင်တိုက်ခိုက်ခဲ့သူ ဖြစ်လေသည်။ ရဟတ်ယာဉ် စစ်ဆင်ရေးတွင်လည်း သယ်ဆောင်လာသော တပ်မတော်သားများ ဘေးရန်ကင်းရှင်းစွာ ချောမောစွာ သက်ဆင်းနိုင်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျ ဦးဆောင် ကူညီစီစဉ်ခဲ့သူ ဖြစ်ပေသည်။

ဒုဗိုလ်မှူးကြီး နေတန်ရာဟူလို သူရဲခေါင်းတစ်ဦး ကျဆုံးခဲ့ရမှုအတွက် အစ္စရေး တစ်နိုင်ငံလုံး ကြိမ်မီးအုံးပမာ ပူဆွေးကာ ဆွေးတသက်သက် ဖြစ်ခဲ့ရလေပြီ။ အင်တက်ဘီလေဆိပ်မှ အစ္စရေး ဓါးစာခံများ ကယ်ဆယ်ရေး စစ်ဆင်မှုကို "နေတန်ရာဟူ အော့ပရေးရှင်း" ဟု တိုင်းပြည်က ဂုဏ်ပြုလိုက်လေပြီ။

www.burmeseclassic.com

www.burmeseclassic.com


## ကံဆိုးရှာသူတစ်ဦး

အသက် (၇၃) နှစ် ရှိပြီဖြစ်သော ဖွားဖွား မစ္စက်ဒေါ်ရာဘာလော့ချ်သည် မကျန်းမမာ ဖြစ်နေသော်လည်း ခရီးမထွက်လျှင် မဖြစ်သည့် အကြောင်းများကြောင့် အစ္စရေးနိုင်ငံ တယ်လ်အဗစ်မှ ပဲရစ်မြို့သို့ ထွက်ခွာ လာရပေသည်။ ပဲရစ်မြို့တွင် မောင်တစ်ယောက်ကို တွေ့ပြီးနောက် တစ်ယောက်သော မောင်၏ သင်္ဂြိုလ်ခြင်းကို အလွမ်းပြေသွားရောက်ကြည့်ရှုမည် ဂျဖစ်ပေသည်။ ယင်းနောက် တဆက်တည်းပင် အမေရိကန်နိုင်ငံ နယူးရောက်မြို့သို့ သွားရောက်ပြီး သားငယ်ဒင်နီ၏ မင်္ဂလာဆောင် အခမ်းအနားကို တက်ရဦးမည် ဖြစ်လေသည်။ မင်္ဂလာဆောင် အခမ်းအနားမှာ တနင်္ဂနွေနေ့တွင် စီစဉ်ထားလေသည်။

အေသင်လေဆိပ်၌ အာရပ်နှစ်ယောက်က ပြင်သစ် လေယာဉ်ပျံပေါ် တက်ရောက်လာသည်ကို မြင်သောအခါ ဖွားဖွားဒေါ်ရာဘာလော့ချ်က အတူပါလာသော သားဖြစ်သူ အီယန်ဟာတပ်ဗ်အား မသင်္ကာကြောင်း ပြောလိုက်လေသည်။ "သူတို့လက်ကိုင်အိတ်တွေက အရမ်းကြီးနေတာပဲ၊ ငါတော့ စိုးရိမ်မိတယ်ကွယ်"

မစ္စက်ဘာလော့ချ်သည် ဗြိတိသျှ နိုင်ငံသားအဖြစ်၎င်း၊ အစ္စရေး နိုင်ငံသားအဖြစ်၎င်း၊ ပူးတွဲခံယူထားသူ ဖြစ်လေသည်။ မစ္စက်ဒေါ်ရာဘာလော့ချ်သည် ဘာသာစကား ငါးမျိုးလောက်ကို ကျွမ်းကျွမ်းကျင်ကျင် နိုင်နိုင်နင်းနင်း ပြောနိုင်သူဖြစ်သဖြင့်လည်း အပိုင်စီးခံရသည့် လေယာဉ်ပျံကြီး အင်တက်ဘီလေဆိပ် ရောက်သည့်အခါ ဓားစာခံများ၏ ခေါင်းဆောင်သဖွယ် ဖြစ်လာပေတော့သည်။ အာရပ်ဆရာဝန်နှင့် စကား ပြောဆိုရာတွင် စကားပြန်အဖြစ် ပြုလုပ်ပေးလိုက် ပေသေးသည်။ ယူဂန်ဒါသမ္မတ အီဒီအမင်က ဖွားဖွားဒေါ်ရာ၏ အလုပ်အကိုင်ကို စုံစမ်း မေးမြန်းရာတွင်

www.burmeseclassic.com

"ကျွန်မကတော့ဖြင့် မိခင်အိုကြီး တစ်ယောက်ပါပဲရှင်" ဟု ပြန်လည် ဖြေကြားခဲ့လေသည်။

အင်တက်ဘီတွင် အဖမ်းခံနေရစဉ် ကာလအတွင်း ဖွားဖွားဒေါ်ရာ အစာနင်သဖြင့် ယူဂန်ဒါ ဆေးရုံသို့ ဆရာဝန်များက သောကြာနေ့တွင် ချက်ချင်းတင်ပို့ကုသရလေသည်။ အစ္စရေး ကွန်မန်ဒိုများ အင်တက်ဘီလေဆိပ်၌ စနေနေ့တွင် လျှပ်တပြက် ဝင်ရောက်ကယ်တင်မှု စတင်လေသောအခါ ဖွားဖွားဒေါ်ရာမှာ ဆေးရုံတွင် ရှိနေသဖြင့် ကယ်တင်ရာတွင် ပါမလာပဲ ဆေးရုံ၌ ကျန်ရစ်ခဲ့ရရှာလေသည်။ ဆေးရုံတွင် ကျန်ရစ်ခဲ့ရုံဖြင့်တော့ မျက်လုံးပြူးစရာ စိုးရိမ်စရာ ပြဿနာမဟုတ်သေး။ သို့သော်..

ဖြိတိသျှ သံတမန်အရာရှိသည် တနင်္ဂနွေနေ့ (၄.၇.၇၆) ညနေပိုင်းက ဆေးရုံတွင် မစ္စက် ဒေါ်ရာဘလော့ချ်ကို သွားရောက် တွေ့ဆုံခဲ့ပေသေးသည်။ နောက်ထပ် တစ်နာရီအကြာတွင် မစ္စက်ဒေါ်ရာဘလော့ချ်အတွက် စားစရာများယူ၍ ဆေးရုံသို့ တပတ်ပြန်လာသောအခါ အဆိုပါ သံအရာရှိမှာ ဆေးရုံအတွင်းသို့ မဝင်ရန် တားမြစ်ခြင်း ခံရပေတော့သည်။ ဤတွင် ထိတ်လန့် စိုးရွံ့ဖွယ်ရာသတင်း ကြားရလေပြီ။

မစ္စက် ဒေါ်ရာဘလော့ချ်၏ အခန်းအတွင်းသို့ လူအချို့ အတင်းဝင်ရောက်ပြီး မစ္စက် ဒေါ်ရာဘလော့ချ်အား ပါးစပ်ပိတ်ကာ အတင်း ဆွဲခေါ်သွားကြလေပြီ။ ဆေးရုံပေါ်မှာ အော်ရင်းဟစ်ရင်းပင် မစ္စက် ဒေါ်ရာဘလော့ချ်သည် ခေါ်ဆောင်သူများနောက်သို့ ပါသွားရလေသည်။ ဝါရှင်တန်မြို့ရှိ သံတမန်ပိုင်းဆိုင်ရာက ရရှိသော သတင်းများအရ ဆိုလျှင် မစ္စက်ဒေါ်ရာဘလော့ချ်မှာ ယူဂန်ဒါစစ်သားများ၏ ရိုက်နှက်ခြင်း ခံရသည်သာမက အတင်းဆွဲခေါ်ဆောင်စဉ်က အသံမထွက်ရန် ပါးစပ်ထဲသို့ စောင်များ ပိတ်ဆို့ထားသဖြင့် အသက်ရှူ လမ်းကြောင်းပိတ်ပြီး သေဆုံးသွားလေပြီဟု သိရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်ဂျာကမူ ထိုသတင်းကို အတည်ပြုချက် မပေးသေးပဲ ယင်းသတင်းမျိုး မရခဲ့ပါဟု ထုတ်ဖော် ပြောကြားခဲ့လေသည်။ ဝါရှင်တန်တွင် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ကစ်ဆင်ဂျာ ရှင်းပြရာ၌ စောစောပိုင်းက မိမိတို့ရရှိသော သတင်းများအရ မစ္စက်ဘလော့ချ်အား ယူဂန်ဒါ အမျိုးသားနှစ်ဦးက လာရောက် ခေါ်ဆောင်သွားသည်ဟု သိရကြောင်း။ မစ္စက်ဒေါ်ရာဘလော့ချ်အား ဆေးရုံမှ ပြန်လွှတ်လိုက်သည်။ အစ္စရေး ကွန်မန်ဒိုများ အင်တက်ဘီလေဆိပ်သို့ ဝင်ရောက်ကယ်တင်ခြင်း မပြုမီကပင် လွှတ်လိုက်ခြင်း ဖြစ်သည်ဟု ယူဂန်ဒါ အာဏာပိုင်များက ပြောဆိုခြင်းမှာ မဟုတ်မမှန်ကြောင်း ပြောကြားသွားလေသည်။

ယူဂန်ဒါသမ္မတ အီဒီအမင်ကမူ မစ္စက်ဒေါ်ရာဘလော့ချ်အား ဆေးရုံမှ ပြန်လွှတ် လိုက်ပြီဟုသာ ထပ်တလဲလဲ ပြောနေသည်။ ယူဂန်ဒါအရာရှိတစ်ဦးကမူ "ကျုပ်တို့ကို မေးမနေနဲ့ အစ္စရေးကို မေးပါ" ဟု ပြောလိုက်ပေသည်။ ဗြိတိသျှ သံတမန်ပိုင်းကမူ ယူဂန်ဒါနိုင်ငံဟာ ဒီကနေ့အဖို့တော့ ကမ္ဘာမှာ တကဲ့ မကောင်းဆိုးဝါးနိုင်ငံ ဖြစ်နေ ပါလေပြီဟု မှတ်ချက်ပေးလိုက် ပေသည်။

ဗြိတိသျှ အာဏာပိုင်များနှင့် မစ္စက်ဒေါ်ရာဘလော့ချ်၏ ဆွေမျိုး သားချင်းများက အပူတပြင်း ရှာဖွေနေကြပေသည်။ ဗြိတိသျှတို့သည် ခွင့်ဖြင့် ပြန်လာသော ယူဂန်ဒါနိုင်ငံဆိုင်ရာ မဟာမင်းကြီး ဂျိမ်းဟင်နဆီကို ယူဂန်ဒါသမ္မတ အီဒီအမင်နှင့် အမြန်တွေ့ဆုံနိုင်ရန် စေလွှတ်ခဲ့လေသည်။ မစ္စက်ဒေါ်ရာဘလော့ချ်၏ သားများကလည်း ဂျေရုဆလင်မှနေ၍ ယူဂန်ဒါသမ္မတ အီဒီအမင်ထံ သံကြိုးရိုက်ရန် အကြောင်းကြားလေသည်။ "ကျေးဇူးပြု၍ ဒေါ်ရာဘလော့ချ်ကို ကျွန်တော်တို့ထံ ပြန်ပို့ပေးပါ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

နယူးရောက်မြို့တွင်မူ မင်္ဂလာ ဆောင်နေပြီဖြစ်သော ဒင်နီဘလော့ချ်သည် ၎င်း၏မိခင်ကို ပြန်လွှတ်ပေးရန်အတွက် သမ္မတအီဒီအမင်ကို ချဉ်းကပ်ပြန်ကြားပေးပါရန် လက်ဖော့ကျော် မိုဟာမက်အလီအား အကူအညီ တောင်းခံခဲ့လေသည်။ သားဖြစ်သူ ဒင်နီဘလော့ချ်မှာ ဇူလိုင်လ (၅) ရက် တနင်္ဂနွေနေ့တွင် မင်္ဂလာဆောင်မည်ဖြစ်ရာ ဂျူးလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ ပြုရမည်ဖြစ်သောကြောင့် ဘယ်နည်းနှင့်မှ ရက်မရွှေ့နိုင်ပဲ ကျင်းပမြဲ ကျင်းပခဲ့ရလေတော့သည်။

အစ္စရေးဝန်ကြီးချုပ် ရာဘင်ကမူမ စွက်ဘလော့ချ် တွေ့ကြုံရသော ကံကြမ္မာအကောင်းအဆိုးမှ ယူဂန်ဒါနိုင်ငံ၏ တာဝန်လုံးလုံးသာ ဖြစ်နေလေပြီဟု ဇူလိုင် (၅) ရက် တနင်္ဂနွေနေ့က ထုတ်ဖော် ပြောကြားလိုက်လေသည်။ အကယ်၍ မစ္စက်ဘလော့ချ်ကို ယူဂန်ဒါ အာဏာပိုင်များက သတ်ဖြတ်ခဲ့လျှင် အစ္စရေးဝန်ကြီးချုပ်က အစ္စရေးသဘောထားကို ဆွေးနွေးရန် မလိုအပ်သေးပါ ပြောကြားလိုစိတ်လည်း မရှိပါဟု ဖြေကြားခဲ့လေသည်။ အစ္စရေးတနိုင်ငံလုံးသို့ ရုပ်မြင်သံကြား အစီအစဉ် လွှင့်ထုတ်ရာ၌ မိမိတို့သည် အစ္စရေးနိုင်ငံကိုသော်၎င်း၊ အစ္စရေး နိုင်ငံသားများကိုသော်၎င်း၊ ယူဂန်ဒါနိုင်ငံက အန္တရာယ်မပြုနိုင်ရန် မူလကပင် ကြိုတင်စီစဉ်မှုများ ပြုလုပ်ထားကြောင်း၊ ယခုမူ ထို့ထက်ပို၍ ဂရုပြုနေပါသည်ဟု အစ္စရေးဝန်ကြီးချုပ်က ပြောကြားသွားလေသည်။

မိမိတို့အနေဖြင့် မစ္စက်ဘလော့ချ် မည်သည့်နေရာတွင် ရှိနေသည်ကို ခိုင်လုံသော အထောက်အထားများဖြင့် မပြောကြားနိုင်သော်လည်း မစ္စက်ဘလော့ချ် ဆေးရုံတွင် ဆေးကုသခံနေရစဉ် ကာလမှာ ယူဂန်ဒါ အာဏာပိုင်များ၏ တာဝန်သာ လုံးလုံးလျားလျား တာဝန်ရှိကြောင်း ပြောကြားသွားလေသည်။ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် မစ္စက်ဘလော့ချ်သည် ဆေးရုံ၌ အသက်ရှင်လျက်ပင် ရှိနေသေးသည်ဆိုသော အချက်ကိုမူ မိမိတို့ ခိုင်ခိုင်လုံလုံ ပြောနိုင်ပါသည်ဟု ဝန်ကြီးချုပ် ရာဘင်က ထုတ်ဖော် ပြောကြားသွားလေသည်။ တနင်္ဂနွေနေ့ နံနက်မှာ ဓားစာခံများအား



www.burmeseclassic.com

www.burmeseclassic.com

အင်တက်ဘီလေဆီပ်မှ ကယ်ဆယ်ခဲ့ပြီးသည့် နောက်တစ်နေ့ ဖြစ်ပေသည်။ ကယ်တင်ခံခဲ့ရသော ဓားစာခံများမှာ တနင်္ဂနွေနေ့ နံနက်တွင် အစ္စရေးနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြလေသည်။ ယခုအခါတွင် မစ္စက်ဘလော့ချ်အနေဖြင့် အသက်ရှင်လျက်ရှိနိုင်ဖွယ်ရာ မရှိတော့လေပြီဟု ၎င်း၏မိသားစုက လက်ခံထားကြလေပြီ။

ကျုပ်တို့အားလုံး ဒီလောက် အဖက်ဖက်က ဝိုင်းဝန်း တောင်းဆိုနေကြပြီပဲ။ သမ္မတအမင်အဖို့ ကျုပ်တို့အမေသာ အသက်ရှင်ရက်ရှိနေရင် ပြန်ပို့မပေးပဲ နေစရာအကြောင်းမမြင်ပါဘူးဟု သားအကြီးဆုံး အိုင်ယန်ဟာတပ်ဗ်က ပြောကြားလိုက်လေသည်။

မစ္စက်ဒေါ်ရာဘလော့ချ်မှာ ဂျူးလူမျိုးများ ကိုယ့်ရပ်ကိုယ့်ဌာနီ၌ ရှေးကနဦးအခြေချခဲ့သူ အီရက်စ်ရေဇရယ်မိသားစုမှ ပေါက်ဖွားခဲ့သူ ဖြစ်ပေသည်။ ဖခင်ဖြစ်သူမှာ ယူဆွမ်ဖရိမ်းဘက်ဂ်ျ ဖြစ်၍ ရုရှားမှ ရွှေ့ပြောင်းလာသော ဓါတုဗေဒဆိုင်ရာ လုပ်ငန်းအင်ဂျင်နီယာ ဖြစ်လေသည်။ မစ္စက်ဘလော့ချ်ကို ဂျာမန်၌ မွေးဖွားလေသည်။ ဖရိမ်းဘတ်ဂ်ျသည် ဂျူးစိုက်ပျိုးရေး အခြေစိုက်ကျေးရွာများ စတင်ထူထောင်သူ နှစ်ဦးအနက် တစ်ဦးဖြစ်လေသည်။ မစ္စက်ဘလော့ချ်တို့ ငယ်စဉ်က နေအိမ်မှာ ရီရွန်တွင်ရှိပြီး နယ်မြေသစ်သို့ရွှေ့ ပြောင်းလာသူများ၏ ကနဦးဒေသပင် ဖြစ်လေသည်။

မစ္စက်ဘလော့ချ်၏ မိခင်ဘာသာက မြေးဖြစ်သူများနှင့် စကားလက်ဆုံကြသည့်အခါတိုင်း နိုင်ငံတော် အမျိုးသားသီချင်းကို ကဗျာဆရာကြီး နာဖတာလီကယင်းတို့၏ နေအိမ်၌ စပ်ဆိုခဲ့သည်ဟု ပြောကြားတတ်လေသည်။ ဒေါ်ရာ၏ အကိုအကြီးဆုံးမှာ အီဂျစ်နိုင်ငံတွင် ဆေးဆရာဝန်အဖြစ် အသက်မွေးဝမ်းကြောင်းပြုနေသဖြင့် မိသားစုတစ်စုလုံး အီဂျစ်နိုင်ငံသို့ ပြောင်းရွှေ့ နေထိုင်ကြလေသည်။

ဒေါ်ရာသည် မိဘနှစ်ဦး အစ်ကိုနှစ်ဦးနှင့်အတူ အီဂျစ်နိုင်ငံ ဘလက်ဒရာမြို့၌ ကြီးပြင်းလာခဲ့ပြီး ပြင်သစ်၊ အင်္ဂလိပ်နှင့် အီတလီဘာသာများကို ကျောင်းစာအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

သင်ကြားခဲ့ရလေသည်။ အာရေဗျ ဘာသာစကားကို အိမ်နီးပတ်ဝန်းကျင်တွင် အကုန်လုံး တတ်မြောက်ခဲ့ရပြီး အိမ်တွင်မူ ဂျာမန်စကားနှင့် ရုရှားဘာသာစကား တော်တော်များများကို ပြောတတ်သူ ဖြစ်ပေသည်။ နောင်အခါတွင် ဟီဘရူး ဘာသာကိုပါ သင်ကြားတတ်မြောက်ခဲ့လေသည်။

သို့ကြောင့်ပင် အင်တက်ဘီ လေဆိပ်၌ အဖမ်းခံရစဉ်က ဆရာဝန်နှင့် လူနာစပ်ကြား စကားပြန် ပြုလုပ်ပေးနိုင်ခဲ့ခြင်း ဖြစ်လေသည်။ ဓားစာခံများအနက် ရုရှားနိုင်ငံက မကြာသေးမီကမှ အစ္စရေးနိုင်ငံသို့ ပြောင်းရွှေ့ နေထိုင်သူတစ်ဦး ပါဝင်လာပြီး မကျန်းမမာဖြစ်ခဲ့ရာ အာရပ်ဆရာဝန်က ကုသပေးခဲ့ရလေသည်။

တစ်ဦးနှင့်တစ်ဦး စကားပြော မဖြစ်နိုင်သဖြင့် မစ္စက်ဒေါ်ရာဘလော့ချ်က စကားပြန် ပြုလုပ်ပေးခဲ့ရလေသည်။ အီဂျစ်နိုင်ငံတွင် နေထိုင်စဉ်က ဒေါ်ရာသည် မောင်ဝမ်းကွဲတော်သူ အာရှလွှန်မရိမ်းဘတ်ချ်ကို တွေ့ကြုံခဲ့ရလေသည်။ အာရှလွှန် ဖရိမ်းဘတ်ချ်သည် ပထမကမ္ဘာစစ်ကြီး အတွင်းက ပါလက်စတိုင်းနှင့် နီလီသူလျှိုလုပ်ငန်းကို ထူထောင်ရန် ကူညီသူဖြစ်လေသည်။ ၎င်းမှာ (၁၉၁၇) ခုနှစ်တွင် ဗြိတိသျှစစ်ကြောင်းသို့ ရောက်ရန်ကြိုးစားရင်း ရာဖေးအနီး၌ အသတ်ခံခဲ့ရရှာပေသည်။

ဒေါ်ရာဖရိမ်းဘတ်ချ်သည် စစ်ကြီးပြီးသောအခါ ပါလက်စတိုင်းသို့ ရောက်လာပြီးနောက် (၁၉၂၀) ခုနှစ်တွင် အေဇွန်ဘလော့ချ်နှင့် တွေ့ဆုံကာ လက်ထပ် လိုက်ကြပေသည်။ ယင်းနောက် ဂျေရုဆလင်မြို့တွင်ပင် အခြေစိုက် နေထိုင် ကြလေသည်။

အေဇွန်ဘလော့ချ်မှာ အင်္ဂလန်နိုင်ငံ ဝေလပြည်နယ်သားဖြစ်ပြီး ထိုစဉ်က အင်္ဂလိပ်စစ်တပ်၌ အမှုထမ်းနေသူ ဖြစ်လေသည်။ အေဇွန်သည် တယောထိုး ဆရာလည်း ဖြစ်ပေသည်။ နောင်သောအခါ ဘလော့ချ်သည် ဘဏ်လုပ်ငန်းဘက်သို့


www.burmeseclassic.com

ကူးပြောင်းလာပြီး www.burmeseclassic.com တယ်လ်အဗစ်ရှိ အီဘ်ဘတ်တာဘေကတွင် အုပ်ချုပ်မှုဆိုင်ရာ ဒါရိုက်တာအဖြစ် အမှုထမ်းခဲ့ လေသည်။

(၁၉၇၀) ခုနှစ်တွင် ကွယ်လွန်သောအခါ အသက် (၇၃) နှစ်ရှိခဲ့ပြီ ဖြစ်လေသည်။ ၎င်းတို့တွင် သားသုံးယောက် ထွန်းကားခဲ့ပေသည်။ မစ္စက်ဘလော့ချ်ကို သိကျွမ်း ရင်းနှီးခဲ့သူများက အလွန်ပင် ခြေင်ပြေပြစ် ကြင်နာတတ်သော အမျိုးသမီးကြီး ဖြစ်သည်သာမက အသိဉာဏ်ကြွယ်ဝပြီး အမြင်ကြယ်သူဖြစ်ကြောင်း ချီးကျူး ထောပနာ ပြုကြသည်။

မစ္စက်ဘလော့ချ်သည် ခင်ပွန်းသည် ကွယ်လွန်သောအခါ ဂျေရုဆလင်သို့ ပြန်လည်နေထိုင်ပြီး ရုရှားမှ လာရောက်ပြောင်းရွှေ့ နေထိုင်သူများအကြားတွင် စေတနာ့ဝန်ထမ်း လုပ်ငန်းရပ်များကို လုပ်ကိုင်ခဲ့လေသည်။ အင်တက်ဘီတွင် ဓားစာခံအဖြစ် နေထိုင်ရစဉ်က မစ္စက်ဒေါ်ရာဘလော့ချ်အဖို့ စိတ်မချမ်းမြေ့စရာ ဖြစ်ရပ်လေးတစ်ခု တွေ့ကြုံခဲ့ရပေသည်။ အစ္စရေးအမျိုးသားများနှင့် အစ္စရေး မဟုတ်သူများကို ခွဲထုတ်ခဲ့သည့်အခါ ခင်ပွန်းဖြစ်သူက အစ္စရေးဖြစ်ပြီး ဇနီးဖြစ်သူက အမေရိကန်သူ ဖြစ်နေခြင်းပင် ဖြစ်သည်။ လက်ထပ်ခဲ့ကြသည်မှာ (၂) နှစ်ခန့်သာ ရှိပေသေးသည်။ အစ္စရေး နိုင်ငံသားများအား ခွဲခြားရန် စတင်၍ အမည်ခေါ်စဉ်ကပင် ခင်ပွန်းဖြစ်သူမှာ အစ္စရေးတို့အတွက် သတ်မှတ်ထားသော နေရာသို့ ဦးစွာပထမ ရွှေ့ပြောင်းရသူ ဖြစ်လေသည်။

ထိုသို့ ရွှေ့ပြောင်းရာတွင် တတ်နိုင်လျှင် အစ္စရေးနိုင်ငံသား မဟုတ်သူများအား သတ်မှတ်ထားသည့် နေရာ၌ပင် နေထိုင်သွားရန် ခင်ပွန်းဖြစ်သူက ဇနီးဖြစ်သူအား ကြေကွဲစွာမှာ ကြားလေသည်။ ယင်းနောက်မှ အစ္စရေးနိုင်ငံသားများအား သတ်မှတ်ထားသည့် နေရာသို့ ခင်ပွန်းဖြစ်သူက ထွက်ခွာ ပြောင်းရွှေ့လိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com
ဇနီးဖြစ်သူမှာ မတိတ်တပ်ရပ်ရင်း စိတ်ထိခိုက်ကာ ငိုကြွေး ကျန်နေခဲ့သည်ကို မစ္စက်ဘလော့ချ်က မြင်တွေ့လိုက်ရသည်။

မစ္စက်ဘလော့ချ် အမည်ကို ခေါ်ယူပြီး အစ္စရေးနိုင်ငံသားများအား သီးသန့် ခွဲခြားသည့်နေရာသို့ ရွှေ့ပြောင်းလိုက်သောအခါ မစ္စက်ဘလော့ချ်သည် စောစောက အစ္စရေးအမျိုးသားထံ ချဉ်းကပ်ပြီး ဇနီးဖြစ်သူမှာ ပူဆွေးဒုက္ခ သိပ်ပြီး ရောက်နေကြောင်း၊ သူ့ခမြာ မခွဲနိုင်သည့်အတူတူ သေအတူရှင်မကွာ မိမိရှိရာသို့ ရွှေ့ပြောင်းခေါ်လိုက်သင့်ကြောင်း အကြံပေးလိုက်လေသည်။

ခင်ပွန်းဖြစ်သူက တဖက်တွင် ကျန်ရစ်ခဲ့သော ဇနီးကို အစ္စရေး နိုင်ငံသားများအား သီးသန့် ခွဲခြားထားသည့်ဖက်သို့ ခေါ်ဆောင်လိုက်ပေသည်။ အစ္စရေး ကွန်မန်ဒိုများ ဝင်ရောက် ကယ်ဆယ်သောအခါ ဇနီးမောင်နှံ နှစ်ဦးစလုံး ဘေးရန်ကင်းရှင်းစွာဖြင့် လွတ်မြောက်ခဲ့ရပေသည်။

အင်တက်ဘီတွင် ဓားစာခံအဖြစ် နေထိုင်စဉ် ကာလတလျှောက်လုံး မစ္စက်ဘလော့ချ်သည် စိတ်ဓါတ် မြင့်မားတက်ကြွစွာဖြင့် အစ္စရေး နိုင်ငံသားကောင်း ပီသမှုကို ပြသနိုင်သူဖြစ်သည်။ နိုင်ငံရေး ငြင်းခုန်ရမည်ဆိုလျှင် ဦးမလေး နှုတ်မလေးခဲ့ပါပေ။ ပါလက်စတိုင်း အကြမ်းဖက် အမျိုးသားများနှင့် အာရေဗျစကားဖြင့်ပင် နှုတ်လှန်ထိုး၍ ပယ်ပယ်နယ်နယ် ဖက်ပြိုင်ဆွေးနွေးခဲ့သည်။

အကြမ်းဖက်လုပ်ငန်းဟာ (၁၉၄၈) ခုနှစ်တုန်းက ဒိုင်ယာရာစင်မှာ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုကြီးက စတင် ပေါက်ဖွားလာခဲ့တာပါဟု ပါလက်စတိုင်းတို့က စွပ်စွဲ ပြောဆိုလိုက်လေသည်။ ဤတွင်ဖွားဖွား ဒေါ်ရာဘလော့ချ်ကမူ (၁၉၂၉) ခုနှစ်က လူမဆန်အောင် သတ်ဖြတ်ခံခဲ့ကြရသော ဂျူးလူမျိုးတို့ အကြောင်းကို စတင် ပြောကြားလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ဂျူးလူမျိုးများမှာ ဂျေရုဆလင်တွင် စတင်အခြေစိုက်စဉ် ကာလဖြစ်ပြီး အီဘရှန် အဓိကရုဏ်းတွင် ဂျူးလူမျိုးအမြောက်အများ ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခံခဲ့ရခြင်းကို ရည်ညွှန်းပြောဆို ချေပခဲ့သည်။ "ငါကတော့ သေရမှာ မကြောက်ပါဘူးကွယ်၊ ငါဖြင့် (၇၃) နှစ်လုံးလုံး ပျော်ပျော်ကြီး နေလာခဲ့ပြီးမှပဲ၊ မင်းတို့သာ မိသားစုဆီကို ပျော်ပျော်ရွှင်ရွှင် ကျန်းကျန်းမာမာနဲ့ ပြန်ရောက်စေချင်တယ်" မစ္စက်ဘလော့ချ်က အတူပါလာသူ သားကြီးအား မပြတ်ပြောခဲ့သည်။

"မေမေကဒင်နီရဲ့ ကလေးတွေနဲ့ ကစားရအုန်းမှာပါ၊ ကျွန်တော့သားကလေးတွေနဲ့ နေခဲ့ရသလိုပေ့ါ" သားကြီးဖြစ်သူ အိုင်ယန်ဟာတပ်ဗ်က မိခင်ဖြစ်သူအား ပြန်လည် အားပေးရပြန်လေသည်။ ဒင်နီမှာ ဇူလိုင် (၅) ရက် တနင်္ဂနွေနေ့တွင် နယူးရောက်မြို့၌ လက်ထပ်မည့် သားငယ်ဖြစ်သည်။

အိုင်ယာဟာတပ်ဗ်အဖို့မူ ယူဂန်ဒါနိုင်ငံသို့ ဓားစာခံအဖြစ် ရောက်ရှိခဲ့ ရသည့်အတွက် ယူဂန်ဒါနိုင်ငံသို့ နှစ်ကြိမ်ရောက်ဘူးခဲ့ပြီဟု ဆိုရမလို ဖြစ်နေသည်။ (၁၉၆၉) ခုနှစ်က အိုင်ယာဟာတပ်ဗ်သည် အဒစ်ဘာဘာမြို့ရှိ အစ္စရေးသံရုံး၌ အမှုထမ်းစဉ်၊ ယူဂန်ဒါနိုင်ငံသို့ တစ်ပတ်ကြာမျှ လာရောက်လည်ပတ်ခဲ့ဘူးသူ ဖြစ်သည်။ အာဖရိက လူမဲနိုင်ငံများအနက် ချမ်းသာကြွယ်ဝဆုံး တိုင်းပြည်အဖြစ်၄င်း၊ လုပသောရှုမျှော်ခင်းများဖြင့် လွှမ်းခြုံထားသည်ကို၄င်း လေ့လာ တွေ့ရှိခဲ့ရပေသည်။ ထိုစဉ်က ညအချိန်မတော် ဘယ်ကိုပဲသွားသွား အလွန် အေးချမ်းစိတ်ချရတဲ့ နိုင်ငံ တစ်နိုင်ငံပါပဲဟု မှတ်ချက်ပြုခဲ့ပေသည်။ ယူဂန်ဒါ အမျိုးသားများမှာလည်း ဖော်ရွေ ပျော်ရွှင်တတ်ကြသူများ ဖြစ်သည်။

"ညနက်သန်းခေါင် လမ်းလျှောက်ထွက်ရင် လူတွေ တစ်စုပြီးတစ်စု ဝိုင်းဖွဲ့ပြီး သောက်စား ပျော်ပါး ကခုန်နေတာ တွေ့ရတယ်။ ကျွန်တော့်ကိုတော့ အရက် အတင်းတိုက်ကြတယ်။ ကျွန်တော်ကလည်း ပြန်တိုက်ခဲ့ပါတယ်။ အခုတော့ ဒီလို



www.burmeseclassic.com

www.burmeseclassic.com

ညနက်သန်းခေါင် သီချင်းဆိုတာမျိုး မရှိတော့ပါဘူး။ ညအချိန်တော်ဆိုရင် ဘယ်သူမှ အပြင်မထွက်ကြတော့ဘူး" ဤစကားစုများမှာ မိခင်ဖြစ်သူ မစ္စက်ဘာလော့ချ်၏ အကြောင်းကို ပြန်လှန် ပြောဆိုရင်းမှ သားကြီးဖြစ်သူ ဟာတပ်ဖ်က ရှင်းပြခဲ့ခြင်း ဖြစ်လေသည်။

ဗြိတိန်နိုင်ငံမှ ဘာသာရေး ထိတ်တန်းခေါင်းဆောင်များ ဖြစ်ကြသော ဒေါက်တာ ဒေါ်နယ်လ်ကိုဂန်၊ ဘော့စီလ်ကာ ဒီနယ်ယွမ်းနှင့် ဒေါက်တာ အီမင်ချူယယ်ဂျာ ကိုဗိုဗစ်တို့က ယူဂန်ဒါသမ္မတ အမင်ထံ မစ္စက်ဘာလော့ချ်ကို သူမ၏မိသားစုနှင့် ပြန်လည် ဆုံပေးနိုင်ရေးအတွက် မေတ္တာရပ်ခံသည့် သံကြိုးစာတစ်စောင်ကို ပေးပို့ခဲ့လေသည်။

ယူဂန်ဒါသမ္မတ အီဒီအမင်ကမူ မစ္စက်ဘာလော့ချ်သည် ယခုအခါ အစ္စရေးနိုင်ငံသို့ပင် ရောက်နေလောက်ပါပြီဟု အစ္စရေးသတင်းစာမှ သတင်းထောက်တစ်ဦးကို အဖြေပေးလိုက်သည်။ ထိုသတင်းထောက်က လန်ဒန်မြို့မှနေ၍ သမ္မတထံ တယ်လီဖုန်းဖြင့် စကားပြောခွင့် တောင်းခံကာ မေးမြန်းခဲ့ခြင်း ဖြစ်လေသည်။

မစ္စက်ဘာလော့ချ်အား ရှာဖွေရန်နှင့် ယင်းသတင်းကို ယူဂန်ဒါသမ္မတ အမင်ထံတွင် မေးမြန်း စုံစမ်းရန် ယူဂန်ဒါနိုင်ငံကို စေလွှတ်ခဲ့သော မဟာမင်းကြီး (သံအမတ်အဆင့်) မစ္စတာဂျိမ်းစ်ဟင်နဆီသည် ဇူလိုင် (၁၂) ရက်နေ့တွင် မည်သည့် အဖြေမှ ရမလာပဲ လန်ဒန်မြို့သို့ ပြန်ရောက်ခဲ့သည်။ ဗြိတိသျှ နိုင်ငံခြားရေးဌာနကမူ သမ္မတအမင်၏ အဖြေပေးချက်မှာ လုံးဝ လက်ခံနိုင်စရာ အကြောင်းတစ်ချက်မှ မပါဝင်ခဲ့ပါပေဟု ကြေညာလိုက်လေသည်။ မစ္စတာဟင်နဆီက သမ္မတအမင်အား မေးခွန်းတစ်ခု မေးမြန်းရာ၌ မစ္စက်ဘာလော့ချ်အား အသက်ရှင်ရက် ရှိနေဦးမည်လားဟု ထည့်သွင်း မေးမြန်းခဲ့သည်။

"ဒါတော့ ဒီမေးခွန်းနဲ့ ပတ်သက်လို့၊ လူတစ်ကိုယ်စီမှာ ကိုယ့်ဘာသာကိုယ် ကောက်ချက် ဆွဲနိုင်ကြတယ်လို့ ထင်ပါတယ်" ယူဂန်ဒါသမ္မတ အမင်က ဤမျှသာ



www.burmeseclassic.com

www.burmeseclassic.com

ဖြေလိုက်သည်။ မဟာမင်းကြီး ဂျိမ်းစ်ဟင်နရီဆီ၏ ခရီးမအောင်မြင်မှုနှင့် ပတ်သက်ပြီး ဗြိတိန်အစိုးရ၌ ပျော့ညံ့အားနည်းချက် ရှိနေပြီဟု ဝေဖန် ပြောဆိုမှုများ ထွက်ပေါ်လာသည်။ အချို့ အကဲခတ်များကမူ ဗြိတိန်နိုင်ငံသည် ယူဂန်ဒါနိုင်ငံနှင့် သံတမန်အဆက်အသွယ် ဖြတ်တောက်ဖွယ်ရာ ရှိသည့်အပြင် မဟာမင်းကြီး ဂျိမ်းစ်ဟင်နရီပင်လျှင် ယူဂန်ဒါနိုင်ငံသို့ ပြန်လည် သွားရောက်ကာ မဟာမင်းကြီးတာဝန်ကို ထမ်းဆောင်ရဖွယ် မရှိတော့ဟု ထင်နေကြသည်။ သည်ကြားထဲတွင် ဗြိတိန်နိုင်ငံခြားရေးဌာန အတွင်းဝန် အန်တော်နီကရောစ်လင်းက အင်တက်ဘီ လေဆိပ်တွင် ယူဂန်ဒါစစ်သားများ သေဆုံးခဲ့ရမှုအတွက် ဝမ်းနည်းကြေကွဲကြောင်း သံကြိုးစာကို သမ္မတအမင်ထံ ပေးပို့ခဲ့ပြန်ရာ၊ အင်္ဂလန်ပါလီမန်တွင် အတိုက်အခံဘက် အစိုးရဖက်ပါ ပွက်လောရိုက်ကာ ဆူညံနေပေတော့သည်။

ကွန်ဆာဗေးတစ်ပါတီမှ နိုင်ငံခြားရေး အတွင်းဝန်အဖြစ် ရာထားခြင်းခံရသူ ရယ်ဂျီနယ် မော်လ်ဒင်းက လေဘာအစိုးရကို ပြင်းထန်စွာ ဝေဖန် ပြောကြားလေတော့သည်။ ပါလီမန်အမတ်အားလုံးက လေဘာအစိုးရ နိုင်ငံခြားရေးဌာန အတွင်းဝန် အန်ထော်နီကရောစ်လင်းထံမှ ရှင်းလင်းချက်အပြည့်အစုံ ထုတ်ပြန်ရန် တောင်းဆိုကြသည်။ နိုင်ငံခြားရေးဌာနကမူ သံတမန်ဆိုင်ရာ ကျင့်ထုံးအရသာ ယူဂန်ဒါ၌ သေဆုံးခဲ့ရသူများ၏ ဇနီးသားချင်းများအတွက် ပေးပို့ရခြင်း ဖြစ်ကြောင်း ဖြေကြားလေသည်။

မစ္စတာ မော်လ်ဒင်းကမူ ဗြိတိန်နှင့် ယူဂန်ဒါဆက်ဆံရေးကို ပြန်လည် စဉ်းစားသင့်ပြီဖြစ်ကြောင်း ပြောလိုက်လေသည်။ လေဘာအမတ် အီရစ်မွန်းမင်းကမူ နိုင်ငံခြားရေးဌာန အတွင်းဝန်ကရော့စ်လင်း၏ ဝမ်းနည်းကြေကွဲလွှာ ပေးပို့ခြင်းအပေါ်တွင် မကြေမနပ်ဖြစ်၍ ပါလီမန် အထူးအစည်းအဝေး ပြုလုပ်ပေးရန်အမတ် (၁၀၀) ကျော်ကို တောင်းဆိုစေမည်ဟု ပြင်းပြင်းထန်ထန် ဝေဖန်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါက်တာ ရုဒ်စ်ဘွိုင်ဆန်ကမူ ဗြိတိသျှ နိုင်ငံကူးလက်မှတ် ကိုင်ထားရတာကို ရှက်ဖွယ်လိလိ ဖြစ်နေပါပကောလားဟု ထေ့လိုက်ပြန်သည်။ ပို၍ဆိုးသည်က ဗြိတိသျှ သတင်းတောက်များက နိုင်ရှိဘီမှ ပြန်လည်ပေးပို့သည့် သတင်းများပင် ဖြစ်လေသည်။

သတင်းထောက်များက ယူဂန်ဒါမှရသော သတင်းအစအနများကို ဆက်စပ်ကာ ပေးပို့ရာ၌ ဇူလိုင် (၅) ရက် တနင်္လာနေ့က သမ္မတအီဒီအမင် လူသတ်တပ်ဖွဲ့က မစ္စက်ဘလော့ချ်အား ပစ်သတ်လိုက်ပြီ ဖြစ်သည့်အပြင် အလောင်းကို တနည်းနည်းနှင့် ဖျောက်ဖျက်ခဲ့လေပြီဟု ဆိုသည်။ ဤနည်းမှာ သမ္မတအီဒီအမင်၏ လူများ လုပ်လေ့ လုပ်ထရှိသော လုပ်နည်းလုပ်ဟန်ပင် ဖြစ်သည်ဟုဆိုသည်။

အင်တက်ဘီမှ ဓားစာခံများ ကယ်ဆယ်ခဲ့ပြီးသည့်နောက် သတ်ဖြတ်မှုများ ယူဂန်ဒါ၌ ဖြစ်ပေါ်လာခဲ့သည့်အနက် မစ္စက်ဘလော့ချ်မှာလည်း ကံဆိုးရှာသူ တစ်ဦးဖြစ်ခဲ့ရပေသည်။ ရရှိသော သတင်းများအရ မစ္စက်ဘလော့ချ်အား ဆေးရုံမှ လူလေးဦးက အတင်းဆွဲခေါ်ရာတွင် ဆေးရုံစောင့် ရဲတပ်ဖွဲ့တစ်ဦးက လိုက်ပါသွားသဖြင့် ထိုရဲတပ်ဖွဲ့ဝင်ပင်လျှင် နေရာ၌ ပွဲချင်းပြီး ပစ်သတ်ခံရလေသည်ဟု ဆိုသည်။ ထို့နောက် မစ္စက်ဘလော့ချ်ကို လင်းရှိဘာကားပေါ်သို့ တွန်းထိုး တင်ခေါ်ဆောင်သွားလေသည်။

သမ္မတအီဒီအမင်ကမူ မစ္စက်ဘလော့ချ်အား ဇူလိုင် (၃) ရက် စနေနေ့တွင် အင်တက်ဘီ လေဆိပ်သို့ ပြန်လည် ပေးပို့ခဲ့ပြီဖြစ်၍ အစ္စရေးတို့၏ တာဝန်သာ ဖြစ်သည်ဟု ပြောဆိုနေပေသည်။ သို့သော် ဗြိတိသျှ သတင်းစာများက မစ္စက်ဘလော့ချ် အသတ်ခံရသည်မှာ သေချာသလောက် ဖြစ်နေပြီဟု ထုတ်ဖော် ရေးသားလိုက် ပေတော့သည်။

ယင်းနောက် ကင်ညာနိုင်ငံ နိုင်ရိုဘီမှထုတ်ဝေသည့် နေးရှင်း နေ့စဉ် သတင်းစာတွင် မီးတစ်ဝက်တစ်ပျက် လောင်ကျွမ်းခံထားရသော မစ္စက်ဘလော့ချ် အလောင်းကို ယူဂန်ဒါနိုင်ငံ ကင်ပါလာမြို့တော်အနီး တစ်နေရာ၌ တွေ့ရလေပြီဟု



www.burmeseclassic.com

www.burmeseclassic.com

ရေးသား ဖေါ်ပြလိုက်သည်။ မစ္စက်ဘလေဘ့ချ်၏ အလောင်းကို အင်တက်ဘီလေဆိပ်မှ ရာဒါ (နတ်မျက်စိ) ဝန်ထမ်းသုံးဦး၏ အလောင်းများနှင့် အတူ တွေ့ရသည်ဟု ဆိုသည်။ မစ္စက်ဘလေဘ့ချ်ကို အင်တက်ဘီ လေဆိပ်၌ လျှပ်တပြက် ကယ်တင်ရေးလုပ်ပြီးသည့် နောက်တစ်နေ့၊ ဇူလိုင် (၅) ရက်နေ့တွင် သတ်ဖြတ်ခဲ့သည်ဟု ဆိုသည်။

မစ္စက်ဘလေဘ့ချ်မှာ ခြေထောက်တွင် အနာပေါက်ရောဂါ ကုသခံနေရသူ ဖြစ်၍ ယခုတွေ့ရသော အလောင်းတွင်လည်း ခြေထောက် အနာပေါက်ရောဂါ ခံစားနေရသည့် လက္ခဏာ တွေ့ထားရကြောင်း ဖေါ်ပြကြလေသည်။ လေယာဉ် ပြန်ပေးဆွဲခံရစဉ်က မိခင်ဖြစ်သူ မစ္စက်ဘလေဘ့ချ်နှင့် အတူပါလာသော သားကြီး ဟာတပ်စ်က ၎င်း၏ မိခင်အား ယူဂန်ဒါအာဏာပိုင်များက သွေးအေးအေးဖြင့် သတ်ဖြတ်ခဲ့သည်ဟု ဂျေရုဆလင်၌ ထုတ်ဖေါ်ပြောကြားခဲ့လေသည်။

သမ္မတအီဒီအမင်သည် သတ်ဖြတ်ရန် အမိန့်ကို ကိုယ်တိုင်ကိုယ်ကျ မပေးဘူး ဆိုဦးတော့ ၎င်းတွင် တာဝန်ရှိနေပေသည်ဟု စွပ်စွဲလိုက်လေတော့သည်။ မိခင်ဖြစ်သူကို ဂျူးအမျိုးသား ထုံးစံအတိုင်း သင်္ဂြိုဟ်ရန် မိခင်၏အလောင်းကို ပြန်လည်ရယူလိုသည်။ ပြန်လည်တောင်းခံမည်ဟု ပြောသည်။ ဗြိတိသျှ ပါလီမန် အမတ်များကလည်း မစ္စက်ဘလေဘ့ချ်အား အစ္စရေးနိုင်ငံ၌ သင်္ဂြိုဟ်နိုင်ရန် သမ္မတအီဒီအမင်အား မေတ္တာရပ်ခံစာ ပေးပို့ကြပြန်လေသည်။

## အခန်း ( ၉ )

### နိုင်ငံရေးမုန်တိုင်းထန်လေပြီ။

ပါလက်စတိုင်း တယူသန် အကြမ်းဖက်သမားတစ်စုက ပြင်သစ်လေယာဉ်ကို အေသင်လေဆိပ်မှ အထွက်တွင် အပိုင်စီးပြီး လူများအား ဓားစာခံအဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ပြန်ပေးဆွဲသည်။ လေယာဉ် ခရီးသည်များအနက် အစ္စရေးနိုင်ငံသူ နိုင်ငံသားတော်တော်များများပါသည်။ လေယာဉ်နှင့် ခရီးသည်တို့ကို ယူဂန်ဒါနိုင်ငံ အင်တက်ဘီလေဆိပ်သို့ ခေါ်ဆောင်သွားပြီး နိုင်ငံအသီးသီးတွင် အပြစ်ပေးခံနေရသော ၄င်းတို့နှင့် ဘဝတူ အကြမ်းဖက်သမား (၅၃) ဦးလွှတ်ပေးရန် တောင်းဆိုသည်။ ၄င်းတို့ လိုလားချက် မရပါက လေယာဉ်ခရီးသည်များကို သတ်ပစ်မည်ဟု ရာဇသံပေးလိုက်သည်။ ဓားစာခံ (၂၅၆) ဦးအနက် အစ္စရေးအမျိုးသား မဟုတ်သူများကို ခွဲခြားပြီး ပြန်လွှတ်ခဲ့ရာ အစ္စရေးနိုင်ငံသားများ၊ အစ္စရေးနိုင်ငံနှင့် အခြားတစ်နိုင်ငံ ပူးတွဲခံယူထားသည့် ဂျူးအမျိုးသားများနှင့် လေယာဉ်ဝန်ထမ်း (၁၀၈) ဦးသာ ကျန်နေပေတော့သည်။

အကဲခပ်ရ ခက်ခက်၊ ဆက်ဆံရတာလည်း ခက်လှသဖြင့် "မာကျူရီအမင်" သို့မဟုတ် "ဖေဖေကြီး အမင်" ဟု အမည်တွင်နေသော ယူဂန်ဒါသမ္မတကြီး အီဒီအမင်က လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများ၏ လိုလားချက်ကို ကြားလူအဖြစ် သက်ဆိုင်ရာ နိုင်ငံများဖြင့် ဆက်သွယ် ဆောင်ရွက်ပေးနေသော်လည်း အစ္စရေးတို့ဖက်ကမူ၊ သမ္မတကြီး အမင်သည် ပါလက်စတိုင်း အကြမ်းဖက်သမားများနှင့် အကြံတူ တယူသန်တည်း ဖြစ်သည်ဟု ထင်နေကြသည်။

အကြမ်းဖက်သမားများက ဇူလိုင် (၁) ရက်နေ့တွင် ယခင်တောင်းဆိုထားချက်ကို ချက်ချင်း တိုးမြှင့်လိုက်လေသည်။ အပြစ်ပေးခံနေရသော အကြမ်းဖက်သမား (၅၃) ဦးကို ပြန်လွှတ်ပေးရန်သာမက ပြင်သစ်လေယာဉ်အတွက် ဒေါ်လာ ငါးသန်းနှင့် ဓားစာခံများအတွက်ပါ တစ်ဦးစီလျှင် ဒေါ်လာတသန်းစီပေးရန် တောင်းဆိုလာခဲ့လေသည်။ ဓားစာခံ (၁၀၈) ဦး၏ အသက်ရှင်နေနိုင်ရေးမှာ (၁၉၇၆) ခု ဇူလိုင် (၄) ရက်နေ့ နံနက် (၁၁) နာရီအထိသာ တည်ရှိနေတော့သည်။ ဤတွင် အစ္စရေး ကွန်မန်ဒိုများက လျှပ်တပြက်စစ်ဆင်ရေးဖြင့် (၁၉၇၆) ခု ဇူလိုင် (၃) ရက်နေ့



www.burmeseclassic.com

www.burmeseclassic.com

ညသန်းခေါင်ကျော်တွင် မိုင် (၂၆၂၀) ခရီးကို ကျော်ဖြတ်၍ အစ္စရေး ဓားစာခံများ အသတ်ခံရတော့မည့် ဘေးမှ ကယ်ဆယ်လာနိုင်ခဲ့ပေသည်။

ကမ္ဘာတစ်ခုလုံး တုန်လှုပ်ချောက်ချား၊ အံ့သြတွေဝေ ချီးကျူးဂုဏ်ယူ ပြစ်တင်ရှုတ်ချ၊ ကြိမ်းမောင်းမှုများ ပေါ်ထွက်လာလေတော့သည်။ ယူဂန်ဒါနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံ ကင်ညာတို့မှာလည်း အစ္စရေးကွန်မန်ဒိုများ အသုံးပြုသည့် လေယာဉ်ပျံများကို ကင်ညာနိုင်ငံလေဆိပ်ကို အသုံးပြုခွင့် ပေးရကောင်းမလား ဟူသောအချက်နှင့် ပတ်သက်ပြီး စစ်ဖြစ်လုနီးနီးအခြေအနေ ဖြစ်ခဲ့ရလေပြီ။

သို့သော် ယူဂန်ဒါနှင့် ကင်ညာနိုင်ငံအကြား သဘောကွဲလွဲနေမှုကို ဆွေးနွေးရေးအတွက် နိုင်ရိုဘီမြို့သို့ ယူဂန်ဒါမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ စေလွှတ်ရေးကို ကင်ညာနိုင်ငံက အဆိုပြုလိုက်ရာ ယူဂန်ဒါသမ္မတ အီဒီအမင်က လက်ခံလိုက်လေသည်။ ကင်ညာနိုင်ငံ၏ အဆိုပြုချက်ကို အာဖရိကညီညွတ်ရေးအဖွဲ့ (အိုအေယူ) အတွင်းရေးမှူးချုပ် ဝီလျံ အေကေတီအမ်ဘူမ္ဘာက သမ္မတအမင်ထံ ယူဆောင်လာခြင်း ဖြစ်သည်။ အိုအေယူ အဖွဲ့ဝင်နိုင်ငံများ၏ အကူအညီဖြင့် မိမိတို့ နှစ်နိုင်ငံ ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းရေး နည်းလမ်းများကို ရှာကြံနိုင်လိမ့်မည် မျှော်လင့်ကြောင်းဖြင့် သမ္မတအမင်က အိုအေယူ အတွင်းရေးမှူးချုပ်အား ပြောကြားခဲ့လေသည်။

တန်ဇန်းနီးယားနိုင်ငံကလည်း ထပ်မံ၍ ကြားဝင်ဖျန်ဖြေပေးရန် ကြိုးစားမည်ဟု တန်ဇန်းနီးယားသမ္မတ ညီရေးရေးထံမှ သဝဏ်လွှာတစ်စောင်ကို အထူးကိုယ်စားလှယ် ဘိုဘေမူနန်ကာက ကင်ညာသမ္မတ ဂျိုမိုကင်ညာတာအား ပေးအပ်လိုက်သည်ဟု သတင်း ထွက်ပေါ်လာလေတော့သည်။

ယူဂန်ဒါသမ္မတ အီဒီအမင်ကမူ ကင်ညာနိုင်ငံသမ္မတ ဂျိုမိုကင်ညာတာယ ထင်ရှားကျော်ကြားပြီး လေးစားကြည်ညိုဖွယ်ရာ ခေါင်းဆောင်ကြီး ဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

မိမိသည် ကင်ညာနိုင်ငံကို မည်သည့်အခါမှ စတင် မတိုက်ခိုက်ပါ။ ယူဂန်ဒါနှင့် ကင်ညာနှစ်နိုင်ငံအကြားတွင် ဆက်ဆံရေး စာမျက်နှာအသစ် ဖွင့်လိုပါသည်။ ကင်ညာမှာ ဗြိတိသျှတို့၏ အကြပ်ကိုင်မှုကို ခံနေရ၍သာ ယူဂန်ဒါနှင့် ဆန့်ကျင်နေရခြင်း ဖြစ်ပါသည်ဟု ပြောဆိုလိုက်သည်။ ဗြိတိန်နိုင်ငံနှင့် ယူဂန်ဒါနိုင်ငံ စပ်ကြားတွင် သံတမန်ဆက်ဆံရေး ပျက်ပြားသွားလေပြီ။ အမေရိကန်အမှတ် (၇) ရေတပ်သည်လည်း ပစ္စဖိတ်သမုဒ္ဒရာအတွင်းသို့ ခြေဆန့်လာခဲ့လေပြီ။ ပျားရည်တစ်စက်သည် တိုင်းပြည်ကို ပျက်စီးစေခဲ့ဘူးလေပြီ။ ယခုလည်း အကြမ်းဖက်လုပ်ရပ်မှ ရလဒ်သည် သက်ဆိုင်ရာ တိုင်းပြည်များသာမက ကမ္ဘာတစ်ခုလုံးကိုပင် အနေကြပ်အောင် ချောက်ချားစေခဲ့လေပြီ။

## အခန်း ( ၁၀ )

### အပြောချိုချို

လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများနှင့် မစေ့စပ်စတမ်း အစ္စရေးက ကျင့်သုံးခဲ့သည်ကို ချီးကျူး ဂုဏ်ပြုခဲ့သူများ အားပေး ထောက်ခံမှုများ ကျယ်ကျယ်လောင်လောင် ထွက်ပေါ်လာသည်။ ယူဂန်ဒါသမ္မတ အီဒီအမင်က အင်တက်ဘီ လေဆိပ်သို့ အစ္စရေးတို့ ဝင်ရောက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဆွေးနွေးရန် တောင်းဆိုထားသည့် ကာလအတွင်း ကမ္ဘာတဝှန်းလုံးက အစ္စရေးကိုချီးကျူး နေကြပေသည်။

ကနေဒါ ပြည်ပရေးရာဝန်ကြီး အာလန်မက်အိချင်းက အင်တက်ဘီ လေဆိပ်တွင် ဓားစာခံများ ကယ်ဆယ်ရေးအတွက် အစ္စရေးတို့၏ လျှပ်တပျက် စစ်ဆင်မှုသည် တသက်မမေ့နိုင်စရာ မှတ်မှတ်သားသား ရှိလာပေသည်ဟု ပါလီမန်၌ ချီးကျူးပြောကြားခဲ့ရာ ဝန်ကြီးချုပ်ထရူးဒိုးကပါ ထောက်ခံခဲ့လေသည်။ ထို့အပြင်


www.burmeseclassic.com

www.burmeseclassic.com

ယူဂန်ဒါသမ္မတ အိမ်ရှင်အနေဖြင့် အကြမ်းဖက်သမားများကို ကူညီသည်ဟု အစ္စရေးနိုင်ငံ၏ စွပ်စွဲချက်ကို ကနေဒါနိုင်ငံက သဘောတူသည်ဟု တဆက်တည်း ပြောကြားလိုက်လေသည်။ အနောက်ဂျာမနီဝန်ကြီးချုပ် ရှမစ်ဒ်က အစ္စရေးဝန်ကြီးချုပ် ရာဘင်ထံ သံကြိုးရိုက်၍ ဓားစာခံများ လွတ်မြောက်ခဲ့ခြင်းနှင့် ပတ်သက်ပြီး စိတ်ချမ်းမြေ့ခဲ့ရသည့်အပြင် အစ္စရေးတို့၏ အရေးယူ ဆောင်ရွက်မှုကို ကျေနပ်နှစ်သိမ့်မိပါသည်ဟု ဖေါ်ပြလိုက်လေသည်။

ယခင် ဝန်ကြီးချုပ်ဟောင်းဖြစ်သူ ဗီလီဘရန့်ကလည်း ကျင်းပဆဲဖြစ်သော ဆိုရှယ်လစ် ဒီမိုဂရက်တစ်ပါတီ အစည်းအဝေးတွင် မိန့်ခွန်းပြောကြားရာ၌ "(၁၉၇၆) ခု ဇူလိုင် (၄) ရက်နေ့တွင် ကမ္ဘာ့အကြမ်းဖက်ဝါဒ ပျက်သုဉ်းရေးအတွက် ဆန့်ကျင်တိုက်ပွဲဝင်နေခြင်းနှင့် ပတ်သက်၍ နောင်သောအခါတွင် ထူးခြားသော နေ့တစ်နေ့အဖြစ် သတ်မှတ်ရတော့မည် ဖြစ်ကြောင်း" ထည့်သွင်း ပြောကြားသွားလေသည်။ "လူအပေါင်းတို့ စိတ်ချမ်းသာ လက်ချမ်းသာ ဖြစ်လာစေခဲ့ရမှုကို ခွဲဝေမျှတခံစားရခြင်းမှာ ဓားစာခံများ အားလုံးလိုလိုပင် လွတ်မြောက်ခဲ့ခြင်းကြောင့် ဖြစ်ပေသည်" ဟု ဆက်လက် ပြောကြားသွားသည်။

အစိုးရ ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားရာ၌ ဓားစာခံများ ဖမ်းဆီးခံထားရသည့် အချိန်ကာလအတွင်း အစ္စရေးနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံနှင့် ကင်ညာနိုင်ငံများ ပူးပေါင်းဆောင်ရွက် ဖြေရှင်းခဲ့မှုကို အနောက်ဂျာမနီနိုင်ငံက ကျေးဇူး တင်ရှိလှပါပေသည်ဟု ထုတ်ဖေါ် ပြောကြားသွားလေသည်။

ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် အစ္စရေးတို့သည် ဓားစာခံများ ကယ်ဆယ်ရေး အစီအစဉ်ကို မိမိတို့အား ကြိုတင် အသိပေးခြင်း မရှိခဲ့သော်လည်း ဓားစာခံများ လွတ်မြောက်လာခြင်းအတွက် ကျေနပ်အားရဖြစ်မိကြောင်း၊ သို့သော်လည်း ထိခိုက်သေဆုံးမှု ရှိခဲ့ခြင်းကြောင့် ဝမ်းနည်းမိပါကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ပြောကြားသွားသည်။ ပြင်သစ် နိုင်ငံခြားရေးဝန်ကြီးနှင့် ပြင်သစ်ဝန်ကြီးချုပ်ထံ အစ္စရေးတို့က အင်တက်ဘီလေဆိပ် ဝင်ရောက်စီးနင်းမှု အောင်မြင်ပြီးမှသာ အကြောင်းကြားသည်ဟု ဆိုသည်။ ပြင်သစ်သတင်းစာ ဖိဂါရိုကမူ အစ္စရေးတို့၏ ရဲစွမ်းသတ္တိ အသုံးချမှုကို ကမ္ဘာသို့ သင်ခန်းစာအဖြစ် ပေးခဲ့လေပြီဟု ရေးသား ဖော်ပြလိုက်လေသည်။

အကြမ်းဖက်ကာ အနိုင်ကျင့်သည်ကို သူရဲဘောကြောင်ခြင်းနှင့် အများနှင့် စုပေါင်းဆွေးနွေးကာ ဆန္ဒယူ ညှိနိုင်းနေခြင်းတို့ဖြင့် ရေရှည်မြှောလိုက်နေလျှင် ဆူပူသောင်းကျန်းမှုကို ဦးညွှတ် အရှုံးပေးလိုက်ရခြင်းနှင့် ဓားစာခံများကို သေဘေးသို့ တွန်းပို့လိုက်ခြင်းတည်း ဟူသော နစ်နည်းသာ ဖြစ်ပေါ်လာစေမည် ဖြစ်ပေသည်။ ယခုမူ အစ္စရေးတို့က တတိယနည်းလမ်း ရှိသေးသည်ကို ပြလိုက်ပေပြီ။ ယင်းမှာအခြားမဟုတ် "အင်အားကို အင်အားဖြင့်သာ ဖြေရှင်းနည်း" ပင် ဖြစ်လေသည်။

အစ္စရေးတို့သည် ကျွန်ုပ်တို့အား နာရီ အနည်းငယ်အတွင်း၌ပင် သင်ခန်းစာ ပေးခဲ့လေပြီ။ တိုင်းပြည် နိုင်ငံအတွက်၎င်း၊ ပုဂ္ဂိုလ် တစ်ဦးချင်းအတွက်၎င်း၊ သတ္တိသည် တစ်ခုတည်းသော ထွက်ပေါက်ဖြစ်ကြောင်းကို အချိန်မှီ သင်ခန်းစာအဖြစ် ပေးချေပြီဟု ရေးသား ဖော်ပြလိုက်လေသည်။

အမေရိကန်သမ္မတကြီး ဖို့ဒ်သည် အိမ်ဖြူတော် ဘဲဥပုံခန်းမ၌ သတင်းစာဆရာများနှင့် တွေ့ဆုံရာတွင် အစ္စရေးတို့သည် ဓားစာခံများ ကယ်ဆယ်ရန် အင်တက်ဘီ လေဆိပ်သို့ ကွန်မန်ဒိုများ စေလွှတ်မည် အကြောင်းကို ကြိုတင် အသိမပေးခဲ့ကြောင်း၊ အစ္စရေးတို့၏လုပ်ရပ်ကို အတည်ပြု မှတ်သားထားကြောင်း ပြောကြားသွားလေသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ စည်းဝေးတွင် အခြေအတင် ဆွေးနွေးမည့် အင်တက်ဘီကို ဝင်ရောက်စီးနင်းမှု ပြဿနာတွင် အမေရိကန်ပြည်ထောင်စုက



www.burmeseclassic.com

www.burmeseclassic.com

တည်ကြည်ခိုင်မာစွာ ရပ်တည်မည့် အနေအထားရှိသည့်အပြင် ဥပဒေရေးရာအရလည်း ကောင်းမွန်သော အခြေခံအချက်များ လက်ဝယ်ရှိနေသည်။ နောင်အခါတွင် လေယာဉ်အပိုင်စီးမှုများ၊ အကြမ်းဖက်မှုများကို ဆန့်ကျင်ကြောင်း ပြသရန် လိုအပ်သော လုပ်ဆောင်ချက်များကို စီစဉ်ထားပြီး ဖြစ်ကြောင်း၊ ဓားစာခံဖြစ်ရသူများ၏ လွတ်မြောက်ရေး အတွက်ကိုလည်း အခြား အစိုးရအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူမည်ဖြစ်ကြောင်း သမ္မတကြီးက ရှင်းပြသွားလေသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာကစ်ဆင်ဂျာကမူ အမေရိကန် ပြည်ထောင်စုသည် လွန်ခဲ့သောနှစ်များက လေကြောင်းအကြမ်းဖက်မှု၊ လေကြောင်း ဓားမြလုပ်ရပ်များကို နှိမ်နင်းရေးအတွက် အပြည်ပြည်ဆိုင်ရာ ညီလာခံတစ်ခု ခေါ်ယူ ပြုလုပ်ပေးရေးအတွက် ကုလသမဂ္ဂအား တောင်းဆိုခဲ့ပြီး ဖြစ်ပါသည်ဟု ပြောကြားသွားသည်။ ထင်ရှား ပြောင်မြောက်လှသော ရဲတင်းမှုနှင့် ရဲစွမ်းသတ္တိပြသမှု ဖြစ်ပါသည်ဟု အမေရိကန် နယူးရောက် တိုင်းမ်စ်သတင်းစာက ချီးကျူး ရေးသားလိုက်သည်။ အင်တက်ဘီ လျှပ်တပြက် ကယ်ဆယ်ရေးသည် သံတမန်ရေးရာ ဘောင်အတွင်းမှ ဆောင်ရွက် အောင်မြင်နိုင်စွမ်း မရှိသည်ကို ရအောင် ပြုမူချက်ပင် ဖြစ်သည်ဟု တဆက်တည်း ဖေါ်ပြလိုက်လေသည်။

အပြစ်မဲ့ သူတို့အတွက် အမြဲတမ်း ထိတ်လန့်ကြောက်ရွံ့ စိုးရိမ်နေရမည့် လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများ၏ ရာဇဝတ် ဘေးဆိုးကြီးမှ ကင်းဝေးရေး အတွက် အစ္စရေးတို့သည် တရားသော ခြေလှမ်းကို လှမ်းပြလိုက်ခြင်းသာ ဖြစ်ပေသည်ဟု ချီးကျူးလိုက်လေသည်။

အစ္စရေးနိုင်ငံသည် ယူဂန်ဒါနယ်နိမိတ်ကို ထိပါးရန် မရည်ရွယ်ပါဟု ကင်ညာနေးရှင်း နေ့စဉ်က ရေးသား ဖေါ်ပြလိုက်လေသည်။ သားကောင်ပမာ လည်လှီး အသတ်ခံရတော့မည်ကဲ့သို့ ဖြစ်နေသော မိမိနိုင်ငံသားများ၏ အသက်ကို


www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်ရန်မှာ ဦးစားပေး ပထမအဆင့်တာဝန် ဖြစ်နေခြင်းကြောင့် အချုပ်အခြာ အာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် အစ္စရေးတို့က လှုပ်ရှား ဆောင်ရွက်ခဲ့ရခြင်းသာ ဖြစ်ကြောင်း၊ ကင်ညာနိုင်ငံအနေဖြင့် အင်တက်ဘီမှ အပြန်ခရီးတွင် ထိခိုက်ဒဏ်ရာ ရသူများအား ဆေးကုသနိုင်ရန် နိုင်ရိုဘီ လေဆိပ်ကို အသုံးပြုခွင့် ပေးခဲ့ခြင်းမှာ မှားယွင်းသော လုပ်ရပ်မဟုတ်ခဲ့ပါပေဟု ချေပရေးသားး ဖေါ်ပြလိုက်လေသည်။

အကြမ်းဖက်လုပ်ရပ်ကို အံတုရန်အတွက်ဆိုလျှင် မတော်မလျော် လုပ်ရခြင်းသည်ပင် တရားမျှတမှု ဖြစ်ပေသည်ဟု ဩစတေးလျနိုင်ငံ ဝန်ကြီးချုပ်ဘုရုန် ကရီစကီက ထုတ်ဖေါ် ပြောကြားလိုက်လေသည်။ ဩစတေးလျ ဆိုရှယ်လစ်ပါတီ အာဘော်ဖြစ်သော အာဗေတာဖိုက်တွန်သတင်းစာနှင့် တွေ့ဆုံရာတွင် "အကြမ်းဖက်မှုသည် တရားဥပဒေဘောင်၏ ပြင်ပ၌ရှိခဲ့ရာ... တရားဥပဒေ ဘောင်၏ ပြင်ပ လုပ်ဆောင်ချက်ဖြင့်သာလျှင် တရားမျှတမှု ဖြစ်အောင် ဆောင်ရွက်နိုင်စွမ်း ရှိမည်သာ ဖြစ်ပေသည်" ဟု ထုတ်ဖေါ် ပြောကြားလိုက်သည်။

ဘန်ကောက်ပို့စ် သတင်းစာကမူ အစ္စရေး ကွန်မန်ဒိုများသည် ကုလသမဂ္ဂ အနေဖြင့် လုပ်ခွင့်မသာသော လုပ်ရပ်ကို စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ အကြမ်းဖက် သမားများကို ရန်တုန့်ပြန်မှု အကောင်းဆုံးဖြစ်သည်ဟု ရေးသားဖေါ်ပြလိုက်လေသည်။

အကြမ်းဖက်သမားတို့၏ လိုလားချက်ကိုသာ ဖြည့်စွမ်းနေရမည် ဆိုလျှင် အကြမ်းဖက်သမားတို့အဖို့ အောင်ပွဲကြီး ဖြစ်ပေလိမ့်မယ်။ နောင်သောအခါ လေယာဉ်စီး ခရီးသည်တို့အဖို့ ဘယ်ကိုမှ သွားလာ၍ စိတ်ချရတော့မည် မဟုတ်ပါပေ၊ အကြမ်းဖက်သမားတို့ အတင့်ရဲသည်ထက်သာ ရဲတင်းလာကြပေတော့မည်ဟု ရေးသား ဖေါ်ပြလိုက်လေသည်။ တောင်အာဖရိကဝန်ကြီးချုပ် ဂျော့ဖော့စတာက အစ္စရေးဝန်ကြီးချုပ် ရီဇတ်ရာဘင်ထံ ဓားစာခံများကို အောင်မြင်ချောမောစွာ



www.burmeseclassic.com

www.burmeseclassic.com

ကယ်တင်နိုင်ခဲ့သည့်အတွက် ချီးကျူးဂုဏ်ပြုကြောင်း သံကြိုးစာတစ်စောင် ပေးပို့လိုက်လေသည်။

အကြမ်းဖက်သမားများလက်ဝယ် နေထိုင်ခဲ့ကြရသူ ဓားစာခံများအနက်မှ အမေရိကန်ပြည်ထောင်စုသား ဇနီးမောင်နှံ နှစ်ဦးက ပြင်သစ်လေကြောင်းကုမ္ပဏီကို လျော်ကြေးရလိုမှုဖြင့် တရားစွဲဆိုခဲ့သည်။ ပြင်သစ် လေကြောင်းကုမ္ပဏီက လေယာဉ်စီးခရီးသည်များအား လေယာဉ်အပိုင်စီးခံရမှုဘေးမှ ကင်းဝေးအောင် ကာကွယ်ရမည့် ဝတ္တရား ချွတ်ယွင်းခဲ့သောကြောင့်ဟု အကြောင်းပြသည်။ တရားစွဲဆိုသူမှာ အသက် (၂၈) နှစ် အရွယ်ရှိ အစုရှယ်ယာ အရောင်းအဝယ်လုပ်ငန်းရှင် မစ္စတာ ဂျော့ကာဖန်ကယ်လ်ဖြစ်ပြီး ဇနီးဖြစ်သူမှာ အသက်(၂၅) နှစ်အရွယ်ရှိ ရီနီ ဖြစ်သည်။

တနင်္ဂနွေတစ်ပတ်လုံး အကြမ်းဖက်သမားများလက်ဝယ် အထိတ်တလန့် ဆင်းဆင်းရဲရဲ နေထိုင်ရသဖြင့် ကျန်းမာရေး ချို့တဲ့မှုဒဏ်ကို ခံစားခဲ့ရခြင်းကြောင့် လျော်ကြေးအဖြစ် ဒေါ်လာငါးသန်း ရလိုမှုဖြင့် တရားစွဲဆိုသည်။ ၎င်းတို့နှစ်ဦး၏ ရှေ့နေကမူ ဇနီးမောင်နှံ နှစ်ဦးစလုံးမှာ အကြမ်းဖက်သမားများ ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံရမှုဖြင့် စိတ်ဓါတ်ထိခိုက်မှုအမျိုးမျိုး ခံစားနေရဆဲပင် ဖြစ်နေပါသည်ဟု ပြောကြားလိုက်သည်။

ဗြိတိသျှ ကွန်ဆာဗေးတစ် သတင်းစာဖြစ်သော ဒေးလီမိုင်ရာ သတင်းစာ အဆိုအရ ကင်ညာနိုင်ငံအား ယူဂန်ဒါနိုင်ငံက ဝင်ရောက်တိုက်ခိုက်မည့် ဘေးမှ ဟန့်တားနိုင်ရန် ဗြိတိသျှအစိုးရက ကင်ညာနိုင်ငံသို့ စစ်ရေးဆိုင်ရာ အထောက်အကူ လက်နက်များ မကြာမီရက်အတွင်း ပေးပို့ ထောက်ပံ့တော့မည်ဟု သိရသည်။

ဗြိတိန်နိုင်ငံက ခဲယမ်း မီးကျောက်များ၊ လက်နက်များ၊ လေယာဉ် အစိတ်အပိုင်းများကို မကြာမီရက်အတွင်း ပေးပို့မည်ဟု ကင်ညာသမ္မတ ဂျိုမိုကင်ညာတာအား ပြောကြားခဲ့ပြီးဖြစ်ရာ ယူဂန်ဒါနိုင်ငံက စတင်တိုက်ခိုက်မှု



www.burmeseclassic.com

www.burmeseclassic.com
မပြုလုပ်သရွေ့ ဗြိတိန်နိုင်ငံက ထောက်ပံ့သော စစ်လက်နက်ပစ္စည်းများကို သုံးစွဲခြင်း ပြုမည် မဟုတ်ကြောင်းဖြင့်လည်း ကင်ညာသမ္မတက ဗြိတိန်နိုင်ငံနှင့် သဘောတူညီမှု ပြုလုပ်ထားပြီ ဖြစ်ကြောင်း ဒေးလီမိုင်ရာက တဆက်တည်း ဖော်ပြလိုက်လေသည်။

## အခန်း ( ၁၁ )

### စကားတင်း ဆိုပြီ။

အင်တက်ဘီ လေဆိပ်မှ အစ္စရေး ဓားစာခံများအား အစ္စရေး ကွန်မန်ဒိုများ၏ ကယ်တင်မှု ရှုတ်ချပြစ်တင်မှု များလည်း ရှိခဲ့ပေသည်။ ယူဂိုစလပ်မှ နာမည်ကြီး သတင်းစာ ပိုလီတီကာကမူ အစ္စရေးတို့သည် နိုင်ငံနှင့်ချီ၍ အကြမ်းဖက်မှု တစ်ရပ် ကျူးလွန်ခဲ့လေပြီဟု ရေးသား ဖော်ပြလိုက်လေသည်။ အင်တက်ဘီလေဆိပ်မှ အစ္စရေး ဓားစာခံများကို လျှပ်တပြက် စစ်ဆင်ရေးဖြင့် ကယ်တင်ခဲ့ပုံမှာ ကမ္ဘာတဝှန်းလုံး လုံခြုံမှု နည်းပါးသွားပြီဆိုသော အချက်ကို ပြနေပြီဟုဆိုလိုက်သည်။ မကောင်းမှု တစ်ခုသည် မကောင်းမှု အသစ်တစ်ခုကို မွေးဖွားပေးခဲ့လေပြီဟု ဝေဖန် ဖော်ပြလိုက်သည်။ အင်တက်ဘီ လေဆိပ်မှ ပြန်ပေးမှုနှင့် လေယာဉ်အပိုင်စီးမှုသည် လွတ်လပ်သော နိုင်ငံတစ်ခုအပေါ် ရန်လိုမှုနှင့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု တစ်ခုအဖြစ်သို့ ပြောင်းလဲ ဖြစ်ပေါ်ခဲ့ရလေပြီဟု ရေးသား ဖော်ပြလိုက်လေသည်။

ယူဂိုစလပ်နိုင်ငံသည် (၁၉၆၇) ခုနှစ် အရှေ့ အလယ်ပိုင်းစစ်ပွဲ၏ နောက်ပိုင်းတွင် အစ္စရေးနိုင်ငံနှင့် သံတမန်အဆက်အသွယ် ဖြတ်ခဲ့ပြီး ပါလက်စတိုင်း လွတ်မြောက်ရေး လှုပ်ရှားမှုကို ထောက်ခံခဲ့လေသည်။ လေယာဉ်ပြန်ပေးဆွဲမှု၊ နိုင်ငံတွင်း အကြမ်းဖက်မှု ဖြစ်ပေါ်လာရာတွင် နောင်သောအခါ ဘယ်သူနှင့်ဘယ်လို ပြဿနာ ဖြစ်လာဦးမည်နည်းဟူသော မေးခွန်းမှာ မေးဖွယ်ရာပင် ဖြစ်နေလေပြီဟု


www.burmeseclassic.com

www.burmeseclassic.com

ဝေဖန်သွားပါသည်။ တရားဝင် ယူဂန်ဒါအစိုးရအနေဖြင့် စစ်ရေးအရ ကျူးလွန်စော်ကားမှုသည် မည်သည့်နည်းနှင့်မှ တရားမျှတသော လုပ်ရပ်ဟု မဆိုနိုင်ပါပေ။ ယင်းလုပ်ရပ်ကြောင့် ဥရောပတိုက်ကြီးသည် အမှောင်လွှမ်းသော ခေတ်၌ပင် ရှိနေသေးသလောဟု ထင်မြင်မိပါသည်ဟု ရေးသား ဖော်ပြလိုက်ပေသည်။

သီရိလင်္ကာအစိုးရကမူ အိမ်နီးချင်းနိုင်ငံများနှင့် ယူဂန်ဒါနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်မှုကို ထိပါးလိုက်ခြင်းသာ ဖြစ်ကြောင်းဖြင့် အစ္စရေးတို့၏ အင်တက်ဘီ လျှပ်တပြက် ကယ်ဆယ်ရေးကို ရှုတ်ချလိုက်လေသည်။ ဓားမြလုပ်ရပ်မျိုးသာ ဖြစ်သည်။ လူဆိုးဂိုဏ်းတို့၏ လုပ်နည်း လုပ်ဟန်အတိုင်း အင်တက်ဘီလေဆိပ်မှ ဓားစာခံများအား ကယ်တင်ခဲ့ခြင်း ဖြစ်သည်ဟု ပရာဗဒါ သတင်းစာက အစ္စရေးတို့၏လုပ်ရပ်ကို အပြစ်တင်လိုက်ပြန်သည်။ ပရာဗဒါသတင်းစာ ဝေဖန်ရေးသမား ယူရီဂူးကောဗ်က အင်တက်ဘီလေဆိပ်မှ အစ္စရေး ကွန်မန်ဒိုတို့၏ စွမ်းရည်ပြပွဲသဖွယ်သာ ဖြစ်ခဲ့ရပေပြီဟု ရေးသား ဖော်ပြလိုက်သည်။

ကုလသမဂ္ဂ အတွင်းဝန်ချုပ် ကွတ်ဝေါဟိမ်းကလည်း အစ္စရေးလုပ်ရပ်မှာ ယူဂန်ဒါနိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်ဆိုင်မှုကို ထိပါးရာရောက်ကြောင်း ပြောကြားခဲ့သည့်နည်းတူ အခြားနိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကလည်း ပြစ်တင် ရှုတ်ချနေကြပြီသာ ဖြစ်ကြောင်းဖြင့် ကိုးကား ဖော်ပြထားသည်။

ဟောင်ကောင်မှ ပေးပို့သောသတင်းအရ ပီကင်း၏ တရုတ်ပြည်သစ် သတင်း အေဂျင်စီက အင်တက်ဘီ လေဆိပ်၌ အစ္စရေးတို့၏ လျှပ်တပြက် ကယ်ဆယ်မှု အပေါ်တွင် “အစ္စရေးတို့၏ ရန်လိုမှု” ဟု သတ်မှတ် ဖော်ပြကြောင်း သိရသည်။ ယူဂန်ဒါအစိုးရ၏ ကျေညာချက်ကို ကိုးကားပြီးလျှင် အင်တက်ဘီ လေဆိပ်၌ အရာရှိနှင့်


www.burmeseclassic.com

www.burmeseclassic.com

ယူဂန်ဒါ တပ်မတော်သားများ၊ လေယာဉ်များ အများအပြား ပျက်စီးခဲ့ရလေသည်ဟု ဖော်ပြခဲ့လိုက်သည်။

အာဖရိက ညီညွတ်ရေးတပ်ပေါင်းစု (အိုအေယူ) က အစ္စရေးအား ရန်လိုသူအဖြစ် သတ်မှတ်ကြောင်း ဆုံးဖြတ်ချက်ပါ ကိုးကား ဖော်ပြခဲ့သည်။ သတင်းအေဂျင်စီသည် ပြင်သစ်လေယာဉ်ကို ပါလက်စတိုင်းတို့က ပြန်ပေးဆွဲခြင်းနှင့် အင်တက်ဘီ လေဆိပ်တွင် လျှပ်တပြက် ဝင်ရောက်တိုက်ခိုက်၍ ဓားစာခံများအား ကယ်တင်ခဲ့ပုံကို ဖော်ပြခြင်းမရှိကြောင်းဖြင့် ဟောင်ကောင် အေအက်ဖ်ပီ သတင်းထောက်က ထပ်ဆင့် ရေးသားဖော်ပြလိုက်လေသည်။

ပြင်သစ်နိုင်ငံမှ ကွန်မြူနစ်အာဘော် "ဟူးမင်းရိုက်" လူ့အခွင့်အရေး သတင်းစာကမူ အစ္စရေးတို့က အင်တက်ဘီကို ဝင်ရောက် တိုက်ခိုက်မှုသည် တရားသောလုပ်ရပ် မဟုတ်ခဲ့ပါဟု ဝေဖန် ရေးသားလိုက်ပြန်သည်။

အစ္စရေးတို့၏ လုပ်ရပ်ကို ချီးကျူးနေသော အခြားနိုင်ငံများ၊ အစိုးရအဖွဲ့များမှာလည်း လူကြီးလူကောင်း မပြီသသော လုပ်ရပ်ကိုသာ လုပ်နေခြင်းဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေဆိုသည်မှာ ယခုအခါ ဘာမှမဟုတ်တော့၊ စက္ကူစုတ်သာ ဖြစ်နေလေပြီ။ အစ္စရေးတို့၏ တိုက်ခိုက်မှုကို ခွင့်လွှတ်နိုင်ဖွယ်ရာ မရှိ၊ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအနေဖြင့် ကြားဝင် ဆွေးနွေး စေ့စပ်ပေးမှုကြောင့် ဓားစာခံ တစ်ဝက်လောက်ပင် လွတ်မြောက်ခဲ့သည်မှာ သာဓကရှိနေသည်ဟု ပြင်းပြင်းထန်ထန် ဝေဖန်လိုက်လေသည်။ ပြင်သစ်လေကြောင်း လေယာဉ်မှူးများအသင်းက အစ္စရေး ကွန်မန်ဒိုများ၏ လုပ်ဆောင်ချက်သည် အရှုံးနှင့် ရင်ဆိုင်တွေ့ကြုံရဖွယ်ရှိပြီး ပိုမိုဆိုးရွားသော ဖြစ်ရပ်မျိုး ဖြစ်ပျက်လာစေနိုင်သည်ဟု ဝေဖန်လိုက်သည်။ သို့သော် တစ်ချိန်တည်းမှာပင် ယခုတွေ့ကြုံရသော လေယာဉ်အပိုင်စီးမှုမျိုး


www.burmeseclassic.com

www.burmeseclassic.com
မကြုံတွေ့ရအောင် တင်းကြပ်သော လုံခြုံရေးအစီအစဉ်များ ပြုလုပ်ပေးရန် တောင်းဆိုကြောင်းဖြင့် ကျေညာချက် ထုတ်ပြန်လိုက်လေသည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံဖြစ်သော ယူဂန်ဒါနိုင်ငံ၏ အင်တက်ဘီ လေဆိပ်သို့ အစ္စရေးတို့ ဝင်ရောက် တိုက်ခိုက်မှုသည် ပါကစ္စတန်နိုင်ငံအဖို့ တုန်လှုပ်ချောက်ခြားဖွယ်ရာအတိ ဖြစ်စေခဲ့ပါသည် ဟူသော ထင်မြင်ချက်များမှာ ပါကစ္စတန်နိုင်ငံ၌ လွှမ်းမိုးသွားလေသည်။

အစိုးရ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးကမူ အစ္စရေးတို့သည် အာဖရိကတိုက်နှင့် အာရပ်လူမျိုးတို့၏ အသက်ကို လေးစားသမှုပြုရာ၌ ချွတ်ယွင်း ပျက်ပြယ်ခဲ့ရပါလေပြီ။ သမ္မတအီဒီအမင်သည် ကြားလူဖြစ် စေ့စပ်ဆောင်ရွက်နေသဖြင့် ဓားစာခံ (၁၅၀) ခန့်ပင် လွတ်မြောက်ခဲ့ပြီး ဖြစ်ပြီး အစ္စရေးတို့၏ ရန်လိုမှုမှာ တုန်လှုပ်ဖွယ်ရာအတိ ဖြစ်ခဲ့ပါချေပြီ။ ပါကစ္စတန်နိုင်ငံသည် ယူဂန်ဒါအစိုးရနှင့်၄င်း၊ ပြည်သူများနှင့်၄င်း၊ တသားတည်း ပေါင်းစည်းညီညွတ်မှု ရှိနေပါသည်ဟု ဖေါ်ပြရေးသားလိုက်သည်။

အချုပ်အခြာ အာဏာပိုင်ဆိုင်မှုနှင့် နိုင်ငံတစ်ခု၏ နယ်မြေကို ကျူးကျော်စော်ကားမှုသာ ဖြစ်၍ အစ္စရေးတို့၏လုပ်ရပ်ကို တရားမျှတသော လုပ်ရပ်ဟု မထင်မှတ်နိုင်ကြောင်း ဟူသော အယူအဆကို မလေးရှားနိုင်ငံက လက်ခံထားသည်။ မလေးရှား နိုင်ငံခြားရေးဌာနကမူ မည်သို့ပင် အကြောင်းပြစေကာမူ အစ္စရေးတို့၏ လုပ်ရပ်သည် အပြည်ပြည်ဆိုင်ရာ လေယာဉ်အပိုင်စီးခံရမှုကို ကာကွယ်ဖြေရှင်းမှု အတွက် နည်းလမ်းကောင်းတစ်ခု မဟုတ်ခဲ့ပါပေဟု ပြောကြား ထုတ်ပြန်လိုက်လေသည်။ အမျိုးသားသတင်း အေဂျင်စီ "ဘာနာမာ" ကမူ အစ္စရေးတို့၏ လုပ်ရပ်သည် အစဉ်အလာဖြစ်စေမည့် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု ဖြစ်လာစေပြီး အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေးနှင့် လုံခြုံမှုကို ထိခိုက်လာစေနိုင်မည်။ ယင်းလုပ်ရပ်များကို ရပ်တန်းကရပ်သင့်ပြီဟု ရေးသား ဖေါ်ပြလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com

အီးအယ်လ်အက်ဖ်ခေါ် အီရိတြီးယန်း လွတ်မြောက်ရေးတပ်ဦးက အီသီယိုးပီးယားနိုင်ငံအား အစ္စရေး လေယာဉ်ပျံများကို အီရိတြီးယန်း၌ ရပ်နားခွင့်ပေးမှုနှင့် ပတ်သက်၍ ပြစ်တင် ဝေဖန်လိုက်လေသည်။ အစ္စရေး ကွန်မန်ဒိုများ အသုံးပြုသော လေယာဉ်ကြီးများကို အီသီယိုးပီးယားနိုင်ငံ အက်စ်ပါရာရှိ အီရိတြီးယန်း လေဆိပ်ကို အသုံးပြုခွင့် ပေးခဲ့သည်ဟုဆိုခြင်းနှင့် ပတ်သက်၍ တိကျသော သတင်း ရရှိခဲ့ပါသည်ဟု အီးအယ်လ်အက်ဖ်ခေါင်းဆောင် ဆာလေဆာဘေက ထုတ်ဖော် ပြောကြားလိုက်လေသည်။

ဟောင်ကောင်က ထုတ်ဝေနေသော ကွန်မြူနစ်လိုလားသည့် "ဝမ်ဝေပို" သတင်းစာကမူ အင်တက်ဘီ လေဆိပ်မှ ဓားစာခံ (၁၀၀) ကျော် လွတ်မြောက်ရေး အတွက်၊ အစ္စရေးနိုင်ငံ၏ ကြိုးပမ်းမှုကို အမေရိကန် ပြည်ထောင်စုနှင့် ဆိုဗီယက် ပြည်ထောင်စုတို့က၊ ကူညီခဲ့သည်ဟု စွပ်စွဲ ရေးသားဖော်ပြလိုက်လေသည်။

ရန်လိုမှုသည် တရားမျှတမှု ရှိသည်ဆိုခြင်းမှာ ဓါးမြလုပ်တန်းစား၏ ဆင်ခြေဆင်လက်သာ ဖြစ်သည်။ လေယာဉ်အပိုင်စီးမှုနှင့် ဆက်နွယ်နေသော မည်သည့် နိုင်ငံမဆို စစ်ရေးအရ ဝင်ရောက် တိုက်ခိုက်ခံရမည့်ဘေးမျိုး ကြုံတွေ့ နေရစဖွယ် ဖြစ်နေပေပြီ။

ယူဂန်ဒါအာဏာပိုင်များက လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများအား ကူညီခဲ့သည်ဆိုသော အကြောင်းပြချက်ဖြင့် အစ္စရေး ကွန်မန်ဒိုများက ဝင်ရောက် တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ မိုင်ပေါင်းထောင်ကျော် ဝေးကွာသော နိုင်ငံ၏ အချုပ်အခြာ အာဏာပိုင်များအား ထိပါးရန်လိုမှုကို အစ္စရေးနိုင်ငံငယ်ကလေးက ဘာကြောင့်များ လုပ်ရဲပါသနည်းဟု "ဝမ်ဝေပို" သတင်းစာက ဝေဖန်ရေးသားကာ မေးခွန်း ထုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

(အိုအေယူ) ကွန်ဖရင့်မှ ပြန်လာသော အိဂျစ် ဒုသမ္မတ ဟော့စနီမူသာရက်ကမူ ယူဂန်ဒါနိုင်ငံတွင် အချုပ်အခြာအာဏာပိုင်မှုနှင့် အာရပ်နိုင်ငံများအား ထိပါးမှု အတွက် ယင်းရန်လိုမှု အပေါ်တွင် ပိုမိုတင်းမာသော သဘောထားကို ထားရှိ လိုက်နာဆောင်ရွက်ရန် လိုအပ်နေပြီဟု ထုတ်ဖော် ပြောကြားလိုက်လေသည်။ (အိုအေယူ) ကွန်ဖရင့်တွင်လည်း အာရပ်တို့အား အကြွင်းမဲ့ ထောက်ခံရန် ဆန္ဒပြခဲ့ပြီး ဖြစ်လေသည်ဟု ပြောကြားသွားသည်။

အီတလီ ကွန်မြူနစ်ပါတီက နိုင်ငံအစိုးရအနေဖြင့် အစ္စရေး ကွန်မန်ဒိုများ၏ လုပ်ရပ်ကို ရှုတ်ချရန် တောင်းဆိုလိုက်ပေသည်။ အီတလီအစိုးရကမူ ဘာမှမပြောပဲ ရေငုံနှုတ်ပိတ်လုပ်နေသည်။ ဇမ်ဘီယာ နိုင်ငံခြားရေးဝန်ကြီး၊ ဒေါက်တာ စစ်တဲဗွာလီက ဇမ်ဘီယာနိုင်ငံအနေဖြင့် မည်သည့် (အိုအေယူ) အဖွဲ့ဝင်နိုင်ငံကိုမဆို ဝင်ရောက် တိုက်ခိုက်ခံရမှုအတွက် ရှုတ်ချသည်။ ယူဂန်ဒါနိုင်ငံ ပြည်သူတို့နှင့် တသားတည်း ရှိနေမည်ဖြစ်ပြီး ယခုအရေးအခင်းနှင့် ပတ်သက်၍ ယူဂန်ဒါ ပြည်သူတို့အား ကူညီမည်ဟု ပြောကြားလိုက်လေသည်။ လစ်ဘီးယားနိုင်ငံကလည်း အလားတူပင် ယူဂန်ဒါ ပြည်သူတို့နှင့် တသားတည်း ရှိနေပါမည်ဟု ထုတ်ဖော် ပြောလိုက်လေသည်။ ဘစ်ဘီးယားနိုင်ငံအကြီးအကဲ မောဖာကဒတ်ဖီးက အင်တက်ဘီလေဆိပ်၌ ကျဆုံးခဲ့ရသူ စစ်သားများ၏ မိသားစုထံ ဝမ်းနည်းကြောင်း သဝဏ်လွှာပို့ ခဲ့သည်။

## အခန်း ( ၁၂ )

### အကြမ်းဖက်သမားများ

ပြင်သစ် တန်ပြန်ထောက်လှမ်းဌာန၏ ကြိုးပမ်းချက်အရ အင်တက်ဘီ လေယာဉ်အပိုင်စီးမှု အကြမ်းဖက်သမား ခေါင်းဆောင် ဝီလ်ဖရက်ဒ်ဘိုဇ်မှာ


www.burmeseclassic.com

www.burmeseclassic.com

အကြမ်းဖက်သမား လောကအတွင်း၌ ကာလို့စ်ဟု နာမည်ကြီးနေသူ၏ အပေါင်းအသင်း တစ်ဦးဖြစ်ကြောင်း သိရှိခဲ့ရသည်။ အင်တက်ဘီ လေဆိပ်မှ အကြမ်းဖက်သမား ခုနစ်ဦးအနက်မှ သုံးဦးမှာ ပါလက်စတိုင်း လွတ်မြောက်ရေး ပေါ်ပြူလာဖရန် (ပီအယ်ဖ်အယ်လ်ပီ) ခေါင်းမာသောအုပ်စုမှ ဖြစ်သည်ဟု ဆိုသည်။ တစ်ဦးမှာ ပါလက်စတိုင်းလူမျိုး၊ အသက် (၃၈) နှစ်ရှိ "အယ်လ်အာဂျာဂျေလ်နာဂျီ" ဖြစ်သည်။ ၎င်းတို့၏ လောကအတွင်း၌ "အယ်လ်အာဖာဂေးလ်" ဟု အမည်တွင်သည်။ နောက်တစ်ဦးမှာ အသက် (၄၆) နှစ်ရှိ "ဂျာဘာဟာတ်ဂျ်ဖေဇ်အတ်ဒါရာဟင်" ဖြစ်သည်။ ၎င်းတို့၏ လောကတွင် "အဘူနာဖတ်" ဟု အမည်တွင်သည်။ ကျန်တစ်ဦးမှာ အီရတ်နိုင်ငံသား အသက် (၄၃) နှစ်ရှိ "အဘိုအာလ်လတစ်ဖ်" ဖြစ်သည်။

ဘိုစီအား (၁၉၇၅) ခု ဇွန်လ (၂၅) ရက်နေ့တွင် ပြင်သစ်နိုင်ငံမှ ပြည်နှင်ဒဏ် ပေးခဲ့ပြီး ဖြစ်သည်။ ၎င်း၏အပေါင်းအသင်းဖြစ်သော ကာလို့စ်ဟု နာမည်ကြီး နေသော "အီလစ်ချရာမီရပ်ဆံချေ" က ပြင်သစ်စုံထောက်နှစ်ဦးနှင့် လီဘာနွန် ကချေသည်တစ်ဦးအား ပဲရစ်မြို့၌ ပစ်မသတ်ခင် နှစ်ရက်အလိုတွင် ဘီစီသည် ပြင်သစ်နိုင်ငံမှ ထွက်ခွာသွားခဲ့ရလေသည်။ ကာလို့စ်သည်၊ အိုပက် ရေနံဝန်ကြီးများကို ပြန်ပေးဆွဲခဲ့သော အဖွဲ့ခေါင်းဆောင်ဖြစ်သည်ဟု ဩစတြေးလျ ရဲအဖွဲ့က ယုံကြည်နေသည်။ (၁၉၇၅) ခုနှစ် ဒီဇင်ဘာလ ခရစ်စမတ်ပွဲတော်အတွင်း ဗီယာနာ၌ ကျင်းပနေသော ရေနံတင်ပို့ ရောင်းချမှုနိုင်ငံများအဖွဲ့ (အိုပက်) အစည်းအဝေးလုပ်နေစဉ် ရေနံဝန်ကြီးများ ပြန်ပေးဆွဲခံခဲ့ရခြင်း ဖြစ်လေသည်။

ပြင်သစ်လေယာဉ် ပြန်ပေးဆွဲစဉ်က အပြာရင့်ရောင် စကာဒ်၊ အပြာနုရောင်ဘလောက်စ်၊ အပြာရောင်ခြေအိတ် ဝတ်ဆင်ကာ ဆံပင်တုတပ်ထားသော အမျိုးသမီးငယ်တစ်ဦးသည် ဆံပင်တုကြီးကို လက်တဖက်က ထိန်းကိုင်ရင်း

www.burmeseclassic.com

လက်တစ်ဖက်က လက်ပစ်ဗုံးတကားကားနှင့် ခရီးသည်များကို ကြိမ်းမောင်း ထိန်းသိမ်းခဲ့သည်။

ယင်းအမျိုးသမီးအား "ဟာလီမာ" ဟု အဖော်ဖြစ်သူ အကြမ်းဖက်သမားများက ခေါ်ကြသည်။ ဟာလီမာဟု အခေါ်ခံရသူ အမျိုးသမီးသည် အနောက်ဂျာမနီနိုင်ငံသူ ဖြစ်ဖွယ်ရှိသည်ဟု ပြင်သစ် တန်ပြန်ထောက်လှမ်းရေးသမားများက ယူဆနေကြသည်။ ကျန်သော အကြမ်းဖက်သုံးဦး၏ အမည်ကိုမူ ထုတ်ပြန်ခြင်း မပြုကြပါပေ။

ပါလက်စတိုင်းလွတ်မြောက်ရေး ပေါ်ပြူလာ တပ်ဦးခေါင်းဆောင် ဂျော့ဟာဘာရှ်ကမူ ပြင်သစ်လေယာဉ်ပျံကို အင်တက်ဘီသို့ ဖွန်လ (၂၇) ရက်နေ့ က ပြန်ပေးဆွဲသွားသော အကြမ်းဖက်သမားများမှာ အချိန် အတန်ကြာလောက်ကပင် ပီအက်ဖ်ဘာယ်လ်ပီအုပ်စုမှ ခွဲထွက်သွားသောသူများပင် ဖြစ်ကြောင်း လေယာဉ် အပိုင်စီးမှုမှာ မိမိတို့နှင့် မသက်ဆိုင်ကြောင်းဖြင့် ဘေးရွတ်မြို့၌ မန်းဒေးမောနင်း သတင်းစာက ထုတ်ဖော် ပြောကြားလိုက်လေသည်။ ယခု လေယာဉ် အပိုင်စီးသူတို့မှာ ဝါဒီဟာဒစ်၏ နောက်လိုက်များ ဖြစ်ဖွယ်ရာရှိသည်ဟု မှတ်ချက်ပေးလိုက်သည်။ ပီအက်ဖ်အယ်လ်ပီအုပ်စုသည် လေယာဉ်အပိုင်စီးမှု လုပ်ငန်းအာလုံးကို ရပ်ဆိုင်းထားသည်မှာ ကြာပြီဖြစ်ကြောင်း၊ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ပြီး နောက်ကြောင်း ပြန်လျှောက်မည်မဟုတ်ပါဟု ရှင်းပြသည်။ အကြမ်းဖက် ခေါင်းဆောင် ဟာဘာရှ်နှင့် ဟာဒစ်တို့မှာ (၁၉၇၄) ခုနှစ်အတွင်းက လေယာဉ်အပိုင်စီးအကြမ်းဖက်လုပ်ငန်းများ လျှော့ပေါ့ရန် စဉ်းစားရာမှ တစ်ဦးနှင့်တစ်ဦး သဘောကွဲလွဲခဲ့ ကြလေသည်။

(၁၉၇၆) ခု ဖွန်လအတွင်းက အမေရိကန်သံအမတ်ကြီး ဖရန်စစ်အီမလွိုင် (ဂျူနီယာ) ပြန်ပေးဆွဲခံရပြီး အသတ်ခံရမှုသည် ဟာဒစ်နှင့် ဆက်နွယ်မှု ရှိနေသည်ဟု ဥရောပတိုက်မှ သတင်းစာများက ညွှန်ပြလိုက်သည်။ ဝါဒစ်ဟာဒစ်သည် မူလက ပီအက်ဖ်ဘာယ်လ်ပီတွင် နိုင်ငံခြားရေးဆိုင်ရာ အော်ပရေးရှင်း ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်လေသည်။ (၁၉၇၀) ခုနှစ်တွင် လေယာဉ်ပျံများကို အကြမ်းဖက်အပိုင်စီးကာ ဂျော်ဒန်နိုင်ငံသို့ ခေါ်ဆောင်သွားသည့် ကိစ္စတွင် ဦးစီးဦးဆောင် ဖြစ်ခဲ့သည်။ ကူဝိတ်နိုင်ငံတွင် ရှိနေသော ပီအက်ဖ်အယ်လ်ပီအုပ်စုက ယခု ပြင်သစ် လေယာဉ်ပြန်ပေးဆွဲမှုမှာ ၄င်းတို့၏ လက်ချက်ဖြစ်သည်ဟု ထုတ်ဖော် ပြောကြား လိုက်သည်။

ယင်းပြောပြချက်နှင့် ပတ်သက်ပြီး ဘယ်သူဖြစ်ဖြစ် ပီအက်ဖ်အယ်လ်ပီနှင့် ပတ်သက်သည်ဟု ပြောနိုင်ကြောင်း၊ ယင်းမှာ နောက်က ကြိုးကိုင် အကြံပေးသူများ၏ မျက်စိလှည့်စားသည့် ကျေညာချက်ပင် ဖြစ်ကြောင်းဖြင့် ဟာဘာရှိကရှင်းပြသည်။ “မိမိတို့သည် လေယာဉ်အပိုင်စီး အကြမ်းဖက်လုပ်ငန်းမျိုးကို ရပ်ဆိုင်းခဲ့သည်မှာ ကြာပါပြီ။ ဒီလုပ်ငန်းဟာလည်း ပါလက်စတိုင်း လွတ်မြောက်ရေးအတွက် အကျိုးမပြုပါ” ဟု ဂျော့ဟာဘာရှိက ဆက်လက်ရှင်းပြသွားသည်။

## အခန်း ( ၁၃ )

### အပိုင်စီးလေယာဉ်မှုပိုင်းလော့

အေသင်လေဆိပ်မှ လေယာဉ်ထွက်သည်မှာ ရှစ်မိနစ်သာ ရှိသေးသည်။ ခရီးသည်အခန်းက ဆူဆူညံညံ။ လေယာဉ် မီးလောင်ပြီဟု ထင်လိုက်မိသည်။ လေယာဉ်အင်ဂျင်နီယာ ထိုင်နေရာမှထ၍ ခရီးသည်အခန်းသို့ ကြည့်လိုက်ရာ အကြမ်းဖက်သမား ခေါင်းဆောင် ဂျာမန်နှင့် မျက်နှာချင်း ဟပ်မိလျက်သား ဖြစ်သွားသည်။ သူ့လက်ထဲတွင် ပစ္စတိုနှင့်လက်ပစ်ဗုံး။ ကိုယ့်နေရာကိုယ် ပြန်ထိုင်ရန် အမိန့်ပေးခံရသဖြင့် အင်ဂျင်နီယာမှာ စက်ခလုပ်ခုံ၌ ပြန်ထိုင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com

အကြမ်းဖက်ခေါင်းဆောင်က လေယာဉ်ဦးခန်းထဲ၌ နေရာယူသည်။ လက်ထောက် လေယာဉ်မှူးကို အပြင်ထွက်စေပြီး ခရီးသည် (၂၄၁) ဦးအား အထိတ်တလန့် မဖြစ်စေရန် တတ်နိုင်သလောက် ကြိုးစားစေခဲ့သည်။ အကြမ်းဖက်ခေါင်းဆောင်သည် အင်တက်ဘီလေဆိပ် ရောက်သည်အထိ လေယာဉ်ဦးခေါင်းပိုင်းကို အပိုင်စီးထားသည်။ အကြမ်းဖက်သမား လေးဦးမှာ အေသင် လေဆိပ်မှ တက်ရောက်လာပြီး အင်တက်ဘီ လေဆိပ်၌ နောက်ထပ် ပါလက်စတိုင်း သုံးဦးက အင်အားဖြည့်လေသည်။

လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများကသာ ဓားစာခံများကို စောင့်ကြပ်ကြသည်။ ယူဂန်ဒါ စစ်သားများက ဓားစာခံများအားထားသည့် လေဆိပ်ခန်းမဆောင် အဟောင်းကြီး၏ ပြင်ပကသာ ဝိုင်းရံ စောင့်ကြပ်ကြသည်။ ယူဂန်ဒါ အာဏာပိုင်များက မွေ့ရာ၊ စောင်၊ ခေါင်းအုံးများ ပေးသည်။ ဓားစာခံ (၁၄၇) ဦး ပြန်လွှတ်ပေးသောအခါမှ ကျန်ဓားစာခံများအဖို့ အနည်းငယ် အနေချောင်လာသည်။ ခြေဆန့်၍ အိပ်လာနိုင်သည်။ အစားအသောက်များကို လေဆိပ် စားသောက်ခန်းမှ ပေးသည်။

ဆရာဝန်နှင့် ယူဂန်ဒါ သူနာပြုဆရာမများ လာရောက်ပြီး ဖျားနာသူများကို ကြည့်ရှု ကုသပေးသည်။ သမ္မတကြီးအမင် လာရောက်ပြီး နိုင်ငံအချို့မှ အာဏာပိုင်များနှင့် ဆက်သွယ်ဆောင်ရွက်နေကြောင်း ပြောကြားသည်။ သို့သော် စေ့စပ်ဆွေးနွေးမှု အခြေအနေကို ရှင်းပြခြင်း မပြုခဲ့ပါပေ။ လေယာဉ်ကပ္ပတိန်ကို လေယာဉ်ဆီသို့ သွားခွင့်မပြုပဲ လေယာဉ်ကို လေဆိပ်အဆောက်အဦးနားသို့ ရွှေ့ထားသည်။ ယူဂန်ဒါစစ်သားများက ဓားစာခံများ၏ လိုအပ်ချက်ကို ပြင်ပမှ သွားလာ ဆောင်ရွက်ပေးခဲ့သည်။ ဤနည်းဖြင့်ပင် အစာနင်သော မစွက်ဘလော့ချ်ကို ယူဂန်ဒါ စစ်သားများက ဆေးရုံတင်ပေးခဲ့ရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

အစ္စရေးတို့၏ လျှပ်စီးပြက် ကယ်တင်မှုမှာ စနေနေ့ ညသန်းခေါင်လောက်တွင် စတင်သည်။ တိုက်ပွဲမှာ (၁၂) မိနစ်လောက်သာ ကြာလိုက်မည် ထင်သည်။ တိုက်ပွဲ အတန်ကြာ ငြိမ်သက်သွားပြီး လေဆိပ်ခန်းမဆောင်ထဲ၌ ဟီဘရူးနှင့် အင်္ဂလိပ်စကားများ ပြောသံ ကြားလာရသည်။ ထိုအချိန်၌ လေယာဉ်ပိုင်းလော့မှာ ဓားစာခံ တော်တော် များများနှင့်အတူ အိမ်သာခန်းဆီသို့ သွားသောလမ်းကြားတွင် ရောက်နေသည်။

ဘရင်းဂန်းနှင့် လက်ပစ်ဗုံးများ ကိုင်ဆောင်ထားသော အစ္စရေး စစ်သားများက ဓားစာခံများအား အဝတ်အစား မြန်မြန် ဝတ်ခိုင်းသည်။ ယင်းနောက် လေယာဉ်ပျံ များဖြင့် အသင့်ယူလာသော ကားများပေါ် တက်ခိုင်းကာ အားလုံး လေယာဉ်ပျံဆီသို့ သယ်ဆောင်သွားလေသည်။

ဤစကားစုများမှာ အပိုင်စီးခံရသော ပြင်သစ်လေယာဉ်ဦးစီး (ပိုင်းလော့) အသက် (၅၂) နှစ်ရှိ မိုက်ကယ်ဘာကို့စ်က ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ရှင်းပြခဲ့ခြင်း ဖြစ်သည်။ ၎င်းအပါအဝင် လေယာဉ်ဝန်ထမ်း (၁၂) ဦးစလုံးက အခြားခရီးသည်များ ဆက်လက် ဖမ်းဆီးခြင်းခံထားရရွေ့ မိမိတို့ လွတ်မြောက်ရေးအတွက် စကားမဆိုပြီဟု အကြမ်းဖက်သမားအား ပြောကြားခဲ့ကြောင်းဖြင့် ပိုင်းလော့ဘားကို့စ်က ရှင်းပြခဲ့သည်။

သို့သော် လေယာဉ်ဝန်ထမ်း (၁၂) ဦးစလုံးကို အစ္စရေးနိုင်ငံ တယ်လ်အဗစ် လေဆိပ်မှ ပဲရစ်မြို့သို့ ဇူလိုင် (၄) ရက်နေ့ ညနေပိုင်းအရောက် ပြန်လည် ပို့ဆောင်ပေးခဲ့ရာတွင် လေဆိပ်၌ အဆိုပါ လေယာဉ်ဝန်ထမ်းများက ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့လေသည်။ ထိုကြေညာချက်ထဲ၌ "ကျွန်ုပ်တို့၏ လုံခြုံရေးနှင့် လိုအပ်ချက် ပစ္စည်းပစ္စယများနှင့် ပတ်သက်၍ အမြဲတမ်း စာနာစိတ်ထားခဲ့သော သမ္မတကြီး အမင်အား ကျေးဇူးတင်ပါသည်" ဟူသော စကားရပ်ပါဝင်သည်။

ယင်းစကားရပ်ကြောင့်ပင် အပိုင်စီးခံ လေယာဉ်ပိုင်းလော့က အထက်ပါအတိုင်း ရှည်လျားစွာ ပြန်လည်ရှင်းပြပြီးနောက် မိမိတို့ ပဲရစ်သို့ ပြန်ရောက်သည့် ညက မိမိမှာ



www.burmeseclassic.com

www.burmeseclassic.com

အသံမထွက်တော့သဖြင့် လေယာဉ်အင်ဂျင်နီယာက အဆိုပါ ကျေးဇူးတင်လွှာကို ဖတ်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ပိုင်းလော့ မစ္စတာဘာကို့စ်က ထည့်ရေးခိုင်းသည့်အကြောင်းမှာ "ယူဂန်ဒါ အာဏာပိုင်များက ဓားစာခံများအတွက် သင့်တင့်လျှောက်ပတ်သော ပစ္စည်းပစ္စယများနှင့် သက်သာသော အနေအထား ရှိစေရန်အတွက် ကြိုးပမ်းပေးခဲ့ကြပါသည်" ဆိုသော စာပိုဒ်သာ ဖြစ်ပေသည်ဟု ရှင်းပြလေသည်။

ပြင်သစ်သမ္မတကြီးကမူ လေယာဉ်ပိုင်းလော့ ကပ္ပတိန်ဘာကို့စ်အား "လီဂျင်အော့ဖ်အော်နာ" ဘွဲ့တံဆိပ် ချီးမြှင့်လိုက်ပြီး လေယာဉ် အပိုင်စီးခံထားရပြီးနောက် ဓားစာခံများနှင့်အတူ ထိန်းသိမ်းထားခံရသည့် ကာလတလျှောက်လုံး ခရီးသည်များနှင့်အတူ အနစ်နာခံနိုင်မှု၊ တည်ငြိမ်သော ရဲစွမ်းသတ္တိနှင့် ဂုဏ်သိက္ခာ ပြသနိုင်မှုတို့အတွက် လေယာဉ်ဝန်ထမ်း (၁၂) ဦးအား "အော်ဒါအော့ဖ်မဲရစ်" ဘွဲ့တံဆိပ် ချီးမြှင့်ခဲ့သည်။

## အခန်း ( ၁၄)

## စွပ်စွဲသူနှင့်စွပ်စွဲလိုသူ

"ဒီလိုလုပ်ရပ်က လူရိုင်းဆန်တယ်။ တရားမျှတမှု မရှိတဲ့ လုပ်ရပ်သာ ဖြစ်တယ်" ယူဂန်ဒါ နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဒုပိုလ်မှူးကြီး ဂျူမာအောရစ်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးတွင် ဤသို့ စတင်စွပ်စွဲ ပြောဆိုလိုက်သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေးကို ဇူလိုင် (၉) ရက်နေ့တွင် စတင်ကျင်းပသည်။ အစ္စရေး ဓားစာခံများအား ကယ်ဆယ်ပြီးသည့်နောက် ငါးရက်အကြာတွင် ဖြစ်သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေး ခေါ်ယူပေးရန် ယူဂန်ဒါနိုင်ငံက ပန်ကြားခဲ့ခြင်းကြောင့် ဖြစ်သည်။ ဆွေးနွေးကြမည့် နိုင်ငံများမှာ


www.burmeseclassic.com

www.burmeseclassic.com

ယူဂန်ဒါ၊ မော်ရစ်ရှ၊ မော်ရီတေးနီးယား၊ အစ္စရေး၊ ကာတာ၊ ပြင်သစ်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံများ ဖြစ်ကြသည်။

ယူဂန်ဒါ နိုင်ငံခြားရေးဝန်ကြီးက အင်တက်ဘီလေဆိပ်၌ ပျက်စီးဆုံးရှုံးခဲ့ရမှု အားလုံးကို အစ္စရေးနိုင်ငံက လျော်ကြေးပေးရန် တောင်းဆိုလိုက်သည်။ မိမိအစိုးရသည် လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိခဲ့ကြောင်း၊ ယူဂန်ဒါ သမ္မတကြီးသည် လူလူချင်း စာနာထောက်ထားသော စိတ်ဓါတ်ဖြင့်သာ ဓားစာခံများ လွတ်မြောက်ရေးနှင့် ဓားစာခံအဖြစ် နေထိုင်ကြသည့် အချိန်ကာလအတွင်း သက်တောင့်သက်သာ နေနိုင်ရအောင် အစွမ်းကုန် ကူညီခဲ့ခြင်း ဖြစ်ကြောင်း၊ ဇီယွန် ဝါဒသမား အစ္စရေးတို့သည် နယ်ချဲ့စနစ်ကို ရှေ့ရှုသည့် ယန္တရားတစ်ခုသာ ဖြစ်ကြောင်း၊ အင်တက်ဘီ လေဆိပ်သို့ ဝင်ရောက်တိုက်ခိုက်မှုကြောင့် ဆုံးရှုံးပျက်စီးနစ်နာမှု များပြားလှကြောင်း၊ လူ့အသက်ပေါင်းများစွာလည်း သေကြေခဲ့ရကြောင်း စသည်ဖြင့် အစ္စရေးနိုင်ငံအပေါ် စွပ်စွဲ ပြောကြားသွားသည်။

အစ္စရေးကိုယ်စားလှယ် ချိမ်ဟာဒေါဂ်က ဤသို့ ပြန်လည် တင်ပြသည်။ "မိမိသည် အစွပ်စွဲခံရသူဟု မထင်ကြောင်း၊ မကောင်းမှု ဒုစရိုက် အကြမ်းဖက် လုပ်ရပ်များက လူ့အဖွဲ့အစည်း၏ အေးချမ်းသာယာမှုကို ဖျက်ဆီးနေခြင်းအပေါ် မိမိကသာ စွပ်စွဲလိုသူအဖြစ် တင်ပြလိုကြောင်း" စသည်ဖြင့် ပြောကြားသွားသည်။

အင်တက်ဘီ လေဆိပ်တွင် ယူဂန်ဒါသမ္မတ အီဒီအမင်၏ ပူးပေါင်းပါဝင် စွက်ဖက်မှုဖြင့် ထိန်းသိမ်းထားခံရသော ဓားစာခံများ၏ လွတ်မြောက်ရေးအတွက် ကြိုးပမ်းရန် အခြားနည်းလမ်းများ မရှိတော့သည့်အတွက် ယခုလို ပြုလုပ်ရန် နောက်ဆုံး အချိန်ကျမှ ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း၊ သမ္မတအမင်၏ အမိန့်အရ ယူဂန်ဒါ စစ်သားများက ဂျူးလူမျိုးများနှင့် ဂျူးလူမျိုး မဟုတ်သူများကို ခွဲခြားနေပြီ ဟူသော သတင်းများကို တယ်လ်အဗစ်မြို့မှ ကြားသိနေရကြောင်း ပြောကြားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်ပြီး သမ္မတအီဒီအမင်သည် (၁၉၇၂) ခုနှစ်တွင် မြူးနစ် အိုလံပစ် အားကစားပွဲတော်၌ အစ္စရေး အားကစားသမားများကို သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ချီးကျူးခဲ့ရုံသာမက ဂျူးလူမျိုး သန်းပေါင်းများစွာကို သတ်ဖြတ်သုတ်သင်ပစ်ခဲ့သော ဟစ်တလာကိုလည်း ချီးကျူးခဲ့သူဖြစ်ကြောင်း... ထို့ကြောင့် အင်တက်ဘီ လေဆိပ်မှ ဓားစာခံများအား ကယ်ဆယ်ရန် အစ္စရေးနိုင်ငံအနေဖြင့် တာဝန်အရပင် လုပ်ကိုင်ခွင့်ရှိနေကြောင်း... လုံခြုံရေးကောင်စီအနေဖြင့် အစ္စရေးတို့၏ လျှပ်တပြက် ကယ်ဆယ်ရေး မစမီအချိန်ကလေးက ယူဂန်ဒါ ဆေးရုံသို့ တင်ပို့ထားရသော မစ္စက်ဘလော့ချ်ကို ယူဂန်ဒါနိုင်ငံက ပြန်ပို့ပေးရန် တောင်းဆိုသင့်ကြောင်း... အင်တက်ဘီလေဆိပ် လျှပ်တပြက် ကယ်ဆယ်ရေး စီစဉ်မှုတွင်၎င်း၊ လက်တွေ့ ကယ်တင်ရာတွင်၎င်း၊ မည်သည့်နိုင်ငံကမှ ပါဝင်ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း... အင်တက်ဘီ အော်ပရေးရှင်း တစ်ခုလုံးအတွက် အစ္စရေးနိုင်ငံ၏ တာဝန်လုံးဝ ဖြစ်ပါကြောင်းကို ပြောကြားသွားသည်။

တဖန် ဓားစာခံများအား အင်တက်ဘီလေဆိပ် ခန်းမဆောင်အဟောင်းထဲသို့ သွင်းအပြီးတွင် ယူဂန်ဒါသမ္မတ အီဒီအမင်က လေယာဉ်အပိုင်စီး အကြမ်းဖက်သမားများနှင့် လက်ဆွဲနှုတ်ဆက်ခြင်း၊ ဖက်လှဲတကင်းနေခြင်းတို့ကို တွေ့ရကြောင်းဖြင့် သတင်းများရရှိကြောင်း... အပိုင်စီးခံရသည့် လေယာဉ်ပျံကို အင်တက်ဘီ လေဆိပ်သို့ ဆင်းသက်စေလိုက်သည့် အချိန်တွင်လည်း ယူဂန်ဒါစစ်သားများနှင့် အတူရှိနေသော အကြမ်းဖက်သမား အာရပ်ငါးဦးသည် လေယာဉ်ပေါ်၌ ပါလာသော အကြမ်းဖက်သမားများအား ဖက်ရမ်း နမ်းရှုံ့ပြီး ဓားစာခံများကို စောင့်ကြပ်သည့်တာဝန်ကို ပူးတွဲထမ်းဆောင်ခဲ့ကြကြောင်း... မိမိတို့သည် စွပ်စွဲခံရမည့်ဖက်မှ မဟုတ်ပဲ ပျက်စီးယိုယွင်းကြမ်းတမ်းကာ သွေးဆာနေသော အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်သမားများ၏ လူ့ဘီလူးလုပ်ရပ်နှင့် ယင်းတို့ကို



www.burmeseclassic.com

www.burmeseclassic.com

အားပေးအားမြှောက် ပြုလုပ်နေသူများအပေါ် စွပ်စွဲ ပြစ်တင်လိုသူသာ ဖြစ်ကြောင်းကိုပါ ထည့်သွင်း ပြောကြားသွားသည်။

ဆက်လက်ပြီး အစ္စရေး ကွန်မန်ဒိုများ၏ လျှပ်တပြက် ကယ်တင်မှု စစ်ဆင်ရေးသည် ယူဂန်ဒါနိုင်ငံကို ရည်စူးဆောင်ရွက်ခြင်း မဟုတ်ကြောင်း... လေယာဉ်ကို အပိုင်စီးခဲ့သည့် အကြမ်းဖက်သမားများ၏ ခေါင်းဆောင် ဝီလ်ဖရက်ဒ် ဘိုစီသည် လေယာဉ်ပျံကို ယူဆောင်သွားရမည့် နေရာကို ရှေးမဆွကပင် သိရှိထားသူဖြစ်ကြောင်း... အင်တက်ဘီ လေဆိပ်သို့ အပိုင်စီးခံရသည့် လေယာဉ်ပျံကြီး ဆိုက်ရောက်သည့်အခါ အကြမ်းဖက် ဂျာမန်အမျိုးသမီးက အားလုံးအိုကေ... စစ်တပ်က လေဆိပ်ရောက်နေပြီဟု ဝမ်းသာအားရ အော်လိုက်ခြင်းကပင် သက်သေပြနေကြောင်း.. အကြမ်းဖက်သမားခေါင်းဆောင် ဘိုစီက ယခုအခါ မိမိတို့သည် လုံခြုံစိတ်ချသော နေရာသို့ ရောက်ခဲ့လေပြီဟု ခရီးသည်များအား ပြောကြားခဲ့သည်မှာလည်း အထောက်အထား တစ်ခုပင်ဖြစ်ကြောင်း... အင်တက်ဘီ လေဆိပ်သို့ အပိုင်စီး လေယာဉ်ပျံ မရောက်မီကတည်းကပင် မိမိတို့ လေယာဉ်ပျံကြီး ယခု ရောက်မည့် နေရာတွင် လေဆိပ်၌ မော်တော်ကားများဖြင့် လာရောက် ကြိုဆိုပါလိမ့်မည်ဟု ခရီးသည်များအား အကြမ်းဖက်သမားများက ကြိုတင် ပြောကြားခဲ့ကြောင်းကိုပါ ပြောကြားသည်။

တဖန် အပိုင်စီးခံရသည့် လေယာဉ်ပျံ ဆိုက်ရောက်လာသည်နှင့် တပြိုင်တည်း လိုလိုပင် မာစီးဒီးကားအနက်ကြီးသည် လေယာဉ်ရှိရာသို့ မောင်းနှင်လာကြောင်း... မာစီဒီးကားပေါ်တွင် ပါလာသူများအနက်မှ တစ်ဦးက လေယာဉ်အပိုင်စီး လုပ်ငန်းကို ထိုအချိန်မှစ၍ ဦးစီးဦးကိုင် ပြုလုပ်တော့မည်ဖြစ်ကြောင်း... ၎င်းကိုယ်တိုင်ပင် လေယာဉ်ပျံပေါ်သို့ တက်လာပြီး လေယာဉ်ပျံကို အပိုင်စီးခဲ့သည့် ခေါင်းဆောင်ဘိုစီနှင့် စကားပြောကြောင်း... ပြင်သစ်ကုမ္ပဏီတစ်ခုမှ အုပ်ချုပ်မှု ဆိုင်ရာ



www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာမိုက်ကယ်ကိုကျော့၏ ပြောစကားအရဆိုလျှင် အစားအသောက်များ ယူဆောင်လာသော လေဆိပ်ညွှန်ကြားရေးမှူးနှင့် တွေ့ဆုံရာ၌ ၄င်းအနေဖြင့် လေယာဉ်ဝန်ထမ်းများနှင့် ဓားစာခံများအတွက် အစားအသောက်များ ပြင်ဆင်နေရသည်ဟု ထုတ်ဖေါ် ပြောကြားခဲ့ကြောင်း သိရသည်။

၎င်းအချက်ကို ကြည့်ခြင်းအားဖြင့်လည်း အင်တက်ဘီ လေဆိပ်သို့ အပိုင်စီးခံရသော လေယာဉ် ရောက်ရှိလာမည်ကို အားလုံးက ကြိုတင် သိရှိထားပြီးသားဖြစ်သည်။ အင်တက်ဘီ လေဆိပ်သို့ ရောက်ရှိခဲ့ပြီးသည့် ပထမ (၂၄) နာရီအတွင်း အစောင့်တာဝန်ကို ယူဂန်ဒါစစ်သားများက ပြုလုပ်ခဲ့ကြောင်း၊ အကြမ်းဖက်သမား တစ်ယောက်မှ မတွေ့ရတော့ကြောင်း... အကြမ်းဖက်သမားများက ဓားစာခံများရှိရာသို့ ပြန်လည် ရောက်ရှိလာသောအခါမှ ယူဂန်ဒါစစ်သားများက အစောင့်တာဝန်ကို လွှဲပြောင်း အပ်နှံခဲ့ကြောင်း၊ ယင်းသို့ လွှဲအပ်သည်သာမက စက်သေနတ်များကိုပင် ပေးအပ်ခဲ့ကြောင်း... နောက်ရက်များတွင် ယူဂန်ဒါစစ်သားများက လေဆိပ်အဆောက်အဦးပြင်ပမှ တာဝန်ယူ စောင့်ရှောက် ကြကြောင်း၊ အများအားဖြင့် လေဆိပ်အဆောင် ပထမထပ်ကို ထူးထူးခြားခြား အာရုံစိုက်ကာ စောင့်ကြပ်ကြကြောင်း... ရေးချိုးခန်းသို့ သွားပြီး အပေါ့အလေး စွန့်လိုသူများအတွက် ယူဂန်ဒါစစ်သားများက အသွားအပြန် စောင့်ကြပ်မှု တာဝန်ယူခဲ့ကြောင်းကိုပါ ပြောကြားသည်။

ဆက်လက်ပီး အကြမ်းဖက်သမားများမှာ ကိုယ့်အိုးကိုယ့်အိမ်ပမာ သွားလိုရာ သွားလာလိုရာလာနှင့် လုပ်ချင်တိုင်း လုပ်နေနိုင်သည့် အခွင့်အရေးကို ရနေကြကြောင်း... အကြမ်းဖက်သမားများသုံးရန် ကားနှစ်စီး ပေးထားရာတွင် တစ်စီးမှာ ယူဂန်ဒါ စစ်ယူနီဖေါင်းဝတ် တစ်ဦးကိုယ်တိုင် မောင်းနှင်ပေးခဲ့သည်ကို တွေ့ရကြောင်း... အကြမ်းဖက်သမားများမှာ ယူဂန်ဒါမှ အကူအညီရနေသည်မှာ ထင်ရှားလှကြောင်း... လက်နက်ဆိုလျှင်လည်း စက်သေနတ် အလတ်စားများ ပစ္စတိုများနှင့် ဖေါက်ခွဲရန်



www.burmeseclassic.com

www.burmeseclassic.com

ယမ်းဘီလူးများ ရရှိခဲ့ကြောင်း စကားပြော ဆက်သွယ်ရေးကိရိယာပင် ရရှိထားသည်ကို တွေ့ရကြောင်း... အင်တက်ဘီလေဆိပ်ရောက်မှ အကြမ်းဖက်လုပ်ငန်းကို ဦးစီး လုပ်ကိုင်ခဲ့သူက စစ်ဆေးရန်လိုအပ်သော ဓားစာခံများကို ရွေးထုတ်ပြီး၊ ယူဂန်ဒါ စစ်သားများ၏ ရှေ့မှောက်၌ပင် စစ်ဆေးမေးမြန်းခဲ့ကြောင်း...

ယူဂန်ဒါသမ္မတ အမင်က လေဆိပ်သို့ ရောက်ရှိလာတိုင်း ဓားစာခံများရှေ့ မှောက်၌ အကြမ်းဖက်သမားများနှင့် တရင်းတနှီး နေထိုင်ပြောဆို ဆက်ဆံသည်ကို တွေ့ရကြောင်း... ဆွေးနွေးစေ့စပ်ရေး လုပ်ငန်းဆောင်ရွက်စဉ် သမ္မတအမင်သည် ပြင်သစ်သံအမတ်အား ဘေးဖယ်ထားပြီး အကြမ်းဖက်သမားနှင့် တိုက်ရိုက် ဆက်သွယ်... ပြောခွင့်မပေးခဲ့ကြောင်း... အကြမ်းဖက်သမားများနှင့် စကားပြောဆိုမှုကို သမ္မတအမင် တစ်ဦးတည်းကသာ ပြုလုပ်ခဲ့ကြောင်း... ဓားစာခံများ ထွက်ပြေးခြင်း မပြုရန် သမ္မတအမင်ကိုယ်တိုင်က သတိပေးကြောင်း... ဓားစာခံများ စိတ်ဓါတ် အားငယ်စေရန် လေဆိပ်ခန်းမဆောင် အပေါ်၌ ဂျက်လေယာဉ်နှစ်စင်းကို မကြာခဏ ဝဲပျံ၍ ပြကြောင်းကိုပါ ထည့်သွင်းပြောသွားသည်။

တဖန် ဓားစာခံများချုပ်နှောင်ထားသည့် လေဆိပ်ခန်းမဆောင်အနီးတွင် စက်သေနတ် အကြီးစားများ တပ်ဆင်ထားသော သံချပ်ကာ မော်တော်ကားများကို အသင့်ထားရှိခဲ့ကြောင်း... ၄င်းသံချပ်ကာ မော်တော်ယာဉ်များအနီး၌ပင် ရဟတ်ယာဉ် နှစ်စီးကိုလည်း အသင့်ထားပြန်ကြောင်း... ဓားစာခံများကို ယူဂန်ဒါ စစ်သားများနှင့် အကြမ်းဖက်သမားများ ရောနှော စောင့်ကြပ်သည့်သဘောပင် ဖြစ်ကြောင်း... ယူဂန်ဒါ စစ်သားများသည် လေဆိပ်ခန်းမဆောင် အတွင်းအပြင်သာမက... ဒုတိယအထပ်နှင့် အပိုင်စီးခံရသည့် ပြင်သစ်လေယာဉ်ကိုပါ တာဝန်ယူ စောင့်ကြပ်ပေးခဲ့ကြောင်း... လေယာဉ် အကြမ်းဖက်သမားများအဖို့ ပူပင်နေစရာမရှိပဲ သက်တောင့်သက်သာ နေထိုင်နိုင်သည်ကို တွေ့ရကြောင်းကိုပါ ပြောကြားသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆက်လက်ပြီး အစ္စရေး ကိုယ်စားလှယ်က ယူဂန်ဒါ စစ်တပ်က အကြမ်းဖက်သမားများအပေါ် အကြပ်ကိုင်ကာ အနိုင်ယူမည့် အနေအထားနှင့် သဘောထား ရှိနေသည်ကို လုံဝမတွေ့ရကြောင်း... သမ္မတအမင်သည် ဓားစာခံများအားလုံး လွတ်မြောက်ရေးအတွက် လုပ်ချင်စိတ်ရှိလျှင် လုပ်နိုင်သည့် အနေအထားတွင် ရှိနေကြောင်း ဓားစာခံတစ်ဦးဖြစ်သူ မဟာလန်ဒန် ကောင်စီမှ အရာရှိတစ်ဦးဖြစ်သူ မစ္စတာတိုနီရပ်စ်ဆယ်၏ ပြောစကားအရ သိရှိရကြောင်း...

အင်တက်ဘီ လေဆိပ်အရောက်တွင် အကြမ်းဖက်သမားများမှာ နာရီ (၃၀) ခန့် မအိပ်ရသည့်အပြင် လုံလောက်သော လက်နက်လည်း မရှိသဖြင့် ဓားစာခံများအား ကယ်ဆယ်လိုပါက သမ္မတအမင်အနေဖြင့် လေဆိပ် ရောက်လျှင်ရောက်ခြင်း လွယ်လွယ်ကလေးပင် ကယ်ဆယ်နိုင်မည်ဖြစ်ကြောင်း... အကြမ်းဖက်သမားများ၏ ခေါင်းဆောင်သည် ကာလတလျှောက်လုံး သမ္မတ အီဒီအမင်နှင့် တွဲဖက် နေထိုင်ခဲ့ကြောင်း၊ ယင်းအချက်ကို အစ္စရေးနိုင်ငံရှိ ဗိုလ်မှူးကြီး ဘာလက်ဖ်နှင့် သမ္မတအမင်တို့ တိုက်ရိုက် တယ်လီဖုန်း ပြောဆိုရာမှ သိရှိခဲ့ကြောင်း... ကိုပါ ထည့်သွင်းပြောသွားသည်။

ယခု ဓားစာခံများအား အင်တက်ဘီမှ ကယ်ဆယ်ခြင်းသည် (၁၉၇၆) ခု ဖေဖော်ဝါရီလအတွင်း၌ ဆိုမာလီ အကြမ်းဖက်သမားများက ဂျီဘောက်တီတွင် ကျောင်းသား ကလေးသူငယ်များကို ဓားစာခံအဖြစ် ဖမ်းဆီးထားသဖြင့် ပြင်သစ်အစိုးရက ကယ်တင်ခဲ့ရသည့် လုပ်ရပ်နှင့် တန်းတူပင် ဖြစ်ပေသည်။ အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု လုပ်ရပ်ကို ကုလသမဂ္ဂအနေဖြင့် ရှုတ်ချသင့်ပါသည်။ အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်လုပ်ငန်းရပ်အပေါ် တင်းတင်းမာမာ အရေးယူနိုင်ရေးအတွက် ပြတ်သားသော သဘောထား ထုတ်ပြန်သင့်ပါသည်။ အခြား နိုင်ငံများအနေဖြင့်လည်း အကြမ်းဖက်လုပ်ရပ်ကို တောထုတ် ပစ်တင်ရှုတ်ချ


www.burmeseclassic.com

www.burmeseclassic.com

အရေးယူသင့်သည့်အပြင် ပါဝင်ကူညီခဲ့သည့် နိုင်ငံများအပေါ်တွင်လည်း အလားတူပင် ရှုတ်ချသင့်ပါသည်ဟု တင်ပြပြန်လေသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် လက်ခုပ်သြဘာသံ လွှမ်းသွားလေတော့သည်။

အာဖရိက နိုင်ငံများအုပ်စုမှ ပြောရေးဆိုခွင့်ရှိသူ မော်ရီတေးနီးယား ကိုယ်စားလှယ် မောလေအယ်လ်ဟတ်စာက အစ္စရေးအပေါ် ရှုတ်ချရန် တိုက်တွန်း ပြောကြားပြန်သည်။ ယူဂန်ဒါအစိုးရသည် မိမိတာဝန်မရှိသော လေယာဉ်အပိုင်စီးခံရမှု ပြဿနာကို ပြေပြစ် ပြီးမြောက်သွားစေရန် အစွမ်းကုန် ကြိုးပမ်းခဲ့သည်သာ ဖြစ်ကြောင်း ရှင်းပြသွားသည်။

ကင်ညာကိုယ်စားလှယ် အက်ဖ်အမ်ကာစီနာက ကုလသမဂ္ဂ အတွင်းဝန်ချုပ် ကွတ်ဝေါဟိမ်းထံသို့ ကင်ညာအစိုးရ၏ တရားဝင်ပေးစာကို ပေးပို့ လိုက်သည်။ ယင်းစာတွင် ကင်ညာနိုင်ငံသည် အစ္စရေးတို့၏ အင်တက်ဘီ လေဆိပ်စီးနင်းမှုကို လုံးဝ ကူညီခဲ့ခြင်းမရှိကြောင်း၊ အစ္စရေး လေယာဉ်ပျံများအား နိုင်ရိုဘီလေဆိပ်သို့ သက်ဆင်းခွင့် ပြုခဲ့ခြင်းမှာလည်း ဆေးကုသခွင့် ခံယူနိုင်ရန်အတွက် နောက်ဆုံး မိနစ်ပိုင်းလောက်မှပင် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း ဖေါ်ပြပါရှိသည်။ ကင်ညာနိုင်ငံသည် ယူဂန်ဒါနိုင်ငံအား အာဏာသိမ်းခဲ့သည့် (၁၉၇၁) ခုနှစ်မှစ၍ ယူဂန်ဒါနိုင်ငံအား အစစအရာရာ ကူညီထောက်ပံ့ခဲ့သည်ဟု ဆိုသည်။ ယခုကိစ္စတွင် အစ္စရေးအား ကင်ညာနိုင်ငံက ကူညီခဲ့သည်ဆိုသည်မှာ လူမှုရေးသက်သက်ဖြစ်ကြောင်း၊ နိုင်ငံတကာ ဥပဒေဘောင်အတွင်း၌လည်း သက်ရောက်ကြောင်း ရှင်းပြထားသည်။

ထို့အပြင် ယူဂန်ဒါနိုင်ငံ ကင်ပါလာမြို့ရှိ ကင်ညာလူမျိုးများမှာ အင်တက်ဘီကိစ္စ ဖြစ်ပေါ်လာပြီးသည့် နောက်ပိုင်းတွင် ယူဂန်ဒါ စစ်သားများ၏ စနစ်တကျ သုတ်သင်မှုကို ခံနေကြရပြီး ဖြစ်ကြောင်းဖြင့်လည်း ကင်ညာနိုင်ငံခြားရေးဝန်ကြီး မွန်ယာ ဝီရာကီက ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ စာတစ်စောင် ပေးပို့တိုင်တမ်းပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com

အမေရိကန်ကိုယ်စားလှယ် ဝီလျံစကာရင်တန်ကမူ "အစ္စရေးတို့၏ အင်တက်ဘီ စစ်ဆင်ရေးမှာ သန်းပေါင်းများစွာသော လူအပေါင်းတို့ကို စိတ်လှုပ်ရှားစေခဲ့သည့်အနက် မိမိလည်း တစ်ဦးအပါအဝင် ဖြစ်ခဲ့ပါချေပြီ" ဟု ပြောကြားလိုက်သည်။ သံအမတ်ကြီး စကရင်တန်က ဆက်လက်ပြောကြားရာ၌ အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံကို ပူးတွဲတင်ပြထားသော အဆိုကို လုံခြုံရေး ကောင်စီအနေဖြင့် စဉ်းစားဆုံးဖြတ် ပေးစေလိုပါကြောင်း၊ လေယာဉ်အပိုင်စီး လုပ်ရပ်များကို ရှုတ်ချပြစ်တင်ရေး၊ ကာကွယ် တားဆီးနိုင်မည့် နည်းလမ်းများရှာဖွေရေးနှင့် ယင်း အကြမ်းဖက် လုပ်ငန်းရပ်အားလုံးကို အပြစ်ပေးရေးတို့အတွက် အဆိုပြုချက်ကို ထောက်ခံကြစေလိုကြောင်း ပြောကြားသွား လေသည်။ အမေရိကန် ဗြိတိန်အဆိုပြုချက်ကို ဗြိတိသျှသံအမတ်ကြီး အိုက်ဗာ ရစ်ချတ်က တင်သွင်းခဲ့သည်။

တန်ဇန်နီးယားသံအမတ် ဆလင်အေဆလင်ကလည်း ၄င်းနိုင်ငံနှင့် ဘီနင် - လစ်ဘီးယားနိုင်ငံတို့ ပူးပေါင်း အဆိုပြုချက်တစ်ရပ်ကို တင်ပြပြန်သည်။ ယင်းအဆိုပြုချက်မှာ အစ္စရေးတို့၏ ရန်လိုမှုကို ရှုတ်ချရန်ဖြစ်သည်။

ဤသို့အားဖြင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ရှေ့မှောက်၌ အဆိုပြုချက် နှစ်ရပ်မှာ အဆုံးအဖြတ်ခံရန် ရောက်ရှိခဲ့လေပြီ။ လေးရက်ကြာမျှ အပြန်ပြန်အလှန်လှန် ဆွေးနွေးကာ အကြောင်းအချက်အမျိုးမျိုးကို ပိုင်အောင်နိုင်အောင် ပြဆိုခဲ့ကြသော ယင်းအဆို နှစ်ရပ်စလုံးမှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေး၌ ဆုံးဖြတ်ချက် မချနိုင်ပဲ ဖြစ်ခဲ့ရလေသည်။ အမေရိကန် ပြည်ထောင်စုနှင့် ဗြိတိန်နိုင်ငံ၏ ပူးတွဲ အဆိုပြုချက်ကို အမေရိကန် ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် ဂျပန်နိုင်ငံများက မဲပေးလေသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဆိုဗီယက်ပြည်ထောင်စု၊ ဘီနင်၊ ပါကစ္စတန်၊ တန်ဇန်နီးယား၊ ဘစ်ဘီးယားနှင့် ဂူယာနာတို့ကမူ ဆန္ဒမဲပေးရာ၌ မပါဝင်ခဲ့ကြပေ။



www.burmeseclassic.com

www.burmeseclassic.com


## အကြမ်းဖက်အန္တရာယ်အသွယ်သွယ်

အကြမ်းဖက်သမားများနှင့် ရင်ဆိုင်ရပြီဆိုလျှင် ဘယ်တုန်းကမှ မသက်သာ... ရန်ညှိုးကလည်း ကြီးလှပေသည်။ ပါလက်စတိုင်း အမျိုးသားများမှာ မိမိတို့ ဆုံးရှုံး လက်လွှတ်ခဲ့ရသော မြေနေရာအတွက် လက်စားချေလိုစိတ် ပြင်းထန်နေသူများ ဖြစ်ကြသည်။

ပါလက်စတိုင်း လွတ်မြောက်ရေး အဖွဲ့ခေါင်းဆောင် အာရာဖတ်၏ စုစည်းမှု အောက်တွင် ပါလက်စတိုင်းအရေးအတွက် တိုက်ပေးမည့် နိုင်ငံအသီးသီးမှ လက်ဝဲဝါဒီ လူငယ်များက အားတက်သရော ပါဝင်လာကြသည်။ သို့သော်လည်း ပါလက်စတိုင်း အမျိုးသားအောက်ခြေပိုင်းကမူ ယင်းသို့ ပူးပေါင်းပါဝင်လာသော နိုင်ငံခြားသားများကို လိုလိုချင်ချင်မရှိလှ။

ပါလက်စတိုင်း အမျိုးသားများအဖို့ ငါ့မြေ၊ ငါ့နိုင်ငံ၊ ငါတို့အရေး... မင်းတို့အရေး မဟုတ်ဘူးဟု ပြောကြသည်။ ပြောသလောက်လည်း အခွင့်အရေးရတိုင်း အစ္စရေး နိုင်ငံကို နှောက်ယှက် တိုက်ခိုက်ခဲ့ကြလေသည်။ အစ္စရေးနိုင်ငံမှာ ပါလက်စတိုင်း ပြောက်ကျားများ၏ အကြမ်းဖက် အန္တရာယ်ကိုင်၄င်း၊ ပါလက်စတိုင်း ပြောက်ကျားများကို လိုလားသော နိုင်ငံခြားသားများ ပါဝင်သည့် အကြမ်းဖက်အုပ်စုများ၏ အန္တရာယ်ကို၄င်း၊ တစ်နေ့မဟုတ်တစ်နေ့ အမြဲတမ်း ကြုံတွေ့နေရပေသည်။

(၁၉၇၄) ခုနှစ်အတွင်းက ကုလသမဂ္ဂတွင် ပါလက်စတိုင်း လွတ်မြောက်ရေး လှုပ်ရှားမှုခေါင်းဆောင် ယာဆာအာရာဖတ် ပြောကြားခဲ့သော စကားတစ်ခွန်းမှာ အရေးကြီးလှပေသည်။ "ဂျူးလူမျိုးတို့သည် ယခု သူတို့နေရာဟု ပြောနေသော အစ္စရေးနိုင်ငံ မြေနေရာတွင် နေထိုင်နိုင်ခွင့် ရှိသူများမဟုတ်၊ အကယ်၍ နေထိုင်ဦးတော့၊


www.burmeseclassic.com

www.burmeseclassic.com
လူနည်းစုအဖြစ်သာ နေဖို့ဖြစ်သည်” ယင်းစကားရပ်နှင့် ပတ်သက်၍ ယခု အစ္စရေးနိုင်ငံ ဝန်ကြီးချုပ်ရာဘင်က မှတ်ချက်ပေးရာတွင်မူ ယင်းသို့ ပြောကြားခြင်းမှာ အစ္စရေးနှင့် ပါလက်စတိုင်း လွတ်မြောက်ရေးအဖွဲ့ (ပီအယ်လ်အို) တို့ စပ်ကြားတွင် သေသေ ကြေကြေ ဆင်နွှဲရမည့် စစ်ပွဲတစ်ပွဲကို စိမ်ခေါ်လိုက်ခြင်းသာ ဖြစ်ပေသည်ဟု ဆိုလိုက်သည်။

(၁၉၆၇) ခုနှစ် အစ္စရေးအာရပ် ခြောက်ရက်ကြာ စစ်ပွဲပြီးကတည်းက တစ်စတစ်စ အရှိန်ရလာသော အကြမ်းဖက်လုပ်ရပ်ကို နိုင်ငံရေး လက်နက်အဖြစ် အတုံးလိုက်၊ အတစ်လိုက် အသုံးချနေမှုသည်က မ္ဘာ့အရှေ့အလယ်ပိုင်း ပြဿနာ အတွက် ရှင်းလို့မလွယ် အမယ်ဘုတ်ကယ် သူ့ချည်ခင် ဖြစ်နေသည်။ တစ်စ ဆွဲလိုက်လျှင် တထွေးကြီး ပါလာတတ်သည်။ တစ်ခုခု ဖြစ်လာလျှင် အကျိုး သက်ရောက်ရာ အဝိက နိုင်ငံပတ်ဝန်းကျင် နိုင်ငံသာမက အင်အားကြီး နိုင်ငံများပါ တနည်းမဟုတ်တနည်း ယှက်နွှယ်ပါဝင်လာလေ့ရှိသည်။

အကြမ်းဖက်သမားများက မိမိတို့ ဆန္ဒရှိသည်ဆိုလျှင် အီဂျစ်သော၊ အစ္စရေးသော၊ ဆိုင်သူကော၊ မဆိုင်သူပါ ဘယ်သူ့ မျက်နှာမှ ကြည့်လေ့မရှိ။ လိုချင်တာကို အကြမ်းဖက်နည်းဖြင့် ရယူလေ့ ရှိခဲ့သည်ချည်းသာ ဖြစ်သည်။ အကြမ်းဖက်သမားများဆိုရာတွင် ပါလက်စတိုင်း အမျိုးသားများသာမက ၎င်းတို့ကို လိုလားသော နိုင်ငံပေါင်းစုံမှ လူငယ်များကလည်း စွန့်စွန့် စားစား မိုက်ရူးရဲ လုပ်ခဲ့သည်များလည်း ရှိခဲ့ပေသည်။ ပြင်သစ်ရဲတပ်ဖွဲ့ကမူ တပ်နီ အကြမ်းဖက်သမား များသည် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်လုပ်ငန်းများကို ပဲရစ်ပြင်ပ၌ ဆောင်ရွက်နေသော အဖွဲ့ဖြစ်သည်ဟု သတ်မှတ်ထားလေသည်။ တပ်နီ အကြမ်းဖက်သမားများ ဘယ်ကလာသနည်း။


www.burmeseclassic.com

www.burmeseclassic.com

(၁၉၇၀) ခုနှစ် ဂျပန် လေယာဉ်တစ်စင်းကို ပစ္စတိုများ၊ ဆာမူရိုင်းဓားများ ကိုင်ဆောင်ကာ အကြမ်းဖက် အပိုင်စီးပြီး မြောက်ကိုရီးယားနိုင်ငံသို့ ခေါ်ဆောင်သွားသော ဂျပန်လူငယ်တစ်စုကို အကြောင်းပြု၍ တပ်နီ အကြမ်းဖက်သမား (ရက်ဒ်အာမီ) ဟု ကမ္ဘာအနှံ့ အမည်တွင်သွားသည်။ ၄င်းတို့သည် ပါလက်စတိုင်း အကြမ်းဖက်သမားအုပ်စု ခေါင်းဆောင် ဂျော့ဟာဘရှ်နှင့် ဆက်သွယ်မှု ရှိခဲ့ကြသည်။ ရက်ဒ်အာမီလုပ်ရပ်တွေကို ကျုပ်တို့ လေးစားပါတယ်၊ တော်လှန်ရေးသမားတွေ အားလုံး လိုက်နာရအောင် ရှေ့ဆောင်နမူနာ ပြတာဖြစ်တယ်ဟု ဂျော့ဟာဘရှ်က မြွက်ကြားသွားသည်။ လက်လှမ်းမှီသလောက် အကြမ်းဖက်လုပ်ငန်းတွေ ဖော်ပြရမည် ဆိုလျှင် နည်းပင် မနည်းလှ။ အကြမ်းဖက်သမားများတွင် လူမျိုးကလည်း စုံလင်လှသည်။

မကြာသေးမီကလေးကပင် အစ္စရေးနိုင်ငံ ဘင်ဂူရီယံ လေဆိပ်တွင် အစ္စရေး လုံခြုံရေး အမျိုးသမီးလေးက ဒတ်ချ်လူမျိုး ကမ္ဘာလှည့်ခရီးသည် ဟူဂိုမူလာဆိုသူကို သင်္ကာမကင်း ရှိသဖြင့် လေယာဉ်မှ ဆင်းလျှင်လာခြင်း သီးသန့် ခွဲခြား ထားလိုက်ကြသည်။ ဟူဂိုမူလာသည် ဩစတေးလျ လေကြောင်းဖြင့် ဗီယာနာမှ တယ်လ်အဗစ်မြို့သို့ လိုက်ပါလာခြင်း ဖြစ်သည်။ ၄င်း၏ ပစ္စည်းများကို စစ်ဆေးရန် အထူးစမ်းသပ်ခန်းသို့ ခေါ်ဆောင်သွားရာ မူလာက ၄င်း၏ သေတ္တာကို ဖွင့်ပြလိုက်စဉ် ယူဆောင်လာသော ယမ်းဘီလူးများ ပေါက်ကွဲပြီး မူလာနှင့် အစ္စရေးလုံခြုံရေး အမျိုးသမီးတို့မှာ နှစ်ဦးစလုံး သေဆုံးသွားရလေသည်။ အခြား (၁၀) ဦးလည်း ဒဏ်ရာ ရရှိခဲ့ကြသည်။

ဤသို့အားဖြင့် အကြမ်းဖက်သမားများနှင့် ရင်ဆိုင်ရတိုင်း ပစ်မှတ်ဖြစ်သော အစ္စရေး အမျိုးသားများ၏ အသက်အိုးအိမ် စည်းစိမ်သည်၄င်း၊ အစ္စရေးအကျိုး စီးပွားနှင့် မည်သို့မျှ မသက်ဆိုင်သူများသည်၄င်း၊ ထိခိုက်နစ်နာမှုများ ဖြစ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

အကြမ်းဖက်သမားများ၏ လက်တွင်း ရောက်သူများအတွက် လွတ်လမ်း ဘယ်မမြင် ဖြစ်ခဲ့ရသည်က များလှချေပြီ။

ဤအခြေအနေမျိုးများကြောင့်ပင် ယူဂန်ဒါနိုင်ငံ အင်တက်ဘီ လေဆိပ်တွင် ဓားစာခံများအဖြစ် ဖမ်းဆီးခြင်းခံနေရသော အစ္စရေး နိုင်ငံသားများအား ကယ်တင်ရေးကို မဖြစ်နိုင်မှန်း သိရက်နှင့် အစ္စရေးတို့သည် ကြိုးစားပမ်းစား စွန့်စား ကယ်တင်ခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် မဖြစ်နိုင်သည်ကို ဖြစ်ခဲ့ရခြင်းဟု ဆိုလိုက်ရပေတော့သည်။

## အခန်း ( ၁၆ )

### ယူဂန်ဒါ နိုင်ငံ

ရီပတ်ဗလစ်အောဖ် ယူဂန်ဒါဟု ခေါ်သည်။ လူဦးရေမှာ (၁၉၇၄) ခုနှစ် ခန့်မှန်းခြေ စာရင်းအရ တဆယ့်တသန်းတသိန်းခွဲကျော် ရှိသည်။ မြို့တော်မှာ ကင်ပါလာဖြစ်သည်။ နိုင်ငံအကျယ်အဝန်းမှာ စတုရန်းမိုင် (၉၁၁၃၄) ရှိသည်။ နိုင်ငံ ရုံးသုံးဘာသာအဖြစ် အင်္ဂလိပ်စာကို အသုံးပြုသည်။ တိုင်းရင်းသား ဘာသာစကား အမျိုးမျိုး ရှိသည့်အနက် ဂန်ဒါသို့မဟုတ် ယူဂန်ဒါမှာ အသုံးများသော အရေးကြီးသော ဘာသာစကားဖြစ်သည်။ လူဦးရေ တစ်ဝက်လောက်မှာ ခရစ်ယာန်ဘာသာ ကိုးကွယ်သည်။ အစ္စလမ်ဘာသာဝင် ၁၆ ရာခိုင်နှုန်း ရှိသည်။

အာဖရိကတိုက် အရှေ့ပိုင်းတွင်ရှိပြီး နယ်နိမိတ်ချင်းကပ်နေသော နိုင်ငံများအဖြစ် မြောက်ဖက်တွင် ဆူဒန်နိုင်ငံ၊ အရှေ့ဖက်တွင် ကင်ညာနိုင်ငံ၊ တောင်ဖက်တွင် တန်ဇန်းနီးယား၊ အနောက်တောင်ဖက်တွင် ရဝမ်ဒါနှင့် အနောက်ဖက်တွင် ဇိုင်ယာနိုင်ငံ တည်ရှိသည်။ ယူဂန်ဒါ နိုင်ငံတစ်ခုလုံးတွင်


www.burmeseclassic.com

www.burmeseclassic.com

ပင်လယ်ရေပြင်ထက် ပေ (၄၀၀၀) ခန့်မြင့်သော ကုန်းပြင်မြင့်များဖြင့် ဖုံးလွှမ်းနေသည်။ တနိုင်ငံလုံး၏ ဧရိယာ (၁၈) ရာခိုင်နှုန်းသည် ရွှံ့နွံတောကြီးများ ရေအိုင်ကြီးများ ဖြစ်သည်။ ယူဂန်ဒါနိုင်ငံတွင် ကျော်ကြားလှသော ဝိတိုရိယ ရေအိုင်အပါအဝင် ဂျော့ရေအိုင်၊ အယ်လ်ဘာတ်ရေအိုင်နှင့် ဘက်ဒွတ်ရေအိုင်နှင့် ဂျိုကာရေအိုင်များ ရှိသည်။ တောင်ပိုင်းတွင် အများအားဖြင့် ထူထပ်သော တောအုပ်ကြီးများရှိပြီး မြောက်ပိုင်း၌မူ သဲကန္တာရဆန်ဆန် မြေအနေအထား ရှိလေသည်။ မြစ်ကြီးများမှာ ဝိတိုရိယနိုင်းလ်၊ အယ်လ်ဘာတ်နိုင်းလ်၊ အာစဝါပေဂျာ၊ နဖူးနှင့် ကတန်လာဖြစ်သည်။

## သမ္မတအီဒီအမင်

နိုင်ငံတော် အကြီးအကဲမှာ မေဂျာဂျင်နရယ် အီဒီအမင် ဖြစ်သည်။ (၁၉၇၁) ခုနှစ် ဇန်နဝါရီလ (၂၅) ရက်နေ့တွင် နိုင်ငံ၏သမ္မတဖြစ်သူ မီလ်တန်အိုဘိုတေထံမှ အာဏာ သိမ်းယူခဲ့သည်။ ထိုစဉ်က သမ္မတအိုဘိုတေမှာ စင်္ကာပူနိုင်ငံသို့ အလည် ရောက်ရှိနေခိုက် ဖြစ်သည်။ သမ္မတအီဒီအမင်သည် (၁၉၂၆) ခုနှစ်တွင် မွေးဖွားခဲ့သူ ဖြစ်သည်။ ကြက်ဥအရောင် တိမ်တောင်သဖွယ် မင်းရေးကျယ် ဆိုသကဲ့သို့ သမ္မတကြီး အီဒီအမင်မှာ အကဲခတ်ရ ခက်လှသူတစ်ဦး ဖြစ်သည်ဟု ဆိုကြသည်။ အနောက်နိုင်ငံ စာနယ်ဇင်းများကမူ "မာကြူရီယန်အမင်" သို့မဟုတ် "ပြဒါးရှင်အမင်" ဟု ကင်ပွန်းတပ်လေ့ ရှိသည်။ အချို့ကမူ "ဖေဖေကြီး" ဟု ချစ်စနိုး ခေါ်ကြသည်။

သမ္မတကြီး အမင်သည် တချိန်က ဗြိတိသျှလက်အောက်ခံ ယူဂန်ဒါနိုင်ငံ၏ အမှတ် (၄) ဘုရင့် အာဖရိကရိုင်ဖယ်တပ်တွင် အမှုထမ်းခဲ့ဘူးသူ ဖြစ်သည်။ ပြဒါးရှင် အမင်ဟု အမည်တွင်သည်မှာလည်း အကြောင်းရှိပေသည်။ သာဓကတစ်ခု လွယ်လွယ် ပြရမည်ဆိုလျှင် (၁၉၇၅) ခုနှစ်အတွင်းက ယူဂန်ဒါ ထောင်အတွင်း၌ ရက်ပေါင်း (၁၀၁) ရက်တိုင်တိုင် သေရမည့်ရက်ကို စောင့်ဆိုင်း ရင်ဆိုင်နေရသော ဗြိတိသျှစာရေးဆရာ ဒင်းနစ်ဟီးလ်ကြောင့်ပင် ဖြစ်သည်။ ဒင်းနစ်ဟီးလ်၏ အပြစ်မှာ"ဗီးလစ်ချ်တိုင်းရွှန်"

www.burmeseclassic.com

www.burmeseclassic.com

သို့မဟုတ် "ကျေးလက် လက်မရှိ အာဏာရှင်" ဟူသော စာအုပ်ကို ရေးသားခဲ့ခြင်းကြောင့်ပင် ဖြစ်သည်။

စာရေးဆရာ ဒင်းနစ်ဟီးလ်၏ အသက်ကို လွတ်ငြိမ်းခွင့်ပေးရန် ဗြိတိသျှ အစိုးရက သမ္မတအီဒီအမင်နှင့် ဆက်သွယ် ဆောင်ရွက်ချက်မှာ များစွာ စိတ်ဝင်စားဖွယ်ရာပင် ဖြစ်လေသည်။ ဗြိတိသျှဘုရင်မ အဲလစ်ဇဘက်ထံမှ ဒင်းနစ်ဟီးလ်အား ပြစ်ဒဏ် လွတ်ငြိမ်းခွင့်ပေးရန် ပန်ကြားစာကို ယူဆောင်၍ တချိန်က သမ္မတကြီးအမင် အမှုထမ်းခဲ့ဘူးသည့် အမှတ် (၄) ဘုရင့် အာဖရိက ရိုင်ဖယ်တပ်တွင် စစ်မှူးဖြစ်ခဲ့သူ လက်ဖနင်ဂျင်နရယ် ဆာချန်ဒေါ်စ်ဘလိုင်ယာနှင့် ဗိုလ်မှူးကြီး အီယန်ဂရေယန်တို့သည် ဗြိတိနိုင်ငံမှ ယူဂန်ဒါနိုင်ငံသို့ လာရောက်ခဲ့သည်။

သမ္မတကြီး အမင်မှာ ကျေနပ်နစ်သိမ့် ရွှင်ပြုံးစွာဖြင့် လက်ခံကြိုဆိုသည်။ စစ်တပ်တွင် အတူတကွ အမှုထမ်းခဲ့ဘူးသော ရဲဘော်နှစ်ဦးအား သမ္မတ၏ ကျေးရွာစံအိမ်သို့ ဖိတ်ခေါ်ပြီး လှံတံနှင့် လေးမြှားတို့ကို လက်ဆောင်အဖြစ် ပေးအပ်လေသည်။ ဂျင်နရယ် ဘလိုင်ယာကို လက်ညှိုးထိုး၍ ညွှန်ပြလိုက်ပြီးနောက် "ဒီပုဂ္ဂိုလ်ကို ကျုပ် အလွန်ခင်မင်ပါတယ်။ သူ့ကြောင့်သာပေါ့၊ နို့မဟုတ်ရင် ခုလောက်ရှိ ဒင်းနစ်ဟီးလ် သေတာကြာလှပြီးပေါ့" ဟု ပြောကြားလိုက်သည်။ ဒင်းနစ်ဟီးလ်အပေါ်တွင် သေဒဏ် အမိန့် ချမှတ်ထားခြင်းကို အချိန်အကန့် အသတ်မရှိ ရွှေ့ဆိုင်းငံ့ထားပေးမည်ဟု ဆိုသည်။

သို့သော်...သို့သော်...

(၂၄) နာရီ ကြာလေသောအခါ သမ္မတကြီးအမင်၏ သွင်ပြင် ဟန်ပန် လက္ခဏာမှာ လုံးဝ ပြောင်းလဲသွားလေတော့သည်။ တစ်ချိန်က ယူဂန်ဒါနိုင်ငံ၏ အရှင်ဖြစ်ခဲ့သူ ဗြိတိသျှတို့အား တလျှောက်လုံး ဆန့်ကျင်ခဲ့သူ သမ္မတကြီးအမင်၏ အမူအရာမှာ ခါတိုင်းကထက်ပင် ပို၍ ဆိုးလာသည်။ သမ္မတကြီး အမင်သည်



www.burmeseclassic.com

www.burmeseclassic.com

ယမန်နေ့က ကြည်ကြည်နူးနူး ရွှင်ရွှင်ပြုံးပြုံး လက်ခံတွေ့ဆုံသော လက်ဖတင်နင်ဂျင်နရယ်ဘလိုင်ယာကို ကင်ပါလာမြို့တော်ရှိ သမ္မတကြီးအမင်၏ ဌာနချုပ်သို့ ခေါ်ယူပြီး ဗြိတိသျှ နိုင်ငံခြားရေးအတွင်းဝန် ဂျိမ်းစ်ကာလာဟန်ကိုယ်တိုင် ယူဂန်ဒါနိုင်ငံကိုမှ လာရောက် မဆွေးနွေးလျှင် ဗြိတိသျှစာရေးဆရာ ဒင်းနစ်ဟီးလ်မှာ ဇူလိုင် (၄) ရက်နေ့တွင် သေရစေမည်ဟု ခပ်ပြတ်ပြတ်ပင် အဖြေပေးလိုက်လေသည်။ ဒင်းနစ်ဟီးလ်အား သေဒဏ်ပေးခြင်းကိစ္စနှင့် ပတ်သက်၍ ဗြိတိသျှ အစိုးရက မူလက သမ္မတကြီး အမင်အား အမျိုးမျိုးချဉ်းကပ် မေတ္တာရပ်ခံခဲ့ရာတွင် သမ္မတကြီး အမင်က ဗြိတိသျှ နိုင်ငံခြားရေး အတွင်းဝန်ကိုယ်တိုင် ယူဂန်ဒါနိုင်ငံသို့ လာရောက်ရမည်ဟု တောင်းဆိုခဲ့ဘူးသည်။

ယခုလည်း ထိုအချက်ကိုပင် အစ ပြန်ကောက်လိုက်ခြင်း ဖြစ်လေသည်။ လက်ဖတင်နင်ဂျင်နရယ် ဘလိုင်ယာသည် သမ္မတကြီး အမင်၏ ကျေးလက်စံအိမ်တော်သို့ သွားရောက်ရာတွင် သမ္မတကြီး ရှေ့မှောက်၌ ဒူးထောက်ခဲ့သည် ဆိုသော ယူဂန်ဒါရေဒီယိုမှ ကြေညာချက်ကို ကြားထားနှင့်ပြီ ဖြစ်သော လက်ဖတင်ဂျင်နရယ် ဘလိုင်ယာအဖို့ ခုလုခုလု ဖြစ်ခဲ့ရာမှ ယခုကဲ့သို့ သမ္မတကြီးအမင်၏ အဖြေကို ကြားရလေသောအခါ နှစ်ဦးသားအကြား စကားစစ်ထိုးပွဲ ဖြစ်ပွားပြီး ဂျင်နရယ်ဘလိုင်ယာသည် သမ္မတကြီး အမင်ရုံးခန်းမှ စိတ်ဆိုးမာန်ဆိုး ထွက်ခွာသွားတော့သည်။

သမ္မတကြီး အမင်ရှေ့၌ ဒူးထောက်ရမည် ဆိုခြင်းကိုလည်း အကြောက်အကန် ငြင်းဆို ကန့်ကွက်ခဲ့သည်။ အမှန်မှာ သမ္မတအမင်၏ ကျေးလက်စံအိမ် အဝင်ဝမှာ ခပ်နိမ့်နိမ့် လုပ်ထားသဖြင့် မည်သူမဆို ဒူးမထောက်ပဲနှင့် ဝင်မရ၊ ဒူးထောက်၍ ဝင်မှသည် သမ္မတစံအိမ်အတွင်းသို့ ရောက်နိုင်သည်ဟုသည်။ စိတ်ဆိုးမာန်ဆိုးဖြင့် ထွက်ခွာသွားသော ဂျင်နရယ် ဘလိုင်ယာအား ဆင်ဝင်ပေါ်မှနေ၍ သမ္မတအမင်က



www.burmeseclassic.com

www.burmeseclassic.com

ဒေါသတကြီးဖြင့်ပင် အော်ပြောလိုက်ပြန်သည်။ “ဒါမျိုးကို ခင်ဗျားတို့ တိုင်းပြည်မှာသာ လုပ်လို့ရမယ်၊ ယူဂန်ဒါမှာ လုပ်လို့မရဘူး” သတင်းစာ ဆရာများနှင့် တွေ့ဆုံပြန်တော့လည်း “သူက ကျုပ်ကိုအမိန့်ပေးဖို့ ကြိုးစားနေတာ” ဟု သမ္မတအမင်က ကုလားထိုင်လက်ရမ်းကို လက်သီးဆုပ်ကြီးဖြင့် ထု၍ထု၍ ပြောချလိုက်သည်။

“ဒီကနေ့အထိ သူတို့ကိုယ်သူတို့ ယူဂန်ဒါနိုင်ငံရဲ့ အရှင်သခင်တွေလို့ ထင်နေတုန်းဗျ၊ ခုတောင်ကြည့်လေ၊ ဘုရင်မကြီးဆီကိုပေးတဲ့ ကျုပ်ရဲ့ပြန်စာကို ကြမ်းပြင်ပေါ်မှာ ပစ်ချသွားပြီး ဒင်းနစ်ဟီးလ်ကိုစွ မပြေလည်ရင် ဗြိတိန်နိုင်ငံက စစ်ရေးအရ ကိုင်မယ်လို့ ခြိမ်းခြောက်သွားသေးတယ်၊ ကျုပ်တို့က သူတို့ ခြေထောက်ကို ဆေးရမဲ့ သူတွေလို့ အောင့်မေ့တုန်း” ယင်းနောက် သမ္မတကြီး အမင်သည် ယူဂန်ဒါ စစ်ဦးစီး အရာရှိများဖက်သို့ လှည့်လိုက်ပြီး “မင်းတို့ တပ်တွေရှိရာ ပြန်သွားကြ၊ တပ်တွေကို နယ်စပ်ရွှေ့ကြ၊ စစ်ရေးလှုပ်ရှားမှုအတွက် တပ်လှန့်တာပဲ” ဟု အမိန့် ပေးလိုက်လေသည်။

“လစ်ဘီးယားနိုင်ငံကို ဆက်သွယ်ကြ၊ ဒီကို စစ်လေယာဉ်ပျံတွေ အမြန်ဆုံးပို့ဖို့ လစ်ဘီးယားကို ပြောလိုက်” သမ္မတကြီး အမင်သည် ကွန်မန်ဒိုယူနီဖေါင်းကို ဝတ်ဆင်ပြီး ကင်ပါလာ အပြည်ပြည်ဆိုင်ရာဟိုတယ်သို့ ချက်ခြင်း သွားရောက်ကာ နိုင်ငံခြား သတင်းစာဆရာများကို ပြည်ပသို့ ထွက်ခွာသွားရန် အမိန့်ချက်ခြင်း ထုတ်ပြန်လိုက် လေသည်။ ကင်ညာနိုင်ငံကိုလည်း ဗြိတိသျှတို့က ယူဂန်ဒါနိုင်ငံကို တိုက်ခိုက်နိုင်ရန် စစ်အခြေစိုက်စခန်းများ ခွင့်ပြုရကောင်းလားဟု စွပ်စွဲလိုက်ပြန်သည်။ ကင်ညာနိုင်ငံကမူ ထိုစွပ်စွဲချက်မှာ အခြေအမြစ်မရှိဟု ငြင်းဆိုလိုက်သည်။

ထိုအချိန်က ယူဂန်ဒါနိုင်ငံအတွက် ဆိုဗီယက် လက်နက်ပစ္စည်းများကို ကင်ညာနိုင်ငံ မွမ်ဘာဆာ ဆိပ်ကမ်းမှတဆင့် သယ်ယူ ပေးပို့နေဆဲ ကာလလည်း



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ပေသည်။ အခြား အာဖရိကနိုင်ငံများကလည်း ယူဂန်ဒါ သမ္မတကြီး အမင်၏ လုပ်ရပ်ကို ကန့်ကွက် ပြစ်တင်ကြလေသည်။ ယူဂန်ဒါနိုင်ငံ ကင်ပါလာမြို့တော်၌ ကျင်းပမည့်ဆဲဆဲ ဖြစ်သော အိုအေယူ ထိပ်သီးညီလာခံကို သပိတ်မှောက်မည်ဟု ခြိမ်းခြောက်ကြလေသည်။ စာရေးဆရာ ဒင်းနစ်ဟီးလ်အပေါ်တွင် ပြစ်ဒဏ်မှလွတ်ငြိမ်း ခွင့်ပြုရန် ပန်ကြားရင်း အကြပ်ကိုင်ကြလေသည်။

ကင်ပါလာတွင် အိုအေယူ ထိပ်သီးညီလာခံ ကျင်းပလျှင် သမ္မတအမင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရမည်သာ ဖြစ်လေသည်။ လန်ဒန်တွင်မူ ထိုစဉ်က ဝန်ကြီးချုပ် အဖြစ် ဆောင်ရွက်နေသူ မစ္စတာဝီလ်ဆင်က ဗြိတိန်ယူဂန်ဒါ ဆွေးနွေးပွဲအသစ် ပြန်လည် စတင်နိုင်ရန် စီစဉ်ပြီး လမ်းခင်းသော စာတစ်စောင်ကို သမ္မတအမင်ထံ ပေးပို့ခဲ့လေသည်။ နောင်သောအခါတွင် ဗြိတိန် နိုင်ငံခြားရေးအတွင်းဝန် ဂျိမ်းစ်ကာလာဟန်ကိုယ်တိုင် ယူဂန်ဒါနိုင်ငံသို့ လာရောက်ရပြီး သမ္မတအမင်နှင့် ဆွေးနွေးခဲ့လေသော အခါမှ စာရေးဆရာ ဒင်းနစ်ဟီးလ်ကို သေဒဏ်မှ လွတ်ငြိမ်းခွင့် ပေးလိုက်လေသည်။ ထိုအဖြစ်အပျက်ကား (၁၉၇၅) ခုနှစ် ဇူလိုင်လအတွင်းက ကမ္ဘာ ကျော်ခဲ့သော အရေးအခင်းတစ်ခု ဖြစ်ပေသည်။

(၁၉၇၄) ခုနှစ် ကုန်ခါနီးကလည်း ယူဂန်ဒါနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး တိုရိုမင်းသမီး အဲလစ်ဇဘက်ကို ရာထူးမှ ထုတ်ပယ်ခဲ့ဘူးပြန်သည်။ ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီး ဖြစ်သူ တိုရိုမင်းသမီး အဲလစ်ဇဘက်သည် နယူးယောက်မြို့မှ ကုလသမဂ္ဂ ညီလာခံတက်ပြီး ပြန်အလာတွင် ပဲရစ်မြို့ အော်လီလေဆိပ်၌ ဥရောပတိုက်သားတစ်ဦးနှင့် ချစ်ကျွမ်းဝင်ရကောင်းလားဟု သမ္မတအမင်က စွပ်စွဲခဲ့ခြင်း ဖြစ်သည်။ သမ္မတကြီး အမင်သည် နိုင်ငံရေးပရိယာယ် ကြွယ်ဝသူဟုပင် မှတ်ချက် ပြုရလေမလားမသိ။


www.burmeseclassic.com

www.burmeseclassic.com



## အကြမ်းဖက်လုပ်ငန်းဆန့်ကျင်ရေး

အစ္စရေးတို့က မိမိနိုင်ငံသားများ၏ အသက်အန္တရာယ်ဖြစ်မည့် ဘေးမှ ကယ်ရန် နည်းမျိုးစုံဖြင့် ကြိုးစားမရတော့သည့်အတွက် လျှပ်တပြက် စစ်ဆင်ရေးဖြင့် ကယ်တင်ခဲ့သည့် ပြဿနာမှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအထိပင် ရောက်ခဲ့ရပေပြီ။ အစ္စရေး ကွန်မန်ဒိုတပ်များက အင်တက်ဘီ လေဆိပ်၌ တိုက်ခိုက်ခဲ့သည်ကို လုံခြုံရေးကောင်စီ၌ ဆွေးနွေးပြီးပေပြီ။ တိကျသော ဆုံးဖြတ်ချက်နှင့် ရလဒ် ဘာတစ်ခုမှ တိတိကျကျ မရခဲ့၊

သို့သော် ဆွေးနွေးပွဲတွင် ပါဝင်သူအားလုံးက အကြမ်းဖက်မှု လုပ်ငန်းတွင် မိမိတို့နှင့် မည်သို့မျှ မပတ်သက်ကြောင်း ထုတ်ဖော် ပြောကြားကြသည်မှာ အမြတ်ပင် ဖြစ်လေသည်။ ဘစ်ဘီးယားကဲ့သို့သော နိုင်ငံကပင်လျှင် အကြမ်းဖက်မှု လုပ်ရပ်အပေါ် ဆန့်ကျင်သော သဘောထားပြသကာ လုံခြုံရေးကောင်စီ၌ ပြောကြားခဲ့လေသည်။

ဤသို့အားဖြင့် (၁၉၇၆) ခုနှစ် ဆောင်းဦးပေါက်တွင် ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် နိုင်ငံတကာဆိုင်ရာ အကြမ်းဖက်မှု ဆန့်ကျင်ရေး သဘောတူညီချက်တစ်ရပ် ရယူဖို့ရန် အလားအလာကောင်းတစ်ရပ် ဖြစ်ပေါ်လေပြီဟု ကုလသမဂ္ဂ အတွင်းဝန်ချုပ် မစ္စတာကွတ်ဝေါ်ဟိမ်းက ပြောကြားလိုက်လေသည်။ အင်တက်ဘီမှ လေယာဉ်ခရီးသည်များအား လျှပ်တပြက် ကယ်ဆယ်ရေးကိစ္စ ဖြစ်ပွားခဲ့ပြီးသည့် နောက်ပိုင်းတွင် လေယာဉ် အပိုင်စီးခံရမှုအတွက် လုံခြုံရေးစီမံချက် ခါးပတ်တင်းသည့် အစီအစဉ်ကို နိုင်ငံ တော်တော်များများက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် လုပ်ကိုင်လာကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိလစ်ပိုင်နိုင်ငံ၌ လေဆိပ်အသီးသီးတွင် လေယာဉ်အပိုင်စီးခံရမှု ကာကွယ်ရေး စီမံချက်များကို တင်းတင်းကြပ်ကြပ် ချမှတ်ထားပြီ ဖြစ်ကြောင်းဖြင့် ဖိလစ်ပိုင်နိုင်ငံ လေတပ်မတော် အကြီးအကဲ ဘရေးဂေးဒီးယာဂျင်နရယ် ဆယ်မြူရယ်စမီယန်တို့က (၁၉၇၆) ခုနှစ် ဇူလိုင် (၁၆) ရက်နေ့တွင် မနီလာမြို့တော်၌ ထုတ်ဖော် ပြောကြားလိုက်လေသည်။ ယင်းစီမံချက်များအနက် လေယာဉ်ဆင်းသက်ရာတွင် ဖြစ်စေ၊ လေယာဉ် ပျံသန်းထွက်ခွာရာတွင် ဖြစ်စေ၊ လေယာဉ်ပြေးလမ်းကြောင်း (ဂ) ကွေ့တွင် သံချပ်ကာယာဉ်နှင့် စစ်သားများ အသင့်အနေအထားဖြင့် စောင့်ကြပ်နေစေခြင်း၊ ခရီးသည်များအား အချက်အချာ အကျဆုံးသုံးနေရာတွင် ရှာဖွေခြင်း၊ ခရီးသည်များအား လိုရာသို့ ခရီးဆက်ခွင့်မပြုမီ သီးသန့် နေရာ၌ ထားရှိခြင်းတို့ ပါဝင်ကြောင်း သိရပေသည်။

ဖိလစ်ပိုင်နိုင်ငံ လေဆိပ်များအနက် အထူးသဖြင့် တောင်ပိုင်းဒေသ လေဆိပ်များ၌ ပိုမိုတင်းကြပ်စွာသော စီမံချက်များ ပြုလုပ်ထားကြောင်း သိရပေသည်။ မနီလာမြို့ လေဆိပ်တွင် (၁၉၇၆) ခုနှစ် မေလ (၂၃) ရက်နေ့က လေယာဉ်အပိုင်စီးမှု တစ်မှု ဖြစ်ပွားခဲ့ရာ တိုက်ခိုက်ရေး တပ်ဖွဲ့ဝင်များက အပိုင်စီးခံရသော လေယာဉ်ဆီသို့ အတင်းဝင်ရောက် ပစ်ခတ်သဖြင့် လေယာဉ်အပိုင်စီး အကြမ်းဖက်သမား (၆) ဦးအနက်မှ သုံးဦး သေဆုံးခဲ့ရပြီး ခရီးသည် (၁၀) ဦးပါ အသက်ဆုံးရှုံးမှု ဖြစ်ပွားခဲ့ရသည်။ ကျန်ခရီးသည် (၂၂) ဦးမှာလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။

အင်တက်ဘီ လေဆိပ်မှ အစ္စရေး ဓားစာခံများ၏ အသက်ကို လျှပ်တပြက် စစ်ဆင်ရေးဖြင့် ကယ်တင်ခဲ့မှုသည် ကမ္ဘာတစ်ဝှန်းလုံး ခြောက်ခြား စိုးရိမ်နေရသော အကြမ်းဖက်မှုလုပ်ငန်း အရပ်ရပ်ကို ချုပ်ငြိမ်းစေရေးအတွက် ပထမအဆင့် အုတ်မြစ် ဖြစ်ခဲ့ရသည်ဆိုသော ကောင်းလေစွဟု သတ်မှတ်ရတော့မည် ဖြစ်ပေသည်။

မောင်မောင်ညွန့်



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com